# ကြေးမုံ

*The Mirror Daily*

Established in 1957


**အမြဲတည်ခြင်းသည် မရှိချေ**

**အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သော သဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ)**

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)


၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့။ | Sunday 22 December 2019 | ၉၈၇၁


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ခရစ္စမတ်ပွဲတော်နှင့် ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့ ခရစ္စမတ်အထိမ်းအမှတ် ဖယောင်းတိုင်များကို မီးထွန်းညှိပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ယနေ့ညနေ ၅ နာရီတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ နေအိမ်၌ ကျင်းပသည့် ခရစ္စမတ်ပွဲတော်နှင့် ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များ၊ သိက္ခာတော်ရ ဆရာတော်များ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**




ကြေးမုံ

# ပြည်သူများ၏မျှော်လင့်ချက်ကို ဖော်ဆောင်

ပြည်သူများ ရောင်းဝယ်ဖောက်ကားရေးလုပ်ငန်း ဆောင်ရွက်မှုမှအစ နေ့စဉ်နှင့် အမျှ မဖြစ်မနေကိုင်တွယ်သုံးစွဲကြရသည့် ကြားခံပစ္စည်းတစ်မျိုးမှာ ငွေစက္ကူ ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဘီစီရှစ်ရာစုနှစ်ခန့်မှ စတင်ပြီး ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများ သွန်းလုပ်၍ တန်ဖိုးကိုအစိုးရက အသိအမှတ်ပြုသည်ဟု စာတန်းခတ်နှိပ်ပြီးလျှင် ကူးသန်းရောင်းဝယ်မှုတွင် အသုံးပြုခဲ့ကြသည်။

ထိုရှေးရှေးကာလမှစ၍ ကြားခံပစ္စည်း ရွှေ၊ ငွေ၊ ကြေးတို့၏ အစိုးရအသိအမှတ်ပြုအမှတ်တံဆိပ်တို့ကို ထိုခေတ်ကာလ ပြည်သူအများကြည်ညိုလေးစားတန်ဖိုးထားသည့် နိုင်ငံ့ဦးသျှောင် ဘုရင်၊ ခေါင်းဆောင်၊ အမျိုးသားခေါင်းဆောင်တို့၏ ရုပ်ပုံများကိုအသုံးပြုခဲ့ကြသည်။ မြန်မာနိုင်ငံတွင်လည်း ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး ငွေကြေးပစ္စည်းများသုံးစွဲခဲ့ကြသည်။ နိုင်ငံ့ဦးသျှောင်ပုံကိုသုံးစွဲခြင်းထက် နိုင်ငံအထွတ်အမြတ်ထားရာ ဒေါင်းတံဆိပ်အမှတ်အသားများ သုံးစွဲခဲ့ကြသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသောအခါ ငွေအကြွေများကို နီကယ်ဖြင့် ပြုလုပ်ပြီး ခေါင်းဘက်တွင် ခြင်္သေ့ပုံနှင့်ပန်းဘက်တွင် ငွေကြေးတန်ဖိုးနှင့် ခုနှစ်ကိုဖော်ပြထားသည်။ ၁၉၅၂ ခုနှစ်တွင် ငွေကြေးအသစ်သုံးစွဲမှုကို စတင်ခဲ့ပြီးနောက် ၁၉၅၃ ခုနှစ်တွင် ခြင်္သေ့ပုံပါငွေအကြွေစနစ်ကို ရပ်ဆိုင်းခဲ့သည်။ အသစ်ထုတ်ဝေသောငွေစက္ကူများတွင် ဥဒေါင်းပုံရေစာများပါရှိပြီး ၁၉၅၈ ခုနှစ် ဒုတိယအကြိမ်ထုတ်ဝေသောအခါ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်ပုံများ ၁၉၈၈ ခုနှစ် မတိုင်မီကာလအထိ ပါရှိခဲ့သည်။

ထို့နောက် ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်ပုံများ ပျောက်ကွယ်ခဲ့ပြီး ခြင်္သေ့ရုပ်ပုံပါသည့် ငွေစက္ကူများကို ယနေ့ထက်တိုင် ကိုင်တွယ်အသုံးပြုလျက်ရှိရာ အများပြည်သူတို့က ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငွေစက္ကူများအသုံးပြုလိုသည့် သဘောဆန္ဒများရှိနေကြသည်။ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငွေစက္ကူများ အသစ်ထပ်မံရိုက်နှိပ်ထုတ်ဝေရန်အတွက် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်ကပြုလုပ်သော ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အဆိုတင်သွင်းခဲ့ဖူးရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေစက္ကူများထပ်မံထုတ်ဝေရန်ရှိသောအချိန်၌ အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေရှိမည့်ပုံများ ရိုက်နှိပ်ထုတ်ဝေသွားမည်ဟု ရှင်းလင်းတင်ပြခဲ့ဖူးသည်။

ယခု ပြည်သူ့အစိုးရတာဝန်ယူသောအချိန်အခါတွင် ပြည်သူများမျှော်လင့်တောင့်တခဲ့သည့် ငွေစက္ကူအိပ်မက်အကောင်အထည်ပေါ်လာပြီဟု ဆိုရမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငွေစက္ကူအသစ်များ ယခုနှစ်ကုန်တွင် ရိုက်နှိပ်ထုတ်ဝေရန်စီစဉ်နေကြောင်း ပြောကြားခဲ့သည်။ ယခုဒီဇင်ဘာလ ၂၀ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ပုံဖြင့် ငွေစက္ကူပုံစံသစ်အမျိုးမျိုးကို ထုတ်ဝေရန်ဆောင်ရွက်လျက်ရှိရာ တစ်ထောင်ကျပ်တန်ငွေစက္ကူပုံစံအသစ်ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်(လွတ်လပ်ရေးနေ့)တွင် စတင်ထုတ်ဝေမည်ဖြစ်ကြောင်း တရားဝင်အသိပေးပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငွေစက္ကူအသစ်ကို ထုတ်ဝေလိုက်ခြင်းသည် ပြည်သူများ၏မျှော်လင့်ချက်ဆန္ဒများကို ဖြည့်ဆည်းပေးလိုက်ခြင်းဖြစ်ပြီး ငွေကြေးဖောင်းပွမှုနှင့် သက်ဆိုင်ခြင်းမရှိသည့်အပြင် ပုဂ္ဂိုလ်ရေးအရသော်လည်းကောင်း၊ အမှတ်အသားအရသော်လည်းကောင်း ရည်ရွယ်ဆောင်ရွက်ခြင်းမဟုတ်ဘဲ နိုင်ငံ့အကျိုးကို ရှေးရှုဆောင်ရွက်ခြင်းသာဖြစ်သည်။ လက်ရှိသုံးစွဲနေသော တစ်ထောင်ကျပ်တန်ငွေစက္ကူများသည်လည်း တရားဝင်ငွေအဖြစ်ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး ကျန်ရှိနေသေးသော ငွေစက္ကူများတွင်လည်း အလျဉ်းသင့်သလို ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံလွှာများပါရှိလာမည်ကို မျှော်လင့်နေကြမည်ဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပုံပါ ကျပ်တစ်ထောင်တန် ငွေစက္ကူအသစ်ထုတ်ဝေလိုက်ခြင်းသည် နိုင်ငံတိုင်းနိုင်ငံတိုင်းတွင် သုံးစွဲနေကြသော ငွေကြေးအစဉ်အလာအတိုင်း မိမိတို့ကိုင်တွယ်သုံးစွဲနေကြသော ငွေကြေးဂုဏ်ဒြပ်ကို မြှင့်တင်ခြင်းနှင့် ပြည်သူများမျှော်လင့်တောင့်တခဲ့ကြသော ငွေကြေးအိပ်မက်တစ်ခုကို ဖော်ဆောင်ပေးလိုက်ခြင်းလည်းဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ၂၀၂၀ ပြည့်နှစ်၊ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊
၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောလုပ်ငန်းစဉ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို ဦးစားပေးလုပ်ဆောင်ရေး၊
၃။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊
၄။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ တာဝန်သိစိတ်နှင့်အရည်အသွေးမြင့်မားလာစေမည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးတည်ဆောက်ရေး၊
၅။ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေး၊

## ၂၀၁၉ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ(တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ပါဝင်ဆင်နွှဲ

**ရန်ကုန် ဒီဇင်ဘာ ၂၁**



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် တစ်နိုင်ငံလုံး တစ်မျိုးသားလုံး အမျိုးသားအားကစားစိတ်ဓာတ် အပြည့်အဝဖြင့်ပြည်သူလူထုတစ်ရပ်လုံး လှုပ်ရှားပါဝင်ဆင်နွှဲစေရန် ရည်ရွယ်၍ ဒီဇင်ဘာလူထုအားကစားလ တတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး မြို့မကျောင်းလမ်းနှင့် စကားဝါလမ်းဆုံမှ စတင်တာထွက်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် (အား/ကာ) ခရိုင်/မြို့နယ် အရာရှိများ၊ ဖိတ်ကြားထားသူများ၊ မြို့နယ်ပေါင်းစုံမှ ပြည်သူလူထုများ၊ အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအက ကျောင်းသူလေးများနှင့်အတူ တပျော်တပါး စုပေါင်းလမ်းလျှောက်ပွဲကို ပါဝင်ဆင်နွှဲခဲ့ကြသည်။

### စတင်တာလွှတ်

ရှေးဦးစွာ တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးခဲ့ရာ စုပေါင်းလမ်းလျှောက်ပွဲကိုမြို့မကျောင်းလမ်း စကားဝါလမ်းဆုံမှ စတင်တာထွက်၍ ဦးဝိစာရအဝိုင်းတို့မှ တစ်ဆင့် ရွှေတိဂုံတောင်ဘက်မုခ်မှ အရှေ့ဘက်အတိုင်း မြောက်ဘက် သွေးဆေးကန်လမ်းမှ ဗဟန်းဘောလုံးကွင်းသို့ ပြန်လည်ပန်းဝင်၍ မြို့နယ်အလိုက် လူဦးရေ ငါးသောင်းခန့် ပြည်သူများက စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး အစီအစဉ် အတွဲအမှတ် (၁/၂)တို့နှင့် Myanmar Fitness Dance အက လေ့ကျင့်ခန်းများ ပြုလုပ်ပြီး လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဒီဇင်ဘာလ နောက်ဆုံးအပတ် ၂၈ ရက်နေ့တွင် လူထုစုပေါင်းလမ်းလျှောက်ပွဲကို မြို့မကျောင်းလမ်း စကားဝါလမ်းဆုံတွင် ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း(နေပြည်တော်) စုံညီအစည်းအဝေး ပျဉ်းမနားမြို့နယ်၌ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**



မြန်မာနိုင်ငံ လွတ်လပ်သောရှေ့နေများ အသင်း(နေပြည်တော်) တတိယအကြိမ် စုံညီအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီခွဲက ပျဉ်းမနားမြို့နယ် တပေါင်းကွင်းအတွင်းရှိ ပတ္တမြားခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံလွတ်လပ်သော ရှေ့နေများအသင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နေပြည်တော်တာဝန်ခံ ဦးခင်မောင်ဇော်က မြန်မာနိုင်ငံလွတ်လပ်သော ရှေ့နေများအသင်း၏ လက်ရှိ လုပ်ဆောင်နေမှုများ၊ ရွေးကောက်ပွဲကျင်းပမည့် ကိစ္စရပ်များအကြောင်းနှင့် ILAM အသင်း၏ Strategic Plan (2022–2023) ရေးဆွဲခဲ့သည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း (နေပြည်တော်) ဥက္ကဋ္ဌဦးအေးမြင့်က နေပြည်တော် အလုပ်အမှုဆောင်နှင့် ဗဟိုကော်မတီဝင်များ၏ မျက်မှောက်လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ် အလားအလာများကို ဆွေးနွေးသည်။

ဆက်လက်၍ (ILAM + USAID) စီမံကိန်းရေးဆွဲရေးအဖွဲ့ဝင် ဦးနေထူးက ILAM အသင်း၏ Strategic Plan (2022–2023)ရေးဆွဲခဲ့သည့် ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။ ယင်းနောက် အမျိုးသမီးရေးရာ ဆပ်ကော်မတီမှ ဒေါ်စုဒါလီအောင်က အမျိုးသမီးရေးရာ ဆပ်ကော်မတီ၏ လုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြပြီး ဒေါ်တင်ပပထွန်းက ကော်မတီ၏ အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း (နေပြည်တော်) အသင်းသားများက သဘောထားမှတ်ချက်များကို တင်ပြကြသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ မြန်မာနိုင်ငံလွတ်လပ်သော ရှေ့နေများအသင်း (နေပြည်တော်) အသင်းဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



## ပြည်သူတွေရဲ့ စီးပွားရေးအဆင့်အတန်းကို မြှင့်တင်ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီ

**တကယ့်ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ လက်ငင်းစီးပွားရေး အဆင့်အတန်းကို အခွင့်အရေးတန်းတူ ရနိုင်တဲ့ အခြေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်။**

*[ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ဂျူဗလီဟောပဏာမပြင်ဆင်မှု ညီလာခံတွင် မိန့်ကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်]*



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မွေးနေ့တော် နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆုမွန်ကောင်းတောင်းစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မွေးနေ့တော် နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆုမွန်ကောင်းတောင်းစဉ်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ခရစ္စမတ် ကြိုဆိုနှုတ်ခွန်းဆက် စကား ပြောကြားစဉ်။

**✻ ရှေ့ဖုံးမှ**

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ၎င်းတို့၏ဇနီးများကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရှွေလွှမ်းတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

**ဆုမွန်ကောင်းတောင်း**

အခမ်းအနားကို Christmas Short Video ပြသဖွင့်လှစ်ပြီး ဒုတိယသမ္မတ၏ ဇနီး ဒေါက်တာရှွေလွှမ်းနှင့်အဖွဲ့က Hark The Herald နားထောင်ကောင်းကင်သား ကြွေးကြော်သီချင်းနှင့် Silent Night တိတ်ဆိတ်ညသန့်ရှင်းညကျူး သီချင်းတို့ဖြင့် ဂုဏ်တော်ချီးမွမ်းကြကာ Rev. Dr. J. Ral Buai က ခရစ္စမတ် အဖွင့်ဆုမွန်ကောင်း တောင်းသည်။

**နှုတ်ခွန်းဆက်စကား ပြောကြား**

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ခရစ္စမတ် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဆရာစံပီးက ခရစ္စမတ်ဓမ္မတေး အထူးသီချင်း သီဆို၍ ဂုဏ်တော်ချီးမွမ်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မွေးနေ့တော်နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆုမွန်ကောင်း တောင်းသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ခရစ္စမတ်အထိမ်းအမှတ်ကိတ်ကို အတူတကွလှီးဖြတ်ပေးကြစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ခရစ္စမတ်ပွဲတော်နှင့် ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခရစ္စမတ်ပွဲတော်နှင့် ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

❖ စာမျက်နှာ ၃ မှ

ယင်းနောက် Jesse Van Bawi နှင့် Joseph Van Thio တို့က ခရစ္စမတ်တေးသီချင်းသီဆို၍ဂုဏ်တော်ချီးမွမ်းကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မွေးနေ့တော် နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆုမွန်ကောင်းတောင်းသည်။

ဆက်လက်၍ ထန်တလန်လူငယ်အဖွဲ့က ဓမ္မတေးသီချင်းသီဆို၍ ဂုဏ်တော်ချီးမွမ်းကြသည်။

**ဆုတောင်းမေတ္တာပို့သ**

ယင်းနောက် သိက္ခာတော်ရဆရာကြီး ဒေါက်တာတင်မောင်ထွန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံအကြီးအကဲများအတွက် အထူးဆုတောင်းမေတ္တာပို့သသည်။

ထို့နောက် ချင်းတိုင်းရင်းသူ ဆရာမ Man Zen Niiang က မြန်မာ့ရိုးရာအကဖြင့် ကျေးဇူးတော်ချီးမွမ်းပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသောင်းထိုက်က ခရစ္စမတ် နှုတ်ခွန်းဆက်စကားပြောကြားကာ Jennifer Ngun Sui Par က ခရစ္စမတ်ဓမ္မတေး အထူးသီချင်းသီဆို၍ ဂုဏ်တော်ချီးမွမ်းသည်။

**ကျေးဇူးတော်ချီးမွမ်း**

ယင်းနောက် သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးက ခရစ္စမတ် တရားဒေသနာဟောကြားပြီး သိက္ခာတော်ရဆရာတော် ဒေါက်တာအေးမင်းက အစားအသောက်များအတွက် ကျေးဇူးတော်ချီးမွမ်းသည်။

ဆက်လက်၍ တေးသံရှင် စောဖိုးခွားနှင့်အဖွဲ့က မြန်မာပြည်ကိုချစ်ပါ အထူးသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ဇနီး ဒေါ်ရင်မေနှင့်အဖွဲ့က ခရစ္စမတ် ဓမ္မတေးသီချင်းကို သီဆို၍ ဂုဏ်တော်ချီးမွမ်းကြသည်။

**အထိမ်းအမှတ်ကိတ်လှီးဖြတ်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ခရစ္စမတ် အထိမ်းအမှတ်ကိတ်ကို အတူတကွ လှီးဖြတ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်၊ ဒုတိယသမ္မတများ ဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့က ဦးဆောင်၍ ခရစ္စမတ် အထိမ်းအမှတ် ဖယောင်းတိုင်များကို မီးထွန်းညှိပေးကြသည်။

ထို့နောက် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် သာသနာလက်ထောက်ဆရာတော်ကြီး Rev. John Saw Yaw Han က ခရစ္စမတ် အထူးဆုတောင်း၍ ကောင်းချီးပေးသည်။

**ညစာအတူတကွသုံးဆောင်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ ခရစ်တော်မွေးနေ့ မိတ်သဟာယညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ် နိုင်ငံကျော်တေးသံရှင်များက ခရစ္စမတ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး နန့်ကြင်ကြည်တို့ ခရစ္စမတ်ပွဲတော်နှင့် ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားတွင် ပါဝင်ဆင်နွှဲကြစဉ်။

## ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၌ တရားရုံးဝန်ဆောင်မှုသင်တန်းဖွင့်ပွဲ ကျင်းပ

ပဲခူး ဒီဇင်ဘာ ၂၁

နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ တရားရုံးအသုံးပြုသူများဝန်ဆောင်မှု ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်(သင်တန်းခန်းမ)၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်အေး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းတွင် တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်ရေးကို လွယ်ကူတိုးတက်စေရေးဆောင်ရွက်ပေးရန်၊ တရားရုံးအပေါ် လူထုအမြင်များပြောင်းလဲလာစေရန်၊ ယုံကြည်ကိုးစားမှုများမြင့်တက်လာအောင် ဆောင်ရွက်ပေးရန်အတွက် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်မှ သင်တန်းဆရာများက သင်တန်းသားသင်တန်းသူ ၃၀ အား ဆွေးနွေးပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ ဖြစ်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ပဲခူးခရိုင်တရားရုံး၊ ပဲခူးမြို့နယ် တရားရုံးမှ တရားသူကြီးများနှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀ တက်ရောက်ခဲ့သည်။

**၀၇၅**



○ ကျောဖုံးမှ
ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရအဖွဲ့နှင့် ပါတီအကြီးအကဲများ၊ ဗီယက်နမ်ပြည်သူ့တပ်မတော်မှအကြီးအကဲများ၊ အငြိမ်းစားအရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အတူ တက်ရောက်သည်။

**သင်တန်းသားများတွေ့ဆုံ**

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ မိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ နိုဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြပြီး ရန်ကုန်မြို့မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်သို့ ပြန်လည်ရောက်ရှိကြရာ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယမန်နေ့ညနေပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံးသို့ သွားရောက်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ်(၃၀)မြောက် အမျိုးသားကာကွယ်ရေးနေ့နှင့် (၇၅)နှစ်မြောက် ဗီယက်နမ်ပြည်သူ့တပ်မတော်တည်ထောင်သည့်နေ့ အခမ်းအနားသို့တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုအား ဂါရဝပြုတွေ့ဆုံသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် နိုင်ငံအလိုက်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အမှာစကားပြောကြားသည်။

ယင်းနောက် အာဆီယံနိုင်ငံတပ်မတော်များကိုယ်စား မြန်မာ့တပ်မတော် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့အာဆီယံနိုင်ငံများသည် တူညီသည့်လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ နီးစပ်သည့်ယဉ်ကျေးမှုနှင့် ခင်မင်ဖွယ်လူမှုအသိုက်အဝန်းများရှိကြသည့်နိုင်ငံများ ဖြစ်ကြပါကြောင်း၊ အာဆီယံ၏ရည်မှန်းချက်ဖြစ်သည့် (One Vision, One Identity, One Community)ကို အကောင်အထည်ဖော်နေသူများဖြစ်ကြပါကြောင်း၊ ယင်းသို့အကောင်အထည်ဖော်ရာတွင် မိမိတို့တပ်မတော်အချင်းချင်းသည်လည်း ကျရာအခန်းကဏ္ဍမှ စည်းလုံးညီညွတ်စွာ၊ ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ်(၃၀)မြောက် အမျိုးသားကာကွယ်ရေးနေ့နှင့် (၇၅)နှစ်မြောက် ဗီယက်နမ်ပြည်သူ့တပ်မတော်တည်ထောင်သည့်နေ့အခမ်းအနား၌ ဗီယက်နမ်နိုင်ငံ ဗီယက်နမ်ပြည်သူတို့နှင့် ဗီယက်နမ်တပ်မတော်တို့၏ ဂုဏ်ရောင်ပိုမိုထွန်းပြောင်ပါစေကြောင်း အာဆီယံတပ်မတော်များကိုယ်စား မိမိမှလှိုက်လှဲစွာ ဆန္ဒမွန်ပြုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

**တက်ရောက်**

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဟန္နိုင်းမြို့ရှိ Melia Hotel ၌ပြုလုပ်သည့် ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးအရာရှိချုပ်က ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ်(၃၀)မြောက် အမျိုးသားကာကွယ်ရေးနေ့နှင့် (၇၅)နှစ်မြောက် ဗီယက်နမ်ပြည်သူ့တပ်မတော် တည်ထောင်သည့်နေ့အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံအသီးသီးမှကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ပထမအကြိမ် ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ပါဠိတော် အသံမစဲရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပထမအကြိမ် ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ပါဠိတော် (အုပ်ရေ ၄၀) အသံမစဲ ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်း၌ ကျင်းပသည်။

**ငါးပါးသီလခံယူဆောက်တည်**

အခမ်းအနားတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ သြဝါဒါစရိယ၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်သြဝါဒါစရိယ ဒေါက်တာ ဘဒ္ဒန္တကဝိသာရထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်နှင့် ဇနီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ပိဋကတ်သုံးပုံကျမ်းစာအုပ်၊ ပရိတ်အိုးများနှင့် ပရိတ်ပန်းများကို ဆက်ကပ်လှူဒါန်းကြပြီး နေ့ဆွမ်းဆပ်ကပ်လှူဒါန်းကြသည်။

**အသံမစဲရွတ်ဖတ်ပူဇော်ပွဲ**

ယင်းနောက် အသံမစဲရွတ်ဖတ်ပူဇော်ပွဲကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ဓမ္မာရုံ၌ ဆက်လက်ကျင်းပရာ ဆရာတော်၊ သံဃာတော်များက ပိဋကတ်သုံးပုံ ဒေသနာတော်များကို အလှည့်ကျရွတ်ဖတ်ပူဇော်ကြသည်။

ပထမအကြိမ် ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ပါဠိတော် (အုပ်ရေ ၄၀) အသံမစဲ ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၁၆ ရက်အထိ ၂၇ ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်နိုင်ငံမှ နာမည်ကျော် ဒါရိုက်တာ Mr. Zhao Bao Gang နှင့် ရုပ်ရှင်၊ ရုပ်သံဇာတ်လမ်းတွဲဆိုင်ရာဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းကျင်းပသည့် ရုပ်ရှင်၊ ရုပ်သံဇာတ်လမ်းတွဲဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆွေးနွေးပွဲကို ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် သံရုံးမှတာဝန်ရှိသူများ၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ထုတ်လုပ်သူများ၊ ဒါရိုက်တာများ၊ ဇာတ်ညွှန်းပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံမှ နာမည်ကျော် ဒါရိုက်တာ Mr. Zhao Bao Gang က ရုပ်ရှင်နှင့် ရုပ်သံ၊ ဇာတ်လမ်းတွဲများကို ဖြစ်ရပ်မှန် ရိုက်ကူးရခြင်း အကြောင်းအရင်း၊ ရုပ်ရှင်၊ ရုပ်သံ ဇာတ်လမ်းတွဲများ ဈေးကွက်ရရှိရေးဖန်တီးခြင်း၊ တရုတ်-မြန်မာ ရုပ်သံပူးပေါင်းထုတ်လုပ်ရေး၊ ရုပ်ရှင်ကုမ္ပဏီများ၏ ဈေးကွက်စိန်ခေါ်မှုနှင့် မျှော်မှန်းချက်ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

**ဖော်ညွှန်းဂုဏ်ပြုခံရ**

အဆိုပါ ဆွေးနွေးပွဲကို ဦးဆောင်ပြုလုပ်ခဲ့သည့် တရုတ်နိုင်ငံမှ နာမည်ကျော် ဒါရိုက်တာ Mr. Zhao Bao Gang သည် တရုတ် Communication University of China တွင် ပညာဆည်းပူးခဲ့ပြီး ယခုအခါ ဒါရိုက်တာ၊ ဇာတ်ညွှန်း၊ ထုတ်လုပ်သူ၊ သရုပ်ဆောင်အဖြစ် ရပ်တည်ဆောင်ရွက်နေသူ ဖြစ်ကြောင်း၊ ၁၉၈၄ ခုနှစ်တွင် “မျိုးဆက်(၄)ဆက်” တရုတ်ရုပ်သံဇာတ်ကား၌ သရုပ်ဆောင်အဖြစ် ပါဝင်ခဲ့ပြီး အနုပညာလောကသို့ဝင်ရောက်ခဲ့ကြောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် “တမ်းတခြင်း” ရုပ်သံဇာတ်လမ်းတွဲကို ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့ပြီး ဒါရိုက်တာသက်တမ်းနှစ် ၃၀ အတွင်း ဇာတ်လမ်းပေါင်းများစွာ ရိုက်ကူးခဲ့ရာ ထူးချွန်ဆုများစွာ ဆွတ်ခူးရရှိခဲ့ကြောင်း၊ ၎င်းအား “တရုတ်နိုင်ငံ၏ ဒရမ်မာဇာတ်လမ်းများ စတင်ဖန်တီးသူ”ဟု ဖော်ညွှန်းဂုဏ်ပြုခံရကြောင်းလည်း သိရသည်။

**ကျော်စွာ(FDC)**

# ရန်ကုန်၌ ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်း(YMCA) က ကြီးမှူးကျင်းပသည့် ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် မွေးနေ့တော်ညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်း အမှတ်(၂၆၃) ရှိ အဆိုပါအသင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပဏာမသမ္မာကျမ်းစာ ဖတ်ကြားခြင်း၊ ကောင်းချီးတောင်းခံခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် အထူးဆုတောင်းခြင်း၊ သမ္မာကျမ်းစာတော်မြတ်ဖတ်ကြားခြင်း၊ မွေးနေ့တော် သတင်းကောင်းဝေမျှခြင်း၊ ကောင်းချီးပေးခြင်းတို့ကို ရန်ကုန် ကလျာဏယုဝ ခရစ်ယာန်အသင်းမှ ဘုတ်အဖွဲ့ဝင်များနှင့် သိက္ခာတော်ရဆရာများက ဆောင်ရွက်ကြသည်။

ထို့နောက် ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်း ဥက္ကဋ္ဌ ဒေါက်တာတင်လှက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ခရစ်တော်၏ မွေးနေ့တော်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ပေးပို့သောသဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ညွှန်ကြားရေးမှူး ဦးစိန်မော်က ဖတ်ကြားသည်။

ယင်းနောက် မြန်မာအကဖြင့်လည်းကောင်း၊ ရန်ကုန် YMCA ဝန်ထမ်းများက YMCA သီချင်းဖြင့်လည်းကောင်း ဖျော်ဖြေမှုများပြုလုပ်ပြီး မွေးနေ့တော်အတွက် ကျေးဇူးတော်ချီးမွမ်းကာ ညစာစားပွဲကို ကျင်းပကြသည်။

အခမ်းအနားသို့ ရန်ကုန် YMCA ဥက္ကဋ္ဌနှင့် ဘုတ်အဖွဲ့ဝင်များ၊ ဘာသာပေါင်းစုံမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ လေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွက် ပထမအကြိမ်ခရီးစဉ်အတွင်း ရရှိခဲ့သောရလဒ်များ

ညီညီအောင် (WTO)

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ လေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ကိုယ်စားလှယ်များနှင့် ပထမအကြိမ် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ရာတွင် ရလဒ်ကောင်းများရရှိခဲ့သည်။ ထို့ပြင်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားအတွက်ကိုလည်း ကောင်းမွန်သည့်ရလဒ်များကို ဆက်လက်ဆောင်ကြဉ်းပေးနိုင်မည်လည်းဖြစ်သည်။

**ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်သည် အဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်မှုနှင့် ဆက်စပ်မူဝါဒများအပေါ် သတ်မှတ်ထားသည့် အချိန်ကာလအပိုင်းအခြားအလိုက် ပြန်လည်ဆန်းစစ်လေ့လာသုံးသပ်ခြင်းဖြစ်ပြီး ယင်းလုပ်ငန်းစဉ်အား အဖွဲ့ဝင်များက မဖြစ်မနေလိုက်ပါဆောင်ရွက်ရန် တာဝန်ရှိသည့်လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

အဆိုပါ ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်အား အဖွဲ့ဝင်များက လိုက်ပါဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ အဖွဲ့ဝင်အားလုံးက နိုင်ငံစုံကုန်သွယ်မှုသဘောတူချက်များပါ စည်းမျဉ်းများ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ကတိကဝတ်များအား ပိုမိုစွဲမြဲစွာ ထိန်းသိမ်းလိုက်နာစေရန်နှင့် အဖွဲ့ဝင်များ၏ ကုန်သွယ်မှုမူဝါဒများနှင့် အလေ့အထများကို ကောင်းမွန်စွာ နားလည်သဘောပေါက်ခြင်းမှတစ်ဆင့် ပွင့်လင်းမြင်သာမှုကို တိုးမြှင့်နိုင်ပြီး မိမိနိုင်ငံအတွက် ပိုမိုချောမွေ့သည့် ကုန်သွယ်မှုစနစ်အား တိုးတက်အောင်ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။

**ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု**

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ လေ့လာဆန်းစစ်ခြင်းအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ အဆိုပါလုပ်ငန်းအား အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် တစ်နှစ်တာ အချိန်ဇယားကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် ညှိနှိုင်းရေးဆွဲ၍ ယင်းလုပ်ငန်းအစီအစဉ်အတိုင်း လိုက်ပါဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ် အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအတွင်း ဦးဆောင်လုပ်ငန်းအဖွဲ့ (Core Team) ကို ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ ဝန်ကြီးဌာနအောက်ရှိ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာနများမှ ကိုယ်စားလှယ် ၁၆ ဦးဖြင့် ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရုံးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ကုန်သွယ်ရေးဦးစီးဌာနအောက်ရှိ WTO ဌာနခွဲမှ တာဝန်ခံအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်မှုနှင့် ဆက်စပ်လျက်ရှိသည့် ဦးစီးဌာနနှင့် အဖွဲ့အစည်းစုစုပေါင်း ၈၃ ခုနှင့် ပုဂ္ဂလိကကဏ္ဍအသင်းအဖွဲ့ ရှစ်ခုတို့မှ Contact Person နှင့် Focal Person များ သတ်မှတ်ကာ အနီးကပ်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။

**ပထမအကြိမ်ခရီးစဉ်**

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွက် ပထမဦးဆုံးလုပ်ငန်းအနေဖြင့် ၂၀၁၃ ခုနှစ်မှ လက်ရှိအချိန်အထိ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများနှင့် ဆက်စပ်၍ အချက်အလက်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် မေးခွန်းများ မေးမြန်းခဲ့သည်။ အဆိုပါ မေးမြန်းချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အတွင်းရေးမှူးရုံးအဖွဲ့မှ တာဝန်ခံကိုယ်စားလှယ်များသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၅ ရက်အထိ ပထမအကြိမ်ခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။

**ဆက်စပ်အစည်းအဝေးများ**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကိုယ်စားလှယ်များသည် ခရီးစဉ်၏ ပထမရက်ဖြစ်သည့် ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းဆိုင်ရာ ဦးဆောင်လုပ်ငန်းအဖွဲ့ (Core Team) တွင်ပါဝင်သော ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များအားတွေ့ဆုံကာ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒလေ့လာဆန်းစစ်ခြင်း လုပ်ငန်းစဉ်နှင့်ပတ်သက်၍ လက်ရှိအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နေ့လယ်ပိုင်းတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကိုယ်စားလှယ်များသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးနှင့် ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များအား ဂါရဝပြုတွေ့ဆုံကာ မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။ ယင်းသို့ ဂါရဝပြုတွေ့ဆုံဆွေးနွေးစဉ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Masahiro Harafuji က မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံကုန်သွယ်မှုသဘောတူညီချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ယင်းအခြေအနေများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အတွင်းရေးမှူးရုံးအဖွဲ့မှပြုစုသည့် သဘောတူညီချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ယင်းအခြေအနေများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အတွင်းရေးမှူးရုံးအဖွဲ့မှပြုစုသည့် ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း အစီရင်ခံစာတွင် မှန်မှန်ကန်ကန် ဖော်ပြသွားမည်ဖြစ်ကြောင်း၊ Core Team အဖွဲ့ဝင်များ၏ ဦးစီးဆောင်ရွက်မှုများကို အားရကျေနပ်မှုရှိကြောင်း၊ ဆက်စပ်ဌာန/အဖွဲ့အစည်းများ၏ အားကောင်းသော ပူးပေါင်းဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်မှာ အောင်မြင်ပြီး ရလဒ်ကောင်းများဆောင်ကြဉ်းလာမည်ဟု ယုံကြည်ကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့သည်။ ဒုတိယဝန်ကြီး ဦးအောင်ထူးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ယခုလုပ်ငန်းစဉ်အား အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို အကောင်းဆုံးအနေအထားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းစဉ်အောင်မြင်နိုင်ရေးအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ပံ့ပိုးကူညီမှုများကို ကျေးဇူးတင်ရှိပါကြောင်းတို့အပါအဝင် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးပြောကြားခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကိုယ်စားလှယ်များ၏ ခရီးစဉ်ဒုတိယနေ့ဖြစ်သော ဒီဇင်ဘာ ၃ ရက်တွင် ပထမအကြိမ် ကုန်သွယ်မှုမူဝါဒ လေ့လာဆန်းစစ်ပြီးနောက်ပိုင်း ၂၀၁၃ ခုနှစ်မှ လက်ရှိအချိန်ကာလအထိ ကုန်သွယ်မှုဆိုင်ရာ မူဝါဒများနှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများကို သက်ဆိုင်ရာဦးစီးဌာနနှင့် အဖွဲ့အစည်းများက ရှင်းလင်းဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနက ဦးဆောင်ပြီး GIZ အဖွဲ့အစည်း၏ အထောက်အပံ့ဖြင့် Royal Nay Pyi Taw Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ ကုန်သွယ်မှုနှင့်ဆက်စပ်လျက်ရှိသည့် မိတ်ဖက်ဌာနအဖွဲ့အစည်း ၇၇ ခုမှ ကိုယ်စားလှယ် ၁၀၂ ဦးနှင့် ပုဂ္ဂလိကအသင်းအဖွဲ့ ရှစ်ခုမှ ကိုယ်စားလှယ် ရှစ်ဦး အပါအဝင် စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့သည်။

> **အဖွဲ့အစည်းများအချင်းချင်းအပြင် ဆက်စပ်ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေခြင်း၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများတွင် ချမှတ်ကျင့်သုံးလျက်ရှိသော ကုန်သွယ်မှုဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများကို ပွင့်လင်းမြင်သာရှိစွာ ချပြနိုင်ခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အပါအဝင် ဆက်စပ်နိုင်ငံတကာအဖွဲ့အစည်းများ၏ မြန်မာနိုင်ငံအပေါ် ယုံကြည်လေးစားမှုကို ပိုမိုရရှိလာစေခြင်း စသည့် ရလဒ်အကျိုးကျေးဇူးများကို ရရှိခဲ့**

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ကုန်သွယ်မှုနှင့် အဓိကဆက်စပ်လျက်ရှိသည့် ဌာနများမှ ကိုယ်စားလှယ်များက မိမိတို့ဌာနအလိုက် ပြောင်းလဲဖြစ်ပေါ်တိုးတက်ခဲ့သည့် ကုန်သွယ်မှုဆိုင်ရာမူဝါဒများနှင့်ပတ်သက်၍ အခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ရာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် အချိန်တိုအတွင်း တိုးတက်ပြောင်းလဲမှု အခြေအနေများအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများအား အသိအမှတ်ပြုကြောင်းတို့ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကိုယ်စားလှယ်များက ချီးကျူးပြောကြားခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကိုယ်စားလှယ်များ၏ ခရီးစဉ် တတိယနေ့နှင့် စတုတ္ထနေ့များဖြစ်သော ဒီဇင်ဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် ကုန်သွယ်မှုနှင့် အဓိကဆက်စပ်လျက်ရှိသည့် ဌာနအဖွဲ့အစည်း ၅၃ ခုမှ တာဝန်ခံကိုယ်စားလှယ်များအား ဖိတ်ကြားကာ သက်ဆိုင်ရာအချိန်ဇယားအလိုက် ဌာနတစ်ခုချင်းမှ တာဝန်ခံကိုယ်စားလှယ်များနှင့် သီးခြားစီတွေ့ဆုံကာ ပြုစုပေးရမည့် အချက်အလက်များနှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကိုယ်စားလှယ်များအနေဖြင့် ဌာနတစ်ခုချင်းမှ တာဝန်ခံကိုယ်စားလှယ်များ၏ တက်ကြွစွာ ဆွေးနွေးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများကို မျက်ဝါးထင်ထင်မြင်ခဲ့ရပြီး ၎င်းအနေဖြင့် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွက် အကောင်းဆုံး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေးခဲ့သည့် အဓိကအချက်များ**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကိုယ်စားလှယ်များ၏ ပထမအကြိမ်ခရီးစဉ်အတွင်း၌ ကုန်သွယ်မှုနှင့် ဆက်စပ်လျက်ရှိသောဌာနနှင့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ခံကိုယ်စားလှယ်များနှင့် တွေ့ဆုံကာ ပြုစုပေးပို့ထားသော ကနဦးအချက်အလက်များကိုအခြေခံကာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ၂၀၁၃ ခုနှစ်မှ လက်ရှိအချိန်အထိ ကုန်သွယ်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများအပေါ် ရှင်းလင်းဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့များမှ ကိုယ်စားလှယ်များက သုံးသပ်ပြောဆိုရာ၌ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များနှင့်အညီ ကုန်သွယ်မှုဆိုင်ရာမူဝါဒများအား ချိန်ညှိပြုပြင်ပြောင်းလဲကာ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ၌ ၎င်းတို့၏ အတွေ့အကြုံအရ မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုများကို အချိန်တိုအတွင်း သိသာထင်ရှားစွာတွေ့မြင်ရကြောင်း၊ ယင်းဖြစ်ပေါ် တိုးတက်မှုအခြေအနေများအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ပြန်လည်တင်ပြသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့ပြင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ပြုစုပေးပို့ခဲ့သည့် ကနဦးအချက်အလက်များနှင့် ပထမအကြိမ်ခရီးစဉ်အတွင်းရရှိခဲ့သည့် အချက်အလက်များကိုအခြေခံကာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များက အစီရင်ခံစာ မူကြမ်းအား ၂၀၂၀ ပြည့်နှစ် မတ်လတွင် ပထမအဆင့်အနေဖြင့် ရေးသားပြုစုသွားမည်ဖြစ်ကြောင်း၊ အချက်အလက်များရရှိရေးအတွက် ၎င်းတို့မျှော်မှန်းထားသည်ထက် ကြိုတင်ပြင်ဆင် ပြုစုထားသည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ၎င်းတို့အနေဖြင့် ထပ်မံသိရှိလိုသည့် အချက်အလက်များ၊ ဖြည့်စွက်လိုသည့်အချက်အလက်များရှိပါက တာဝန်ခံဌာနဖြစ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန တာဝန်ရှိသူများမှ တစ်ဆင့် လိုအပ်သလို ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

**ရရှိခဲ့သော ရလဒ်များ**

အဖွဲ့အစည်းများအချင်းချင်းအပြင် ဆက်စပ်ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေခြင်း၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများတွင် ချမှတ်ကျင့်သုံးလျက်ရှိသော ကုန်သွယ်မှုဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများကို ပွင့်လင်းမြင်သာရှိစွာ ချပြနိုင်ခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အပါအဝင် ဆက်စပ်နိုင်ငံတကာအဖွဲ့အစည်းများ၏ မြန်မာနိုင်ငံအပေါ် ယုံကြည်လေးစားမှုကို ပိုမိုရရှိလာစေခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အသိုင်းအဝိုင်းတွင် မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ တိုးပွားလာစေခြင်း စသည့်ရလဒ် အကျိုးကျေးဇူးများကိုရရှိခဲ့ကြောင်း သုံးသပ်တွေ့ရှိခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံကုန်သွယ်မှု သဘောတူညီချက်များပါ စည်းမျဉ်းများနှင့် ကတိကဝတ်များအား အကောင်းဆုံး လိုက်ပါဆောင်ရွက်လျက်ရှိကြောင်း သိရှိနိုင်ရန်၊ နိုင်ငံစုံကုန်သွယ်မှုစနစ်တွင် နိုင်ငံတော်၏ပုံရိပ်ကို အကောင်းဆုံး မြှင့်တင်နိုင်ရန်နှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ကာ မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း အပြီးဆောင်ရွက်သွားရန် အချိန်ဇယားများကို စနစ်တကျရေးဆွဲကာ သတ်မှတ်အချိန်ကာလအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့် အနီးကပ်ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိသည်။ ယင်းလုပ်ငန်းစဉ်ကြီးအား ရည်မှန်းချက်အတိုင်း ပြည့်ပြည့်ဝဝအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ကောင်းမွန်သည့် ရလဒ်ကောင်းများ ဆောင်ကြဉ်းလာနိုင်မည်ဟု ယုံကြည်မိပါသည်။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ



**နေပြည်တော် ဒီဇင်ဘာ ၂၁**

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့အားကစားလောက အဆင့်အတန်းမြင့်မားစေရန်ရည်ရွယ်၍ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများကို ဒီဇင်ဘာလ၏ အပတ်စဉ်စနေနေ့တိုင်း နိုင်ငံတစ်ဝန်းရှိ အမြို့မြို့အနယ်နယ်တွင် ကျင်းပလျက်ရှိသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝန်ထမ်းများနှင့် လုပ်သားပြည်သူများ၏ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီ မိနစ် ၂၀ တွင် နေပြည်တော်မြို့မဈေးရှေ့ရှိ စုရပ်၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

စုပေါင်းလမ်းလျှောက်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒေါက်တာ မျိုးသိမ်းကြီးနှင့် ဒေါက်တာ မြင့်ထွေး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ဝန်ကြီးဌာနပေါင်းစုံမှ အရာထမ်း/အမှုထမ်းများနှင့် နေပြည်တော်ရှိ လုပ်သားပြည်သူများက ပါဝင်ဆင်နွှဲကြသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများသည် နေပြည်တော်မြို့မဈေးရှေ့မှ စတင်တာထွက်ပြီး ပျဉ်းမနားတောင်ညိုလမ်းအတိုင်း သပြေကုန်းအဝိုင်းမှတစ်ဆင့် မဏိရတနာကျောက်စိမ်းခန်းမရှေ့သို့ ပန်းဝင်ကြရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက လမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများအား ရေသန့်ဘူးနှင့် အာဟာရမုန့်များကို ပေးဝေကြသည်။

ထို့နောက် လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများသည် မဏိရတနာကျောက်စိမ်းခန်းမရှေ့၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးအတွဲ (၁)၊ (၂)နှင့် Physical Fitness Dance လေ့ကျင့်ခန်းများကို စုပေါင်းပြုလုပ်ကြသည်။

**သတင်းစဉ်**

# မကွေးမြို့ (၆၆) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ (၆၆)မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသဘာဝဓာတ်ငွေ့သုံး အင်ဂျင်ဓာတ်အားပေးစက်ရုံ၌ ကျင်းပသည်။

**ရေရှည်တည်တံ့ခိုင်မြဲစေရေး**

ဖွင့်ပွဲအခမ်းအနားတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အချိန်မီစွာဖြည့်ဆည်းပေးနိုင်ရန် ရေတို/ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ပါ၍ ၂၀၁၉ ခုနှစ်၏ ပြီးခဲ့သောနွေရာသီတွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ အများဆုံး မဂ္ဂါဝပ် ၃၉၈၀ ထုတ်လုပ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ လာမည့် ၂၀၂၀ ပြည့်နှစ် နွေရာသီတွင် တစ်နိုင်ငံလုံး၏ ဓာတ်အားလိုအပ်ချက်သည် အမြင့်ဆုံး မဂ္ဂါဝပ် ၅၀၀၀ ခန့်ရှိမည်ဖြစ်၍ ထပ်မံလိုအပ်မည့် မဂ္ဂါဝပ် ၁၀၀၀ ကျော်ကို ထပ်မံဖြည့်ဆည်းပေးနိုင်ရေးအတွက် ဓာတ်အားထုတ်လုပ်နိုင်ရေးစီမံကိန်းအသစ် ခုနစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းစီမံကိန်းများမှာ မကွေး ၆၆ မဂ္ဂါဝပ်၊ ကျောက်ဖြူ မဂ္ဂါဝပ် ၁၅၀၊ သာကေတ မဂ္ဂါဝပ် ၄၀၀၊ သီလဝါ မဂ္ဂါဝပ် ၃၅၀၊ ကျွန်းချောင်း ၂၀ ဒသမ ၅ မဂ္ဂါဝပ်၊ အလုံ ၁၅၁ ဒသမ ၅ မဂ္ဂါဝပ်နှင့် ရွှေတောင် ၂၈ မဂ္ဂါဝပ်တို့ဖြစ်ပြီး အဆိုပါစီမံကိန်း ခုနစ်ခုမှ စုစုပေါင်းစက်တပ်ဆင်အင်အား ၁၁၆၆ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကာ ယခု မကွေး (၆၆) မဂ္ဂါဝပ်စီမံကိန်းသည် ပထမဆုံးဖွင့်လှစ်သည့် စီမံကိန်းဖြစ်ပါကြောင်း၊ မကွေး (၆၆)မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းသည် ရွှေကမ်းလွန်မှ သဘာဝဓာတ်ငွေ့ တစ်ရက် ကုဗပေ ၁၅ သန်းကို အသုံးပြု၍ ဓာတ်အားထုတ်လုပ် မောင်းနှင်သွားမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် နွေရာသီတွင် တိုးတက်သုံးစွဲလာမည့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အချိန်တိုအတွင်း ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်၍ တည်ဆောက်ခဲ့ ခြင်း ဖြစ်ပါကြောင်း၊ စမ်းသပ်မောင်းနှင်ခြင်း လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ခဲ့ပြီးနောက် ဓာတ်အားပေးစက်ရုံကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်မှ စတင်၍ စီးပွားဖြစ် ဓာတ်အားထုတ်လုပ်မောင်းနှင်ခဲ့ပြီး အဆိုပါစက်ရုံမှ ဓာတ်အားများကို ယခုရောက်ရှိနေသော ဓာတ်အားခွဲရုံမှတစ်ဆင့် မကွေးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ပြည့်ပြည့်ဝဝ အသုံးပြုကြရမည်ဖြစ်ပါကြောင်း၊ ပိုလျှံပါက ဓာတ်အားစနစ်အတွင်းသို့ အလိုအလျောက် စီးဆင်းသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော် ဓာတ်အားစနစ်အတွင်းရှိ လျှပ်စစ်ဓာတ်အားအသုံးပြုသော ပြည်သူများမှာလည်း အကျိုးမျှဝေခံစားရမည်ဖြစ်သောကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် စက်ရုံဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ သဘာဝသယံဇာတအရင်းအမြစ်များကိုအခြေခံ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေသည့် မုန်းနှင့် ကြီးအုံကြီးဝ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၊ မင်းဘူး နေရောင်ခြည်စွမ်းအင်သုံး စက်ရုံနှင့် ယခုဖွင့်လှစ်သည့် မကွေး ၆၆ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်ဓာတ်အားပေးစက်ရုံတို့မှ စုစုပေါင်းတပ်ဆင်အင်အား ၂၅၅ မဂ္ဂါဝပ် ထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ မကွေးတိုင်းဒေသကြီးအနေဖြင့် လက်ရှိ မဂ္ဂါဝပ် ၁၀၀ ခန့်သာ အသုံးပြုလျက်ရှိသည့်အတွက် ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်သည့်အပြင် ပိုလျှံသည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်သို့ စီးဆင်းသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လျှပ်စစ်ဓာတ်အားသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာပြီး လူနေမှုအဆင့်အတန်းများလည်း မြင့်တက်လာမည်ဖြစ်သည့်အတွက် မိမိတို့ဝန်ကြီးဌာနနှင့်အတူ ပြည်သူတစ်ရပ်လုံးက အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်များ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများ ရေရှည်တည်တံ့ခိုင်မြဲနေစေရေး မိဘပြည်သူများမှလည်း ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က မကွေးမြို့ (၆၆)မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ VPower Myanmar မှ Co. Chief Executive Officer Mr. Rorce Au-Yeung နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ငွေးတို့က ဓာတ်အားပေးစက်ရုံဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး VPower Myanmar မှ ဓာတ်အားပေးစက်ရုံအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဗီဒီယိုကို ပြသခဲ့သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**


၎င်းနောက် မကွေးမြို့ (၆၆)မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ Zeya & Associates Co.,Ltd. မှ Chairman ဦးဇေယျာသူရမွန်နှင့် VPower Myanmar မှ Co. Chief Executive Officer Mr. Rorce Au-Yeung တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မကွေးမြို့ (၆၆)မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဓာတ်အားပေးစက်အား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက စက်ခလုတ်နှိပ်၍ မောင်းနှင်ပေးခဲ့ပြီး ဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ


နားထောင်သူမရှိလည်း အခွေဖွင့်စက်သုံး၍ တီဗွီဖြင့် သီချင်းခွေများ အချိန်ပြည့် ဖွင့်ထားခြင်းကို ဆင်ခြင်ခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။



လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

ရိုးရိုးမီးလုံး၊ မီးချောင်းထက် Energy Saving Lamp ကိုရွေးချယ် အသုံးပြုသင့်သည်။

Energy Saving Lamp ထက် Led မီးလုံး၊မီးချောင်းများကို ရွေးချယ်အသုံးပြုသင့်သည်။



လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ



# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ၂၀၂၀ ပြည့်နှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပရန် မြေနေရာရွေးချယ်ထားမှုအား ကွင်းဆင်းစစ်ဆေးကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၂၁**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဖိုးဇောင်တောင်ကြိုးဝိုင်း အကွက်အမှတ်(၂၀)အတွင်း နေပြည်တော်-တပ်ကုန်း အမှတ်(၁)လမ်း မိုင်တိုင်အမှတ်(၁/၂)အနီး ၂၀၂၀ ပြည့်နှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပရန် မြေနေရာရွေးချယ်ထားမှုအား ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ရာ စိုက်ခင်းမြေနေရာ ပြုပြင်ခြင်း၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေးအတွက် ဗာတီဗာမြက်များစိုက်ပျိုးခြင်း၊ နန်းတားဆည်များ၊ ရေထိန်းတမံငယ်များ တည်ဆောက်ခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များအား လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် ဖိုးဇောင်တောင်ကြိုးဝိုင်း အကွက်အမှတ်(၁၇)အတွင်း နေပြည်တော်-တပ်ကုန်းအမှတ်(၁)လမ်း မိုင်တိုင်အမှတ်(၂/၃)အနီး ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် စိုက်ပျိုးထားသည့် ဝါးမျိုးစုံ၊ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ တမလန်း စသည့် အဖိုးတန်သစ်မျိုးများ၊ ပန်းမဲဇလီ၊ ငုရွှေဝါ၊ ပုန်းညက်၊ မဲဇလီ၊ တမာ၊ ယင်းမာ၊ အင်ကြင်းအစရှိသည့် သစ်မာမျိုးစုံ စုစုပေါင်း ၃၃၃ ပင် ရှင်သန်အောင်မြင်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဖိုးဇောင်တောင်ကြိုးဝိုင်း အကွက်အမှတ် (၁၆) နေပြည်တော်-တပ်ကုန်း အမှတ်(၁)လမ်း မိုင်တိုင်အမှတ်(၂/၅)အနီး မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးနှစ်(၇၀)ပြည့် အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးခြင်း အခမ်းအနားပြုလုပ်မည့် စိုက်ခင်းမြေနေရာ ရွေးချယ်ထားမှုအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် အရိုးအထူးကုဆေးရုံအနီး သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးတည်ထောင်ထားသည့် ကလွေဝါးနှင့် ဝါးဘိုးကြီး ဝါးစိုက်ခင်းအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး လာမည့် မိုးရာသီတွင် မူလစိုက်ပျိုးခဲ့သည့် ဝါးမျိုးစိတ်များဖြင့်သာ ပြန်လည်ဖာထေးစိုက်ပျိုးရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် နေပြည်တော်-ကံပြားလမ်း မိုင်တိုင်အမှတ် ၁၃/၂ နှင့် ၁၃/၇ ကြား ငလိုက်ကြိုးဝိုင်း အကွက်အမှတ် (၂၉)နှင့် (၃၀)အတွင်းရှိ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၏ လှူဒါန်းငွေဖြင့် သစ်တောဦးစီးဌာနမှ ၂၀၁၉ ခုနှစ် မိုးရာသီအတွင်း စိုက်ပျိုးတည်ထောင်ထားသည့် ဂေဟစနစ်ဖြည့်တင်းရေး စိုက်ခင်းဧက ၁၀၀ အား ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် နေပြည်တော်-ကံပြားလမ်း မိုင်တိုင်အမှတ် ၂/၃ အနီး၊ ငလိုက်ကြိုးဝိုင်း၊ အကွက်အမှတ် (၂)နှင့် (၂၈) အတွင်း သစ်တောဦးစီးဌာနမှ ၂၀၁၈ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးတည်ထောင်ထားသည့် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၅၀ ရှင်သန်အောင်မြင်နေမှုများအား စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)၏ (၃၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ရေဆင်း)၏ (၃၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပရာ တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့နှင့် မွေးမြူရေး ပညာဘွဲ့များအား ပေးအပ်ချီးမြှင့်သည်။




ယနေ့နံနက်ပိုင်းတွင် ပါရဂူဘွဲ့ (Ph.D) ရရှိသူတစ်ဦး၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ (M.V.Sc)ရရှိသူ ၁၆ ဦးနှင့် တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့ (B.V.Sc)ရရှိသူ ၂၂၆ ဦးတို့ကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)မှ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ မာမာဝင်းက ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က မြန်မာနိုင်ငံ တက္ကသိုလ်များညီလာခံ (၂၀၁၉)၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောပညာရပ်များဆိုင်ရာ စာတမ်းဖတ်ပွဲတွင် ပထမဆုရရှိသည့် ပါမောက္ခ ဒေါက်တာလှိုင်လှိုင်မြင့် (ဌာနမှူး၊ မွေးမြူရေးဆိုင်ရာ ဆေးပညာဌာန)၊ ဒုတိယဆုရရှိသည့် ပါမောက္ခ ဒေါက်တာစိုးစိုးဝေ (ဌာနမှူး၊ တိရစ္ဆာန်ဆေးကုဆိုင်ရာ ပြည်သူ့ကျန်းမာရေးပညာဌာန)တို့နှင့်အတူ တိရစ္ဆာန်ဆေးပညာ သိပ္ပံဘွဲ့ရရှိသူများထဲမှ တန်းစဉ်အလိုက် စုစုပေါင်းရမှတ် အများဆုံး ရရှိကြသည့် ပထမ မသန္တာသိန်းထွန်း၊ ဒုတိယ မနှင်းနှင်းထွေး၊ တတိယ မခိုင်ရွှေစင်စိုးတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပါမောက္ခချုပ်က အမှာစကားပြောကြားရာတွင် သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ တက္ကသိုလ်များ၊ အဖွဲ့အစည်းများဖြစ်သည့် ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးတက္ကသိုလ်၊ မီယာဇာကီတက္ကသိုလ်၊ ရခုနော့ဂခုအန်းတက္ကသိုလ်နှင့် ကာဂိုရှီးမားတက္ကသိုလ်၊ ထိုင်းနိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ်၊ မေဂျိုတက္ကသိုလ်၊ ကိုရီးယားနိုင်ငံ ကွန်းဂုတက္ကသိုလ်၊ ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး သုတေသနဗဟိုဌာန စသည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများ ရေးထိုးထားပြီးဖြစ်ကာ မကြာမီကာလတွင် ဂျပန်နိုင်ငံ ရူကျူးတက္ကသိုလ်၊ ဩစတြေးလျနိုင်ငံ ကွင်းစလန်းတက္ကသိုလ်တို့နှင့်လည်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးတော့မည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်မှစတင်၍ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ တရုတ်နိုင်ငံရှိ မွေးမြူရေးနှင့် ဆေးကုသရေး တက္ကသိုလ်များတွင် ဘွဲ့ကြိုကျောင်းသားကျောင်းသူများအား သုံးနှစ် ဒီပလိုမာသင်တန်း စေလွှတ်ပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၅ ဦးရှိပြီဖြစ်သည့်အပြင် ၂၀၁၃ ခုနှစ်မှစ၍ Asian Veterinary Volunteer Project (AVVP) အာဆီယံနိုင်ငံများသို့လည်း ထူးချွန်ကျောင်းသား ကျောင်းသူများအား လေ့လာရေးခရီး သုံးပတ်ကြာ စေလွှတ်ပေးလျက်ရှိကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် မွေးမြူရေးပညာဘွဲ့ (B.A.Sc) ရရှိသူ ၆၅ ဦးတို့အား ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမာမာဝင်းက ဘွဲ့လက်မှတ်များပေးအပ်ချီးမြှင့်ခဲ့ပြီး မွေးမြူရေးပညာဘွဲ့ ရရှိသူများထဲမှ တန်းစဉ်အလိုက် စုစုပေါင်းရမှတ် အများဆုံးရရှိကြသည့် ပထမ မမီကိုဆွေ၊ ဒုတိယ မရွှေစုမွန်နှင့် တတိယ မပပကျော်တို့ကို အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ယခုနှစ်တွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ပါရဂူဘွဲ့ (Ph.D) ရရှိသူတစ်ဦး၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ (M.V.Sc)ရရှိသူ ၁၆ ဦးနှင့် တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့ (B.V. Sc)ရရှိသူ ၂၂၆ ဦးနှင့် မွေးမြူရေးပညာဘွဲ့ရရှိသူ ၆၅ ဦး စုစုပေါင်း ၃၀၈ ဦးတို့ကို ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သည် တိရစ္ဆာန်ဆေးပညာဘွဲ့သင်တန်းအတွက် ၁၀၀၊ မွေးမြူရေးပညာဘွဲ့ သင်တန်းအတွက် ၁၅၀ စုစုပေါင်း လူဦးရေ ၂၅၀ကို တက္ကသိုလ်ဝင်တန်း ရမှတ်ပေါ်မူတည်၍ ရွေးချယ်ခေါ်ယူခဲ့ရာ စတင်တည်ထောင်ခဲ့သည့် ၁၉၅၇ ခုနှစ်မှ ယနေ့အချိန်အထိ ၆၂ နှစ်ကျော်ကာလအတွင်း ယနေ့ ဘွဲ့ယူသူများအပါအဝင် B.A.Sc ဘွဲ့ရ ၁၅၈ ဦး၊ B.V.Sc ဘွဲ့ရ ၅၆၇၂ ဦး၊ DipLIS ဘွဲ့ရ ၂၂၀၊ DipLPAဘွဲ့ရ ၄၄၉ ဦး၊ MPhil ဘွဲ့ရ ၂၁ ဦး၊ MVM ဘွဲ့ရ ကိုးဦး၊ M.V.Sc ဘွဲ့ရ ၂၉၆ ဦးနှင့် Ph.D ဘွဲ့ရ ၂၀ တို့ကို မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။

**ဇင်ဦး၊ ဝေသူနွယ်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

## မြန်မာ- ဂျပန်ဆရာဝန်များ ပူးပေါင်း၍ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ လူနာများအား အခမဲ့ ခွဲစိတ်ကုသ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

နှစ်နိုင်ငံ ပညာရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်အနေဖြင့် ဂျပန်နိုင်ငံ Niigata တက္ကသိုလ် Department of Oral and Maxillofacial Surgery မှ ပါမောက္ခ Ritsuo Takagi ဦးဆောင်သောအဖွဲ့သည် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်- ရန်ကုန် မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာနရှိ ဆရာ ဆရာမများနှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ လူနာ ၁၈ ဦးတို့အား အခမဲ့ ခွဲစိတ်ကုသမှုပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | လယ်ဝေး |
| ၂။ | ကချင်ပြည်နယ် | မိုးကောင်း |
| ၃။ | ကရင်ပြည်နယ် | ဖာပွန်၊ ကမမောင်းမြို့နယ်ခွဲ၊ ကျိုက်ဒုံ |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ဘုတလင်၊ မြောင်၊ ခမ်းပတ်၊ ဝက်လက် |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | ကံပေါက်တိုက်နယ်၊ တနင်္သာရီ |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ရွှေကျင်၊ ပေါက်ခေါင်း၊ မိုးညို |
| ၇။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း၊ ရေစကြို၊ ပွင့်ဖြူ၊ အောင်လံ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | စဉ့်ကိုင်၊ မိုးကုတ် |
| ၉။ | မွန်ပြည်နယ် | မုဒုံ |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | မှော်ဘီ၊ ဒလ |
| ၁၁။ | ရှမ်းပြည်နယ် | ညောင်ရွှေ၊ ပင်လောင်း၊ ကွန်ဟိန်း၊ နောင်ချို၊ မိုင်းပျဉ်း |
| ၁၂။ | ဧရာဝတီတိုင်းဒေသကြီး | မြောင်းမြ၊ ဓနုဖြူ၊ အင်္ဂပူ၊ ကျိုက်လတ် |

# ခွန်အားများနဲ့နေ့သစ်ဆီ တရုတ်ရုပ်သံဇာတ်လမ်းတွဲ မိတ်ဆက်အခမ်းအနား ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးနှင့် Sky Net မီဒီယာတို့ ပူးပေါင်းဆောင်ရွက်သည့် “ခွန်အားများနဲ့ နေ့သစ်ဆီ” တရုတ်ရုပ်သံဇာတ်လမ်းတွဲ မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ Wyndam Grand Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် တရုတ်-မြန်မာ နှစ်နိုင်ငံမှ ဒါရိုက်တာများ၊ အနုပညာရှင်များနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

**အမှတ်တရစကားပြောကြား**

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က အမှတ်တရစကားများ ပြောကြားကြသည်။

ထို့နောက် “ခွန်အားများနဲ့နေ့သစ်ဆီ” တရုတ်ရုပ်သံဇာတ်လမ်းတွဲအား နမူနာ မိတ်ဆက်ပြသခြင်း၊ နောက်ခံစကားပြောကြားပုံကို လက်တွေ့ပြသခြင်း၊ အဆိုတော် ဆိုဖီယာ အဲဗရက်စ်က နောက်ခံဇာတ်ဝင်တေးသီချင်း ဖျော်ဖြေခြင်းနှင့် ဒါရိုက်တာ Mr. Zhao Bao Gang က အဆိုပါ ဇာတ်လမ်းတွဲရိုက်ကူးခြင်းနှင့် စပ်လျဉ်း၍ အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

“မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံမှုဟာ လာမယ့် ၂၀၂၀ ပြည့်နှစ်မှာ နှစ်(၇၀) ပြည့်မှာဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာတွေကို ဇာတ်လမ်းတွဲတွေက တစ်ဆင့်သိရှိဖို့၊ မြန်မာပြည်မှာ ပြသနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခြင်းက နှစ်နိုင်ငံအတွက် ဝမ်းသာစရာ ကောင်းပါတယ်။ နိုင်ငံရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တွေအတွက် များစွာအထောက်အကူ ဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်”ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

“ရုပ်ရှင်ရုပ်သံ ဇာတ်လမ်းတွဲတွေကို နောက်ခံစကားပြောကြားခြင်းက ပြောဆိုသူတွေရဲ့ ခံစားသက်ဝင်မှုအပေါ် အချိန်ကိုက် ပြောဆိုမှုတွေကြောင့် ပိုပြီးထိရောက်အောင်မြင်တာတွေ့ရပါတယ်။ တရုတ်နိုင်ငံမှာ ဒါကိုဥပဒေအဖြစ် ပြဋ္ဌာန်းထားပြီး နိုင်ငံခြားသားတွေနားလည်အောင် လုပ်ဆောင်ကြတယ်လို့သိရပါတယ်။ အဲဒီကနေ ယဉ်ကျေးမှုဖလှယ်တာတွေ၊ ချစ်ခင်ရင်းနှီးမှုတွေ ပိုမိုရရှိတိုးပွားစေပါတယ်”ဟု ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြောသည်။

**ဘဝဖြတ်သန်းမှုများကို ဖော်ကျူး**

ယခုမိတ်ဆက်သည့် “ခွန်အားများနဲ့နေ့သစ်ဆီ” တရုတ်ရုပ်သံဇာတ်လမ်းတွဲသည် ခေတ်တစ်ခေတ်အတွင်းရှိ လူငယ်များ၏ ဘဝစိန်ခေါ်မှုများကို ကြိုးစားရင်ဆိုင်ရုန်းကန်ခြင်း၊ ဘဝတစ်လျှောက်ကြုံတွေ့ရသည့် ချစ်ခြင်း၊ မုန်းခြင်းနှင့် သနားကရုဏာသက်စရာ စသည့် စိတ်ခံစားမှုများ၊ လောကဓံတရားများကို ရဲရဲရင်ဆိုင်ဖြေရှင်းကြသည့် ဘဝဖြတ်သန်းမှုများကို ဖော်ကျူးထားကာ အပြုသဘောဆောင်သည့် လူငယ်ဇာတ်လမ်းတွဲတစ်ခုဖြစ်ကြောင်း သိရသည်။

နောက်ခံ မြန်မာစကားပြောသူများအဖြစ် ဇေယျ၊ ကျော်ကျော်၊ သီရိရှင်းသန့်၊ ဆုမြတ်နိုးဦး စသည့် မြန်မာအနုပညာရှင်များက ပါဝင်သရုပ်ဆောင်ထားကြသည်။ အဆိုပါ ဇာတ်လမ်းတွဲကို လာမည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၆ ရက်မှ စတင်ကာ Sky Net ရုပ်မြင်သံကြား World Drama ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မွန်းဦးနဒီ**
**ဓာတ်ပုံ-ဇော်မင်းလတ်**



# နှစ်သစ်ကူး တရားအလှူတော်ဓမ္မသဘင်အခမ်းအနား သုံးရက်တိုင်တိုင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်အခမ်းအနားကို ရွှေတိဂုံစေတီတော်မြတ်ကြီး ခြေတော်ရင်း ပြည်သူ့ဥယျာဉ်၌ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက် (ဗုဒ္ဓဟူးနေ့)မှ ဇန်နဝါရီ ၃ ရက်(သောကြာနေ့)အထိ သုံးရက်တိုင်တိုင် ညစဉ် ည ၇ နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၁ ရက်(ဗုဒ္ဓဟူးနေ့)တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ ဇန်နဝါရီ ၂ ရက်(ကြာသပတေးနေ့)တွင် ပါမောက္ခချုပ်ဆရာတော်ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ဇန်နဝါရီ ၃ ရက်(သောကြာနေ့)တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိသီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရတို့က နှစ်သစ်ကူး တရားရေအေးအမြိုက်ဆေး တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

## မြန်မာ့ပင်လယ်ပြင်

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ဒီဇင်ဘာ ၁၄ ရက် မှ ၂၀ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁ | အသောကမင်းတရားကြီး၏ ကျောက်စာတော် | အရှင်အာဒိစ္စဝံသမထေရ် | ရာပြည့် | ၅၅၀၀ |
| ၂ | အစ္စရေးလ်ထောက်လှမ်းရေး (ပထမတွဲ) | ဒေါက်တာနီး(ဗလမင်းထင်) | စစ်သွေးဇာနည်စာပေ | ၁၁၀၀၀ |
| ၃ | ခြေလှမ်းတိုင်းငြိမ်းချမ်းပါတယ် | မောင်စံလေး(သထုံ) | ကိုလတ်စာပေ | ၁၇၀၀ |
| ၄ | ရတနာနတ်မယ် (သို့မဟုတ်) တစ်ခါတုန်းက သမ္မတကတော် | သန်းဝင်းလှိုင် | လွင်ဦးစာပေ | ၂၅၀၀ |
| ၅ | မိသားစုတန်ဖိုး | သည်မော်နိုင် | နှစ်ကာလများ | ၂၀၀၀ |
| ၆ | ရင်သည် ရိုးသည် | ရင်ရိုး | နှစ်ကာလများ | ၁၅၀၀ |
| ၇ | စိတ်ကြိုက်ဇာတ်ကား (၁၀၀) | ရုပ်ရှင်ကြည့် ပရိတ်သတ်တစ်ဦး | ရှင်မတောင်စာပေ | ၉၀၀၀ |
| ၈ | ဂုဏ်ယူဝံ့ကြွား မြန်မာ့အစားအစာများ | အိစံ | လင်းလွန်းခင် | ၈၅၀၀ |
| ၉ | အိုလံပီယံစကားပုံ | နေနိုင်(ပခုက္ကူ) | ရှင်မတောင်စာပေ | ၂၀၀၀ |
| ၁၀ | အောင်မြင်သောစီးပွားရေးလုပ်ငန်းများ | မနောစင် | အဖြူရောင် | ၅၀၀၀ |
| ၁၁ | ဘေဒေါ်ဝ်ကဗျာများ | ဇေယျာလင်း | နှစ်ကာလများ | ၂၅၀၀ |
| ၁၂ | နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဘယ်သူတွေပိုင်သလဲနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဆောင်းပါးများ | ဖိုးရာဇာ(မအူပင်) | Myanmar Harp Publishing | ၂၅၀၀ |
| ၁၃ | လမင်းသုံးစင်းသာတဲ့ည | ကိုဖေလင်းအောင် | Smart စာပေ | ၃၅၀၀ |
| ၁၄ | အချစ်ဟု-အမည်မပေးရသေး | မောင်လှမျိုး (ချင်းချောင်းခြံ) | ရွှေသစ္စာစာပေ | ၂၀၀၀ |
| ၁၅ | မှော်သမိုင်းခရီး | ကောင်းမြတ်လွန်းသော် | Phoenix Kingdom | ၃၅၀၀ |
| ၁၆ | လုပ်ဇာတ်၏ဗျူပွတ်(သို့မဟုတ်) ၂၀၀၈ ခြေဥလာရာ လားရာခွဲစိတ်ဖြာ | ဦးသိန်းသန်းဦး (မြန်မာနိုင်ငံ ရှေ့နေများကွန်ရက်) | ဆုပြည့်စုံထွန်းစာပေ | ၂၀၀၀ |
| ၁၇ | စိန်ပန်းကုံကော်ဆွတ်ပုံ့လွမ်းဖွယ် | ကလောင်စုံ | လင်းသစ်ရောင်စဉ် | ၂၅၀၀ |
| ၁၈ | ဘဝပုံရိပ်၊ စာပုံရိပ်အက်ဆေးများ | ကြည်နိုင် | ဆန်းစသော်တာ | ၃၀၀၀ |
| ၁၉ | သင်ခဲ့ရသမျှ စီးပွားရေးသင်ခန်းစာ-၁၀၁ ချက် | မြနှင်းဆီ | တူဒေး | ၅၀၀၀ |
| ၂၀ | သင့်ဦးနှောက်ထဲကသင် | နိုင်သစ်(မြန်မာပြန်) | သားငယ်စာပေ | ၄၀၀၀ |
| ၂၁ | ဂမ်ဘီယာ Bumsters | မျိုးဇေယျာဦး | ကိုလတ်စာပေ | ၃၀၀၀ |
| ၂၂ | ဝတ်မှုံခြေသံ | ဝင်းဝင်းမြင့်(နန်းတော်ရှေ့) | ဇလပ်နီ | ၃၀၀၀ |
| ၂၃ | အော်ဂဲနစ်ကဗျာများ | နန်းအလင်္ကာ(တောင်ကြီး) | ဆိပ်ကမ်းသာ | ၂၀၀၀ |
| ၂၄ | ကမ္ဘာ့သူရဲတပ်သားကျော်များ | ရဲဘော်ဖေသန်း | စိတ်ကူးချိုချို | ၃၅၀၀ |
| ၂၅ | လစ်ဘရယ်ဝါဒ၊ ဒီမိုကရေစီနှင့် မြန်မာနိုင်ငံ | အေးသိန်းနှင့်ခိုင်လင်းသူ (ဘာသာပြန်) | Myanmar Book Center | ၈၈၀၀ |
| ၂၆ | နိုင်ငံခြားသား ဗုဒ္ဓဘာသာ ရဟန်းတော်များနှင့် ယောဂီများ | မြတ်မင်္ဂလာ အယ်ဒီတာအဖွဲ့ | စိတ်ကူးချိုချို | ၃၅၀၀ |
| ၂၇ | တွန်းရွှေ့ခံတောင်တန်းများပေါ်က ပုထုဇဉ်သီချင်းကဗျာများ | ကံထွန်းသစ် | စာနဒီစာပေ | ၂၅၀၀ |
| ၂၈ | ကိုယ့်နှလုံးသားကို ကိုယ်ကိုယ်တိုင်ကုစားနည်း | ဒေါက်တာခင်စန်းမော် | Wisdom House | ၅၀၀၀ |
| ၂၉ | Black Paradise | Crystal Miyo | ရွှေလာဘ်စာပေ | ၅၀၀၀ |
| ၃၀ | စိတ်ရဲ့ရော်ဝါရွက်ကြွေများ | အိခိုင်မွန် | ရွှေလာဘ်စာပေ | ၅၀၀၀ |
| ၃၁ | The Unfound | Hans & Bee | ရွှေလာဘ်စာပေ | ၃၀၀၀ |
| ၃၂ | မိုးမိုး(အင်းလျား)အမှတ်တရဝတ္ထုတို ပြိုင်ပွဲဆုရဝတ္ထုတိုများ(ပထမအုပ်) ၁၉၉၄-၁၉၉၅-၁၉၉၆ (၃)အုပ်တွဲ | မိုးမိုး(အင်းလျား) | စာပေလောက | ၆၅၀၀ |
| ၃၃ | ခွန်ဆာနှင့်ကျွန်တော်(သို့မဟုတ်) The King & I | စိုင်းဆိုင်မှုန် | ယွန်းချိုစာပေ | ၃၅၀၀ |

# တစ်ခါတလေမှာ ကြားအဆင့်မှာ ကျွန်တော်တို့ မလိုလားတဲ့ Result ရရင်ရမယ် ဒါပေမယ့် နောက်ဆုံး Result မှာ ကျွန်တော်တို့နိုင်ဖို့ အခွင့်အလမ်းကောင်းပါတယ်

ဦးကျော်တင်၊ ဥပဒေရေးရာအကြံပေး

## အပြည်ပြည်ဆိုင်ရာတရားရုံး ICJ ကြားနာမှုဆိုင်ရာ အတွေ့အကြုံများ စကားဝိုင်းကျင်းပ

တာရာ၊ ကေကေ

(ယမန်နေ့မှအဆက်)

**ဦးကိုကို** ။ ။သူတို့ လျှောက်လဲချက်တွေထဲက စိတ်ဝင်စားစရာ ကောင်းတဲ့အချက်တွေများ ရှိမလား။

**ဦးကျော်တင်။** ။ ရှိပါတယ်။ ICJ မှာ ကြားဖြတ်အစီအမံ ကြားနာမှုအတွက် လုပ်တာဖြစ်ပါတယ်။ အဲဒီမှာ ခုနက ဆရာ ဆရာမတို့ရှင်းပြတဲ့ အချက်လက်တွေကို ဥပဒေပညာရှင်တွေက ICJ ကို တင်ပြလိုက်ပါတယ်။ ဒီအချက်တွေမှာ အချက်လေးခုရှိပါတယ်။ ပထမအချက်က Jurisdiction and Standing ဆိုတာ ဆရာမ ရှင်းပြသွားပါတယ်။ နောက်တစ်ချက်က Plausibility Claim ဆိုတာ ဦးသီဟန်မျိုးညွန့်က ရှင်းပြသွားပါတယ်။

ပါမောက္ခ Phoebe Okowa က နှစ်ချက်ကို ရှင်းပြပါတယ်။ အဲဒီနှစ်ချက်က ဘာနဲ့ဆိုင်လဲဆိုတော့ မြန်မာနိုင်ငံမှာ လက်ရှိအခြေအနေက Genocide ဖြစ်နေသလား၊ ဖြစ်နိုင်ဖွယ်ရာရှိသလားဆိုတဲ့ အချက်တွေနဲ့ ဆိုင်ပါတယ်။ ဒါကို ရှင်းပြသွားတာက မြန်မာနိုင်ငံမှာ အစိုးရလုပ်နေတဲ့ လုပ်ငန်းတွေကို ရှင်းပြသွားပါတယ်။ အဲဒီလုပ်ငန်းတွေကို Genocide ဖြစ်နေရင် ဘာဖြစ်လို့ လုပ်နေမှာလဲဆိုပြီး ရှင်းပြသွားပါတယ်။

ရှင်းပြတဲ့အခါ သုံးပိုင်းခွဲပြီး ရှင်းပြသွားပါတယ်။



ဒေါက်တာသီတာဦး အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့

ပထမအပိုင်းက နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံတာ လုပ်တယ်၊ ကုလသမဂ္ဂအဖွဲ့အစည်းတွေ UNDP၊ UNHCR တို့ အပါအဝင် နိုင်ငံတကာကလည်း အကူအညီပေးနေပါတယ်။ ပါမောက္ခ Phoebe Okowa က Genocide ဖြစ်နေရင် ဒါတွေ ဘာလို့ အကူအညီပေးမှာလဲ ဆိုပြီးတော့ မေးသွားပါတယ်။ ပြီးတော့ ဒုတိယအချက်က ရခိုင်ပြည်နယ်ကို တည်ငြိမ်အေးချမ်းမှုရှိအောင် ကြိုးစားနေပါတယ်။ ဥပမာဆိုရင် ကျူးလွန်မှုဖြစ်ခဲ့တာကို တရားစွဲဆိုမှုတွေ လုပ်နေပါတယ်။

ဒီအချက်နဲ့ ကျွန်တော် နည်းနည်းရှင်းပြချင်တာက Complementary Principle ပြည်တွင်းတရားစီရင်မှုကို ထောက်ခံပေးတဲ့စနစ်ပါပဲ။ အဲဒါက ဘာလဲဆိုတော့ ပြည်တွင်းတရားရုံးတွေက ဆောင်ရွက်လိုစိတ် မရှိခြင်းနဲ့ ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ အချိန်မှသာ နိုင်ငံခြားတရားရုံးတွေအနေနဲ့ ဒီအမှုတွေကို လာပြီး တရားစီရင်ခွင့်ရှိတယ်။ အဲဒီ Complementary Principle အရ ကျွန်တော်တို့နိုင်ငံမှာ အခုလုပ်နေတဲ့ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်(ICOE) နဲ့ တပ်မတော်အနေနဲ့ လွတ်လပ်သောတရားရုံးတွေ လုပ်နေပါတယ်။ အဲဒါတွေက မလုံလောက်မှ နိုင်ငံခြားအနေနဲ့ ဝင်ရောက်စွက်ဖက်နိုင်ပါတယ်။ အဲဒါကို အဓိက ပြောချင်တာပါ။

ပြီးတော့ တတိယအချက် ဂမ်ဘီယာအနေနဲ့ စွပ်စွဲတဲ့အချက်အလက်တွေမှာ ရခိုင်မှာ ပဋိပက္ခတွေဖြစ်နေတဲ့အကြောင်းကို ထည့်ပြီး တင်ပြခြင်းမရှိပါဘူး။ လုပ်ငန်းတွေက နှောင့်နှေးမှုတော့ ရှိရင်ရှိလိမ့်မယ်။ ဒါပေမယ့် ရခိုင်ပြည်နယ်မှာ အေးချမ်းမှု မရှိသေးလို့ဆိုတာ ပါမောက္ခ Phoebe Okowa က ရှင်းပြသွားပါတယ်။

**ဦးကျော်တင့်ဆွေ။** ။တစ်နည်းအားဖြင့်ဆိုရင် ရခိုင်ပြည်နယ်မှာ လက်ရှိ AA နဲ့ တိုက်ခိုက်မှုတွေရှိတယ်။ တိုက်ခိုက်မှုတွေ ရှိနေတဲ့အခါ ကျွန်တော်တို့အနေနဲ့ လုံခြုံရေးအရ ဟန့်တားရတာတွေ ရှိတယ်ဆိုတာကို သူက ထောက်ပြသွားပါတယ်။

နောက်တစ်ခုက မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်နဲ့ နှစ်နိုင်ငံလက်မှတ်ရေးထိုးထားတဲ့ သဘောတူစာချုပ်ပါ။ အဲဒီသဘောတူစာချုပ်မှာ ၂၀၁၆–၂၀၁၇ မှာ သွားခဲ့တဲ့ လူတွေသည် မြန်မာနိုင်ငံမှ လာရောက်သောသူများဖြစ်ပါက ပြန်လည်လက်ခံမည်။ ဘယ်လောက်အကန့်အသတ်နဲ့



ဦးကိုကို(စက်မှုတက္ကသိုလ်)
Moderator

လက်ခံမည်ဆိုတာကို သတ်မှတ်ခြင်းမရှိဆိုတော့ Genocide အနေနဲ့ လုပ်နေတဲ့ နိုင်ငံတစ်ခုက ဒီလူတွေ ပြန်ပြီးလက်ခံမယ်ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ပြီးတဲ့အခါ ခုနက ဦးကျော်တင်ပြောသလို မြန်မာနိုင်ငံသည် လုပ်လည်း လုပ်နိုင်တယ်။ လုပ်ဖို့ဆန္ဒလည်း ရှိတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံဖွဲ့စည်းပုံအရ civilian site မှာ civilian court ရှိသလို တပ်မတော်ဘက်မှာလည်း court-martial ဆိုတာ ရှိပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောသွားတဲ့အထဲမှာ မြန်မာနိုင်ငံသည် UK နဲ့ US မှာလို Military Justice System ရှိတယ်။ Military Justice System ကလည်း အခုလုပ်နေတယ်။ အခုလုပ်နေတဲ့ကိစ္စအပေါ် သူ့ လုပ်ငန်းပြီးအောင် စောင့်ကြည့်ဖို့ လိုတယ်။ ICOE အနေနဲ့လည်း အခု သက်သေပေါင်း ၁၅၀၀ ကျော်လောက်ကို ပြင်ဆင်ပြီးဖြစ်တယ်။ မကြာခင်လည်း ICOE အနေနဲ့ သူ့ရဲ့ အပြီးသတ် စုံစမ်းစစ်ဆေးချက်တွေကို တင်ပြမှာဖြစ်တယ်။

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောသွားတဲ့အထဲမှာ မြန်မာနိုင်ငံသည် UK နဲ့ US မှာလို Military Justice System ရှိတယ်။ Military Justice System ကလည်း အခုလုပ်နေတယ်။ အခုလုပ်နေတဲ့ကိစ္စအပေါ် သူ့လုပ်ငန်းပြီးအောင် စောင့်ကြည့်ဖို့လိုတယ်။ ICOE အနေနဲ့လည်း အခု သက်သေပေါင်း ၁၅၀၀ ကျော်လောက်ကို ပြင်ဆင်ပြီးဖြစ်တယ်။ မကြာခင်လည်း ICOE အနေနဲ့ သူ့ရဲ့ အပြီးသတ် စုံစမ်းစစ်ဆေးချက်တွေကို တင်ပြမှာဖြစ်တယ်။ ဒါကြောင့်မို့ နိုင်ငံတကာအနေနဲ့ ဝင်ရန်မထိုက်ဆိုတာကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရော၊ ကျွန်တော်တို့ ရှေ့နေတွေအားလုံးရော ဒါကို မီးမောင်းထိုးပြ ဆောင်ရွက်နိုင်ခဲ့ပါတယ်။**



ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ပူးတွဲကိုယ်စားလှယ်၊ မြန်မာကိုယ်စားလှယ်အဖွဲ့

ဒါကြောင့်မို့ နိုင်ငံတကာအနေနဲ့ ဝင်ရန်မထိုက်ဆိုတာကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရော၊ ကျွန်တော်တို့ ရှေ့နေတွေ အားလုံးရော ဒါကို မီးမောင်းထိုးပြဆောင်ရွက်နိုင်ခဲ့ပါတယ်။

**ဦးကိုကို** ။ ။ပြည်ထောင်စုဝန်ကြီးအနေနဲ့ သူတို့ စွပ်စွဲချက်တွေမှာ တချို့ကိစ္စတွေက တော်တော်လေးကို ကျိုးကြောင်းဆီလျော်မှုမရှိဘူး။ ဥပမာအားဖြင့် UEHRD လိုမျိုးကို ဆွဲထည့်သွားတယ်။ UEHRD က ပြန်လည်ဝင်ရောက်လာမယ့်သူတွေအတွက်ကို နေဖို့ ထိုင်ဖို့ကိစ္စတွေ၊ လမ်းပန်းဆက်သွယ်ရေး၊



ဦးသီဟန်မျိုးညွန့်၊ ဥပဒေရေးရာအကြံပေး အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့

Infrastructure စတဲ့ Task Force တွေ အများကြီးရှိပါတယ်။ အဲဒီလိုမျိုး ဆောင်ရွက်နေတာကို Genocide နဲ့ ဆက်စပ်ပြီး ဆွဲထည့်သွားတယ်။ အဲဒီဟာကိုလည်း နားမလည်နိုင်ဘူး ဖြစ်နေတယ်။

**ဦးကျော်တင့်ဆွေ။** ။အဲဒါဘာကြောင့်လဲဆိုတော့ UN Fact Finding Mission ရဲ့ Report ကြောင့် ဖြစ်ပါတယ်။ FFM Report ဟာ အခြေအမြစ်လည်း မရှိဘူး၊ မျှတမှု မရှိဘူး၊ ယုတ္တိမရှိဘူး။ ကျွန်တော်တို့ကို Genocide နဲ့ပတ်သက်ပြီး စွပ်စွဲသွားတဲ့အချက်က ဒီ Report အပေါ်မှာ မူတည်နေတယ်။ အဲဒီတော့ Report ယုတ္တိ မရှိဘူးဆိုတာ UEHRD မှာလုံးဝပေါ်တယ်။

UEHRD ကို ဘယ်လို စွပ်စွဲထားလဲဆိုတော့ UEHRD သည် ဘင်္ဂလားဒေ့ရှ်ဘက်ကို ပြေးသွားတဲ့သူတွေရဲ့ မြေယာကို သိမ်းပါတယ်။ UEHRD က နိုင်ငံတော်ရဲ့ အဖွဲ့အစည်းကြီး ဖြစ်ပါတယ်။ UEHRD က အဲဒီမှာရှိတဲ့ နေရာတွေကို ဘူဒိုဇာနဲ့ ထိုးပါတယ်ဆိုပြီးတော့ စွပ်စွဲသွားပါတယ်။ ဒီမှာရှိတဲ့ ပြည်သူတွေ အားလုံးရော၊ သံတမန်တွေ အားလုံးရော၊ ကုလသမဂ္ဂက သူတွေရော ဒီကိစ္စ မဟုတ်ဘူးဆိုတာ ကောင်းကောင်းသိပါတယ်။

သို့သော် ဘာကြောင့် ဒါကို စွပ်စွဲသွားလဲဆိုတော့ သူတို့ ကြည့်တာက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်လာတဲ့အခါမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်ရမယ်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို နာမည်ဖျက်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိတယ်။ ဒါကြောင့်မို့ သူတို့ဘက်က အတော်ဆုံး ရှေ့နေလို့ ပြောရမယ့် ပါမောက္ခ Sands က ဘာပြောသွားလဲဆိုရင် အဲဒါကို စွပ်စွဲသွားတဲ့အပြင် အခု UEHRD ရဲ့ ဥက္ကဋ္ဌကတော့ ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ်ဖြစ်တဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပဲ ဆိုပြီး စွပ်စွဲသွားတယ်။

ကျွန်တော် တင်ပြချင်တာက FFM Report က တကယ်ကို စနစ်တကျလုပ်ထားတဲ့ဟာ မဟုတ်ဘူး။ မှုမှုတတလုပ်ခိုင်းတဲ့ဟာ မဟုတ်ဘူး။ ဒီစွပ်စွဲချက်တွေကို ကျွန်တော်က လွယ်လွယ်ကူကူသာ UEHRD နဲ့ ချေပခဲ့ခြင်း ဖြစ်ပါတယ်။ တခြား ချေပစရာတွေ အများကြီးရှိပါတယ်။ တကယ်တော့ UEHRD ကိစ္စက သိပ်ရှင်းတဲ့ ကိစ္စပါ။ UEHRD က National Movement၊ ရခိုင်ကိစ္စက အမျိုးသားအရေးဖြစ်တဲ့အတွက် အမျိုးသားအရေးကိစ္စမှာ အဖွဲ့အစည်းပေါင်းများစွာ စေတနာအလျောက် ပါဝင်ပြီးတော့ ကူညီခြင်းပဲဖြစ်တယ်။ UEHRD ကိစ္စနဲ့ ပတ်သက်ပြီး ပါမောက္ခ Phoebe Okowa ပြောသွားတဲ့အထဲမှာ နိုင်ငံတကာက ဝင်ကူနေတယ်။ UEHRD က Genocide ကိစ္စတွေ လုပ်တယ်ဆိုရင် နိုင်ငံတကာက ဘာလို့ ဝင်ကူမှာလဲ။ ဒါကို ထောက်ပြနိုင်တယ်။

**ဦးကိုကို** ။ ။သူတို့ရဲ့ ရှေ့နေတွေ ပြောသွားတဲ့ လျှောက်လဲတဲ့ အချက်ထဲမှာ ICJ ကို ဖိအားပေးသလို ထိန်းချုပ်သလိုပြောသွားတာလည်းရှိပါတယ်ခင်ဗျ။ အဲဒါကို နည်းနည်းလောက်ဆွေးနွေးပေးပါဦး။

**ဦးသီဟန်မျိုးညွန့်။** ။အဲဒါကဘယ်သူပြောသွားတာလဲဆိုတော့ ဂမ်ဘီယာဘက်က



ဦးကျော်တင်၊ ဥပဒေရေးရာအကြံပေး အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့

ရှေ့နေတစ်ယောက်၊ ကျွန်တော် နာမည်တပ်ပြောပါမယ်။ Mr.Philippe Sands က ဒါကို ဘယ်လို ပြောသွားသလဲဆိုရင် ကမ္ဘာရဲ့ မျက်လုံးတွေက ဒီ ICJ ခုံရုံးအပေါ်မှာရှိတဲ့ တရားသူကြီးတွေအပေါ်မှာ ရောက်နေပါတယ်ပေါ့။ The eyes of the world are on you ဆိုပြီး ပြောသွားပါတယ်။ ဘာကြောင့် ပြောသွားလဲဆိုတော့ တရားသူကြီးတွေ ဆုံးဖြတ်တဲ့အချိန်မှာ မှားတာကို မဆုံးဖြတ်ပါနဲ့။ သူတို့ဘက်ကပဲ မှန်ပါတယ်ဆိုတဲ့ ပုံစံမျိုး ပြောသွားခြင်းဖြစ်ပါတယ်။ ဒါကအမှန်တကယ်တော့ ကျွန်တော်တို့ဘက်က ရှေ့နေတွေလိုမျိုး ဒီဥပဒေအပေါ်မှာ အခြေခံပြီးတော့ ပြောသွားတဲ့ Argument တစ်ခု မဟုတ်ပါဘူး။ ဒါကျတော့ ကျွန်တော်တို့ရှေ့နေလောကမှာဆိုတော့ Political Argument ပါ၊ ဒီလိုမျိုး Argument လုပ်ခြင်းဟာ ခြိမ်းခြောက်တယ်လို့တော့ ကျွန်တော် ရှေ့နေတစ်ယောက်အနေနဲ့ အဲဒီလောက်အထိတော့ မသွားချင်ပါဘူး။ ဒါပေမယ့် မီးမောင်းထိုးပြလိုက်တဲ့ပုံစံမျိုးနဲ့ တူပါတယ်။

**ဦးကိုကို** ။ ။ အဲဒီတော့ ကျွန်တော်တို့က ကိုယ့်ကို တရားစီရင်မယ့် တရားရုံးတစ်ခုကို ဒီလိုမျိုးပြန်ပြီးတော့ ပြောတယ်ဆိုတဲ့ဟာကရော ဒီဥပဒေကြောင်းအရ ဆရာမ ဘယ်လိုမျိုးရှိနိုင်မလဲ၊ ကျွန်တော်တို့ ပြည်တွင်းမှာကျတော့ တရားရုံးတို့ ဘာတို့ပြောရင် ကျွန်တော်တို့ဒါက ဥပဒေငြိတယ်၊ တရားသူကြီးဘာဖြစ်တယ်၊ တရားစီရင်ရေး ဘာဖြစ်တယ်လို့ပြောရင် ဥပဒေအရ ငြိစွန်းတယ်၊ အဲဒီတော့ အပြည်ပြည်ဆိုင်ရာ ဥပဒေတွေတော့ ကျွန်တော် သိပ်နားမလည်လို့ပါ။

**ဒေါက်တာသီတာဦး။** ။ အမှန်တကယ်ရိုင်းပျတဲ့ အပြုအမူတွေနဲ့ တကယ်ကိုပဲ တရားရုံးကို မချေမငံ၊ မထီမဲ့မြင်လုပ်တဲ့ ပုံစံမျိုးတွေဖြစ်ခဲ့တယ်ဆိုရင်တော့လည်း ကျွန်မတို့ကနေပြီးတော့ တရားရုံးကို တင်ပြပြီးတော့ လျှောက်လဲချက်ပေါ့၊ သက်သက် သီးသန့်တင်တာမျိုးတွေ ဘာတွေတော့ လုပ်နိုင်မယ်လို့ ကျွန်မယူဆပါတယ်။

**စာမျက်နှာ ၁၁ သို့** ❍

❍ စာမျက်နှာ ၁၀ မှ

**ဦးကျော်တင့်ဆွေ။** ။ဒီမှာတော့ သူကလည်း တကယ့်ကို ကျွမ်းကျင်တဲ့ ရှေ့နေဆိုတော့ အဲဒါကို လွတ်အောင်လို့ ပြောသွားတယ်။ စကားလုံးလေးတွေ ရွေးသွားတယ်။ သူက ဘာပြောသွားလဲဆိုတော့ ၁၉၆၆ ခုနှစ်မှာ တောင်အာဖရိကနဲ့ပတ်သက်ပြီး ဒီတောင်အာဖရိကဘက်က မကျူးလွန်ပါဘူးဆိုပြီးတော့ ဒီတရားရုံးက ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီလိုဆုံးဖြတ်ခဲ့တဲ့အတွက် ဒီတရားရုံးက အနှစ် ၂၀ လောက် မဲဇာအပို့ခံရတယ်။ ဆိုလိုတာက in the wilderness ဆိုပြီးတော့ သူကပြောသွားပါတယ်။ ဒီမှာလည်း ဒီလိုဟာမျိုးဆုံးဖြတ်ခဲ့မယ်ဆိုရင်ဆိုတဲ့ သွယ်ဝိုက်ပြီးတော့ ပြောတာမျိုးရှိတယ်။

**ဒေါက်တာသီတာဦး။** ။ကျွန်မကတော့ ဒီမှာ အားလုံးဆွေးနွေးခဲ့သလိုပေ့ါ။ ကျွန်မတို့ဘက်က ရှေ့နေကြီးတွေက တကယ်ကို မားမားမတ်မတ်နဲ့ ဥပဒေအချက်အလက်တွေကို သေချာထောက်ပြနိုင်ခဲ့တယ်။ သူတို့ရဲ့ လိုအပ်ချက်၊ ရပ်တည်ချက်တွေကိုလည်း ဥပဒေနဲ့အညီပဲ သူတို့ကပြန်ပြီးတော့ ချေပလိုက်ပါတယ်။ ချေပခဲ့တယ်။ အဲဒီတော့ ကျွန်မတို့ရဲ့ Legal Standing ပေ့ါ။ ဥပဒေရပ်တည်ချက်ကတော့ ကျွန်မတို့အတွက် ဒီရင်ဆိုင်မှုမှာ အတော်ကိုခိုင်မာတယ်ပေ့ါ။ ခိုင်မာတယ်လို့တော့ ပြောချင်ပါတယ်။ ဒီ ICJ ကလည်း တကယ်တော့ ကမ္ဘာ့တရားမျှတမှုအတွက် တရားစီရင်တဲ့ ဥပဒေရေးရာဌာနကြီးမဟုတ်လား။ အဲဒီတော့ ကျွန်မအနေနဲ့တော့ ဒီလောက်ပဲ ယူဆပါတယ်။ ဒီလောက်ပဲ ပြောချင်ပါတယ်။

**ဦးကိုကို** ။ ။ကျွန်တော် ထပ်သိချင်တာက ကျွန်တော်တို့ မြန်မာဘက်ကနေပြန်ပြီးတော့ ဒီချေပတဲ့ကိစ္စမှာ ကျွန်တော်တို့နိုင်ငံတော်ကိစ္စမှာ နိုင်ငံတော်၏အတိုင်ပင်ခံပြောတဲ့ဟာဆိုရင် ရာဇဝင်ပါခင်းသွားတာနော်။ ဖြစ်ခဲ့တဲ့ နောက်ခံသမိုင်းတွေကို ခင်းကျင်းပြီးတော့ မျက်မှောက်ခေတ်အထိ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာကို တော်တော်ကြီးကို ရှင်းရှင်းလင်းလင်း၊ ရဲရဲဝံ့ဝံ့၊ ပြတ်ပြတ်သားသား အမှန်တရားအတိုင်း ပြောခဲ့တယ်။ ARSA အကြမ်းဖက်မှုကိစ္စတွေ၊ ပြည်ထောင်စုဝန်ကြီးပြောသလို အခြားသောမျိုးနွယ်စုတွေ အသတ်ခံရတဲ့ဟာတွေရှိတယ်။ အဲဒါတွေနဲ့ပတ်သက်ပြီးတော့ ပြောတယ်။ ပြောပေမယ့် သူတို့ဘက်ကနေပြီးတော့ ကျွန်တော်တို့ပြောတာတွေကို ပြန်ချေပတဲ့အချိန်မှာ အရင်အဟောင်းတွေကိုပဲ၊ ပြောပြီးသားဟာကိုပဲ ထပ်ခါတလဲလဲ ပြန်ပြောပြီးတော့ ကျွန်တော်တို့ကနေ မင်းတို့ ဒီလိုဒီလိုဖြစ်ပါတယ်လို့ ပြောတာတွေကျတော့ ဘာမှပြန်မပြောဘူး။ အဲဒီအပေါ်မှာရော ဘယ်လိုမြင်ပါသလဲခင်ဗျာ။

**ဦးကျော်တင်။** ။ မှန်ပါတယ်။ သူတို့မှာ ဒါတွေက ချွတ်ယွင်းမှုရှိတယ်။ သူတို့မှာ ဒီ Evidence က အလုံအလောက်မရှိတော့ ဒီ FFM Report၊ Special Rapporteur Ms.Yanghee Lee သူတို့ပြောဆိုချက်တွေကိုပဲ မှီခိုပြီးတော့ တရားရုံးမှာ လာပြီးတော့ တင်ပြတာပဲ၊ အမှန်မှာတော့ FFM Report မှာ ကြည့်မယ်ဆိုရင် အရင်က Background ပေ့ါ၊ Background ကို သူတို့က ဘာမှရှင်းပြတာမဟုတ်ဘူး။ ရခိုင်က ၂၀၁၆ – ၂၀၁၇ မတိုင်မီက ဘယ်လိုမျိုး အခြေအနေရှိတယ်ဆိုတာကိုလည်း ဆွေးနွေးမှုလည်း မရှိဘူး။ ပြီးတော့ ဂမ်ဘီယာအနေနဲ့ တင်ပြချက်တွေမှာ ရခိုင်ပြည်က ပဋိပက္ခဖြစ်နေတာ ရခိုင်ပြည်နယ်ရဲ့ တခြားပြဿနာတွေ ဘာမှရှင်းပြတာမဟုတ်ဘူး။ ARSA ရဲ့ တိုက်ခိုက်မှုတွေအားလုံး ဒါတွေကို Leave out လုပ်လိုက်ပါတယ်။

**ဒေါက်တာသီတာဦး။** ။Asian Centre for Human Rights က Ms.Yanghee Lee ဟာ Special Rapporteur ရဲ့ Code of Conduct သူ့ရဲ့လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ တင်သွင်းသူရဲ့ ကျင့်ဝတ်တွေနဲ့အညီ ဆောင်ရွက်ခြင်းမရှိဘူးလို့ သူတို့က သုံးသပ်တယ်။ သူတို့ကိုယ်တိုင်ကတောင် Ms.Yanghee Lee ကို Special Rapporteur အနေနဲ့ ပြန်လည်ရုပ်သိမ်းဖို့ ကြေညာချက်လေးထုတ်ထားတာရှိပါတယ်။

**ဦးကိုကို** ။ ။ကျွန်တော့်အနေနဲ့ အခြေအနေတွေကို ပြန်ပြီးသုံးသပ်ကြည့်တဲ့အခါမှာ တစ်ဆင့်ချင်း တစ်ဆင့်ချင်း ပုံစံလေးတွေသွင်းပြီးတော့ လုပ်နေတဲ့ပုံစံမျိုးတွေ ခံစားရပါတယ်။ အဲဒီတော့ ကျွန်တော်နည်းနည်းလေးဆွေးနွေးချင်တာက ဒီလိုဖြစ်လာလောက်တဲ့အထိကို Well Plan တစ်ခုခုနဲ့များ လုပ်သလားလို့တောင် ကျွန်တော်မြင်ပါတယ် ခင်ဗျာ။

**ဦးကျော်တင့်ဆွေ။** ။ကျွန်တော်တို့ဘက်က ဥပဒေကြောင်းအရပဲ ပြောတဲ့အတွက်တော့ အဲဒီအရာကို ထုတ်မပြောချင်ပါဘူး။ သို့သော် ကျွန်တော်တို့ ပြန်ကြည့်မယ်ဆိုရင် FFM Report တွေက တစ်နှစ်ထက်တစ်နှစ် ထပ်ပြီးတော့ တင်လာသော်လည်း အချက်အလက်က မူလအချက်အလက်ကိုပဲ ထောက်ပြပြီးတော့ report အသစ်ဆိုပြီး ပြန်ပြီး တင်လာခြင်းဖြစ်ပါတယ်။ ဒီအချက်ကိုလည်း ကျွန်တော်တို့ ရှေ့နေတွေက သေသေချာချာ ထုတ်ပြန်နိုင်ခဲ့ပါတယ်။ အရင် Report တွေမှာ Genocide နဲ့ ပတ်သက်ပြီးတော့ ဖြစ်နိုင်တယ်ဆိုတဲ့ အချက်တွေ လုံးဝမထည့်ထားပါဘူး။

ကျွန်တော်တို့နဲ့ ပတ်သက်ပြီးတော့ မေလ ၂၀၁၈ ခုနှစ်မှာ OIC ကနေပြီးတော့ ကျွန်တော်တို့ကို ICJ မှာ တရားစွဲဖို့ဆိုတဲ့ ကိစ္စတွေကို တရားဝင်ဆုံးဖြတ်ပြီးတဲ့အခါမှာတော့ FFM Report တွေ၊ Special Rapporteur ရန်ဟီလီရဲ့ Report တွေမှာ Genocide ဖြစ်ကောင်းဖြစ်နိုင်တယ်၊ Genocide လို့ ယူဆနိုင်တယ်ဆိုတဲ့ သုံးသပ်ချက်တွေ ထည့်လာတာကို တွေ့ရပါတယ်။

> **ပြီးခဲ့တဲ့ တစ်ခေါက်က ဆွေးနွေးခဲ့သလို ဒီ Provisional Measures ချကောင်းချမယ်။ ချတာလည်း ကျွန်မတို့အမှုကြီးက ရှုံးသွားတာမဟုတ်ဘူး။ တကယ့်မူရင်း အမှုကြီးက ကျွန်မတို့က စကိုမစရသေးဘူး။ ဒါပေမယ့် Provisional Measures ကို မချဘူးလို့ ဆုံးဖြတ်တာလည်း ဖြစ်နိုင်တယ်။ ဒါလည်း အမှုနိုင်သွားတာမဟုတ်ပါဘူး။ ကျွန်မတို့ရဲ့ တကယ်မူရင်းအမှုက မစသေးပါဘူး**

**ဦးသီဟန်မျိုးညွန့်။** ။ခုနက ဦးကိုကို မေးတဲ့မေးခွန်းအပေါ် ကျွန်တော် တချို့ဟာလေးတွေ ဖြည့်ချင်ပါသေးတယ်။ ဘာလဲဆိုတော့ ကျွန်တော်တို့ဘက်က တင်ပြတာက ကျွန်တော်တို့ဘက်က သမိုင်းလည်းပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ အခု ဘာတွေဖြစ်နေတယ်ဆိုတာလည်း ပါတယ်။ ဒီပဋိပက္ခတွေ ဘယ်ကစဖြစ်လာတယ်ဆိုတာကအစပါ ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါမျိုးတွေ ထည့်ပြောခြင်းအားဖြင့် တရားသူကြီးတွေကို ကျွန်တော်တို့ရဲ့ ရခိုင်ပြည်နယ်နဲ့ပတ်သက်လို့ အသိမှန်အောင်လို့ ပြောခြင်းဖြစ်ပါတယ်။ အဲဒါ ပြောခြင်းတင်မကဘူး။ ကျွန်တော်တို့က အပြင်ကနေကြားနေတာတွေဟာ အမှန်မဟုတ်ပါဘူး။ နိုင်ငံတကာသတင်းစာတွေကနေ ကြားနေရတွေဟာ အမှန်မဟုတ်ပါဘူး။ FFM Report ထဲမှာ ရှိနေတာတွေက အမှန်မဟုတ်ပါဘူး။ ကျွန်တော်တို့ ဘက်ကနေ Counter–narrative လေးတစ်ခု စပြီးပျိုးခဲ့ခြင်းဖြစ်ပါတယ်။ အဲဒါမျိုးစပြီးပျိုးခဲ့တာက ဘာအတွက် အရေးကြီးလဲဆိုတော့ ကျွန်တော်တို့ဆီမှာ Alternative Explanation ရှိလာပြီ၊ ဘာကြောင့် ဒီကိစ္စတွေ ဖြစ်လာတယ်၊ ဘာကြောင့် ဒီပြဿနာတွေရှိခဲ့လဲ၊ ကျွန်တော်တို့ဆီမှာ Alternative Explanation ရှိလားဆိုတာ ထောက်ပြခဲ့ပါတယ်။ ဒီ Counter–narrative က ရှေ့ဆက်ပြီးတော့လည်း ပြောသွားဖို့ လိုပါတယ်။

ကျွန်တော်တို့ တိုင်းပြည်အနေနဲ့ Counter–narrative က ဘာလဲဆိုတာ အပြင်ကို ထင်ထင်ရှားရှားရှိအောင် သေချာရှင်းပြ၊ ပြောပြပေးဖို့လိုပါတယ်။ ဒါက တရားရုံးမှာတင် လုပ်ရမယ့် ကိစ္စမဟုတ်ပါဘူး။ တရားရုံးကတော့ ဘယ်လိုမျိုးဖြစ်လာမလဲဆိုတော့ Counter–narrative တရားရုံးက တစ်ဆင့်သွားရင်တော့ Evidence တစ်ခုအနေနဲ့ ထွက်ပေါ်လာမှာပါ။ ဒါပေမယ့် အပြင်မှာလည်း ကျွန်တော်တို့အနေနဲ့ Counter–narrative က အရေးကြီးတယ်ဆိုတာ အကုန်လုံးကို အသိပေးရမှာပါ။

**ဦးကိုကို** ။ ။ကျွန်တော်က မီဒီယာသမားဖြစ်တဲ့အတွက် မီဒီယာတစ်ခုအမြင်နဲ့ ပြောရရင် ကျွန်တော်တို့ ရှေ့ပိုင်းမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ဘာကြောင့် စွန့်စွန့်စားစားသွားသလဲဆိုတာ ပြောခဲ့သလို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်က လျှောက်လဲတယ်။ တင်ပြတယ်။ ဒုတိယနေ့မှာ ပြောကြားချက်တွေ အကုန်လုံးက နိုင်ငံတကာ မီဒီယာအကုန်လုံးမှာ Headline အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်က ဒီလိုပြောတယ်ဆိုပြီး ပါလာတယ်။ အဲဒါက ကျွန်တော်မြင်တာက အခက်အခဲတွေကြားက ရရှိခဲ့တဲ့ အောင်မြင်မှုတစ်ခုလို့ ထင်ပါတယ်။ ဆရာမအနေနဲ့လည်း ဆွေးနွေးပေးပါဦး။

**ဒေါက်တာသီတာဦး။** ။ အဲဒါကတော့ ကျွန်မတို့နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် သွားရောက်ဖြေရှင်းပေးခဲ့တယ်ဆိုတာက ကျွန်မတို့နိုင်ငံက အမှန်တရားပေ့ါ။ ကျွန်မတို့ ဘာတွေဖြစ်နေတယ်ဆိုတဲ့ အမှန်တရားကို ကမ္ဘာကသိအောင် သွားရောက်ရှင်းပြနိုင်ခဲ့တဲ့ အခွင့်အလမ်းကို ရခဲ့တာပါရှင့်။ အဲဒီအခွင့်အလမ်းကို မြန်မာပြည်သူ ပြည်သားအားလုံးက တစ်ခဲနက်ဝမ်းမြောက်ဝမ်းသာ ထောက်ခံကြိုဆိုခဲ့ကြတာပါရှင့်။ တကယ်တော့ ကမ္ဘာက ပြောဆိုသမျှ ငြိမ်ပြီး နှုတ်ဆိတ်နေပြီး အမြဲဘာမှ မတုံ့ပြန်ဘဲ နေတာထက် အခုလို သွားရောက်ပြီး ရှင်းလင်းပြတဲ့အခါ ကမ္ဘာကလည်း သိတယ်။ ဥပဒေရပ်တည်ချက်ကလည်း ခိုင်မာမှန်ကန်တယ်။ ကျွန်မကတော့ အဲဒီလိုပဲ သုံးသပ်ပါတယ်။

**ဦးကိုကို** ။ ။ ဦးကျော်တင်အနေနဲ့ ကျွန်တော်တို့ စကားဝိုင်း အဆုံးမသတ်ခင်မှာ နောက်ဆုံးဆွေးနွေးစရာရှိရင် ပြောပြပေးပါဦး။

**ဦးကျော်တင်။** ။နောက်ဆုံးဆွေးနွေးစရာအနေနဲ့ ပြောချင်တာက ဒီ Case က အချိန်ကာလကတော့ ကြာရင်ကြာလိမ့်မယ်။ အခု ICJ မှာ စွဲဆိုထားတဲ့ Case ပါ။ အခုအဆင့်က ကြားဖြတ်အစီအမံ Provisional Measures အဆင့်ပဲ ရှိသေးပါတယ်။ ဒါက အမှုကို မတင်ခင်အဆင့်ပဲရှိပါသေးတယ်။ ကျွန်တော်တို့အနေနဲ့က Legal Basic အရ ကျွန်တော်တို့က နိုင်ဖို့အလားအလာရှိပါတယ်။ အခွင့်အလမ်းကောင်းပါတယ်။ တစ်ခါတလေမှာ ကြားအဆင့်မှာ ကျွန်တော်တို့ မလိုလားတဲ့ Result ရရင်ရမယ်။ ဒါပေမယ့် နောက်ဆုံး Result မှာ ကျွန်တော်တို့နိုင်ဖို့ အခွင့်အလမ်းကောင်းပါတယ်။

**ဒေါက်တာသီတာဦး။** ။ဆိုလိုချင်တာကတော့ ပြီးခဲ့တဲ့ တစ်ခေါက်က ဆွေးနွေးခဲ့သလို ဒီ Provisional Measures ချကောင်းချမယ်။ ချတာလည်း ကျွန်မတို့အမှုကြီးက ရှုံးသွားတာမဟုတ်ဘူး။ တကယ့်မူရင်း အမှုကြီးက ကျွန်မတို့က စကို မစရသေးဘူး။ ဒါပေမယ့် Provisional Measures ကို မချဘူးလို့ ဆုံးဖြတ်တာလည်း ဖြစ်နိုင်တယ်။ ဒါလည်း အမှုနိုင်သွားတာမဟုတ်ပါဘူး။ ကျွန်မတို့ရဲ့ တကယ်မူရင်းအမှုက မစသေးပါဘူး။ ဒါလေးကိုပဲ ထပ်ပြီးတော့ ပြည်သူကို သတင်းပေးချင်ပါတယ်။

**ဦးကိုကို** ။ ။ ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့မှာ ပူးတွဲ Agent အဖြစ် ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့အတူ သွားခဲ့တယ်။ ဒီဇင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်တာကာလမှာ ကြားနာမှုတွေ အားလုံးအပေါ်မှာ နောက်ဆုံး ခြုံငုံသုံးသပ်ပြောကြားပေးပါဦးခင်ဗျာ။

**ဦးကျော်တင့်ဆွေ။** ။ ခြုံငုံသုံးသပ်ရရင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် သွားရောက်တဲ့အတွက်ရော၊ ကျွန်တော်တို့ရှေ့နေတွေ ကျွမ်းကျင်တဲ့အတွက်ရော ဥပဒေကြောင်းအရ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပွားတဲ့ကိစ္စသည် ဥပဒေအရ Genocide မဟုတ်ဘူးဆိုတာ ရှင်းရှင်းလင်းလင်း တင်ပြနိုင်ခဲ့ပါတယ်။ ခုနတုန်းက အမြဲတမ်းအတွင်းဝန်ပြောတဲ့ကိစ္စနဲ့ ထပ်လောင်းပြောရမယ်ဆိုရင် ကျွန်တော်တို့အမှုက မစသေးပါဘူး။ သူတို့က အခုဘာတောင်းထားသလဲဆိုတော့ လိုရမည်ရဆိုပြီး Provisional Measures ကို တောင်းထားခြင်းဖြစ်ပါတယ်။ ဘာကြောင့်လိုရမည်ရ တောင်းသလဲဆိုတော့ Provisional Measures မှာ ချဖို့လိုအပ်ချက်က တစ်နည်းအားဖြင့် ပြောရရင် လွယ်လွယ်ကူကူရှာလို့ ရနိုင်တယ်။ တကယ့်သက်သေအထောက်အထားရှိစရာ မလိုဘူး။ သူတို့ကလည်း သက်သေအထောက်အထားရှိစရာမလိုဘူးဆိုတဲ့အချက်ကို အလေးထားပြီး တင်ပြသွားခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ ဥပဒေအရ လျှောက်လဲချက်များသည် အင်မတန်မှ တိကျမှန်ကန်တဲ့အတွက် Provisional Measures နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ လျှောက်လဲတဲ့အတိုင်း ဒီအမှုကို ပလပ်ဖို့ သို့တည်းမဟုတ် Provisional Measures မချဖို့ဆိုတဲ့ ဆုံးဖြတ်ချက်မျိုးလည်း ချလာနိုင်ပါတယ်။ ခုနတုန်းက အမြဲတမ်းအတွင်းဝန်ပြောသလို အဲဒီလို ချမှတ်တယ်ဆိုရင်လည်း တို့နိုင်ပြီဟေ့ဆိုပြီး ပျော်လို့မဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အမှုကမစသေးဘူး။ အမှုက ငါးနှစ်၊ ဆယ်နှစ်၊ အမှုတစ်ခုမှာဆိုရင် ၁၄ နှစ် ကြာတယ်။ တကယ်လို့ ကျွန်တော်တို့ရဲ့ ဥပဒေကြောင်းအရ တင်ပြချက်တွေကို ထည့်သွင်းစဉ်းစားသော်လည်း ခုနတုန်းက FFM Report သည် ကျွန်တော်ပြောသလို ယုတ္တိမတန်ဘူး။ ဓမ္မဓိဋ္ဌာန်မကျဘူး။ သို့သော် UN Report လို့ သုံးသပ်ပြီးတဲ့အခါ ဖြစ်နိုင်ကောင်း ဖြစ်နိုင်တယ်ဆိုပြီး Provisional Measures ချဖို့ဆိုတဲ့ အချက်ကိုလည်း ရုံးတော်က စဉ်းစားနိုင်တယ်။ အကယ်၍ အဲဒီလို စဉ်းစားဆုံးဖြတ်ခဲ့တယ်ဆိုရင်လည်း ကျွန်တော်တို့ အမှုရှုံးတာ မဟုတ်ဘူး။ အမှုက မစသေးဘူး။ သို့သော် ကျွန်တော်တို့ ရပ်တည်ထားတာက အမှုစပြီ၊ သက်သေ အထောက်အထားနဲ့ ပြရမယ့်အပိုင်းရောက်ပြီဆိုရင်တော့ ကျွန်တော်တို့ဘက်က အများကြီးအရေးသာပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရပ်တည်ထားရမှာကတော့ ဒီအမှုနဲ့ပတ်သက်ပြီးတော့ မိမိတို့နိုင်ငံမှာ ဒါမျိုးရှိကိုမရှိဘူးဆိုတာ ကိုယ်ကိုယ်တိုင်လည်း သိနေတဲ့အတွက် လာမယ့်ကိစ္စအားလုံးကို ရဲရဲရင့်ရင့် ညီညီညွတ်ညွတ်နဲ့ ရင်ဆိုင်ဖို့က အဓိကအရေးကြီးတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။

**ဦးကိုကို** ။ ။ဟုတ်ကဲ့ပါခင်ဗျာ။ ဒီနေ့ ဆွေးနွေးတင်ပြတာတွေ တော်တော်လေးကောင်းပါတယ်။ ကျွန်တော် နားလည်သလောက် အနှစ်ချုပ်ပြီး ပြောရမယ်ဆိုရင် ကျွန်တော်တို့က မည်သို့ပင်ဆိုစေ ICJ ကြားနာမှုကိစ္စက ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လက်ရှိပကတိဖြစ်ရပ်နဲ့ အမှန်တရားကို ဖော်ထုတ်ပြသခွင့် ရခဲ့တဲ့ရက်လေးလို့ ကျွန်တော်တို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ အမှန်တကယ်ဖြစ်ခဲ့တာ ဒီလိုဆိုပြီး ကမ္ဘာကို တရားဝင်ပြောခွင့် ကျွန်တော်တို့ ရခဲ့တယ်။ အဲဒီအတွက်ကြောင့်လည်း ထပ်ဆင့်ရတာက ကျွန်တော်တို့ အစကပြောသလို ဆရာတို့အဖွဲ့တွေ ပြန်လာတဲ့အချိန်မှာ ကြိုဆိုခဲ့ကြတယ်။ မပြန်လာခင်မှာလည်း ကျွန်တော်တို့ ဆိုရှယ်မီဒီယာတွေမှာကြည့်ရတယ်။ ရေးသားကြတာတွေကိုကြည့်လိုက်ရင် အရေးကြုံရင် ကျွန်တော်တို့ သက်လုံကောင်းရမယ်။ အရေးကြီးရင် သွေးစည်းရမယ်ဆိုတဲ့ အချက်ပါ။ ကျွန်တော်တို့ ရလိုက်တဲ့၊ နိုင်ငံမှာရလိုက်တဲ့ ကိစ္စက တိုင်းသူပြည်သားတွေအားလုံးက ဘုံရည်မှန်းချက်၊ ဘုံခံစားချက် တူညီသွားတဲ့အတွက် အရင်ကထက်စာရင် ကျွန်တော်တို့ ပိုပြီး စည်းလုံးသွားတယ်။ ညီညွတ်သွားတယ်။ ဒါဟာ ဒီအထဲကရလိုက်တဲ့ အကျိုးအမြတ် ရလဒ်လို့ ကျွန်တော်မြင်ပါတယ်။ ဘာပဲပြောပြောပါခင်ဗျာ။

ကျွန်တော်တို့ မြန်မာနိုင်ငံကိုယ်စား အမှန်တရားကို ဖော်ထုတ်ခွင့်ရအောင် ဆောင်ရွက်ပေးခဲ့တဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် ပူးတွဲ Agent အဖြစ် ပါဝင်တဲ့ ပြည်ထောင်စုဝန်ကြီးနဲ့တကွ သွားရောက်ခဲ့တဲ့ Delegation အဖွဲ့ဝင်တွေ အားလုံးကို ကျွန်တော်တို့ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် ထပ်ပြီးကျေးဇူးတင်တာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံကိုယ်စားပြုပြီး ကျွန်တော်တို့ရဲ့ အမှန်တရားနဲ့အတူ ရဲရဲဝံ့ဝံ့ဆက်လက်ရပ်တည်ပေးတဲ့ နိုင်ငံသိ၊ ကမ္ဘာသိရှေ့နေကြီးတွေ၊ ဥပဒေပညာရှင်တွေကိုလည်း ဒီနေရာကနေ ကျွန်တော်က ကျေးဇူးတင်ကြောင်း ပြောကြားရင်းနဲ့ ကျွန်တော်တို့ရဲ့စကားဝိုင်းကို အဆုံးသတ်ချင်ပါတယ်ခင်ဗျာ။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ။

# အာကာသတပ်ဖွဲ့ဖွဲ့စည်းရန် တရားဝင်ခွင့်ပြုသော ကာကွယ်ရေးဥပဒေကြမ်းကို သမ္မတ ဒေါ်နယ်ထရမ့် လက်မှတ်ရေးထိုး

**ဝါရှင်တန် ဒီဇင်ဘာ ၂၁**

အာကာသအတွင်း စစ်ရေးအင်အားတိုးချဲ့လာသည့် တရုတ်နှင့်ရုရှားတို့၏ ကြိုးပမ်းမှုများကိုတန်ပြန်မည့် အာကာသတပ်ဖွဲ့သစ်တစ်ခုဖွဲ့စည်းရေး တရားဝင်ခွင့်ပြုသော ကာကွယ်ရေးဆိုင်ရာဥပဒေကြမ်းတစ်ရပ်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။



သမ္မတ ထရမ့်သည် အမေရိကန်လက်နက်ကိုင်တပ်ဖွဲ့၏ ဆဋ္ဌမမြောက် လက်ရုံးတပ်ဖွဲ့အဖြစ် ဖွဲ့စည်းမည့် အမျိုးသားကာကွယ်ရေးဆိုင်ရာ တရားဝင်ခွင့်ပြုရေးအက်ဥပဒေခေါ် NDAA ကို ၂၀၂၀ ပြည့်နှစ် ဘဏ္ဍာနှစ်အတွက် ဥပဒေအဖြစ် ယမန်နေ့က လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါအက်ဥပဒေက အနာဂတ်ကာကွယ်ရေးဆိုင်ရာ မူဝါဒများနှင့် ထိုမူဝါဒများ အကောင်အထည်ဖော်ဆောင်ရန် လိုအပ်သည့် ဘတ်ဂျက်များကို ဖော်ပြသည်။ ၂၀၂၀ ပြည့်နှစ် ဘဏ္ဍာနှစ်အတွက် အမျိုးသားကာကွယ်ရေးဆိုင်ရာ တရားဝင်ခွင့်ပြုရေးအက်ဥပဒေက ကာကွယ်ရေးအသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၇၃၈ ဘီလီယံအထိ ဘီလီယံ ၂၀ ကျော် တိုးမြှင့်လာသည်။ ဥပဒေအရ လေတပ်အာကာသဌာနချုပ်မှ တပ်ဖွဲ့ဝင် ၁၆၀၀၀ ခန့်ကို အာကာသတပ်ဖွဲ့သစ်၌ တာဝန် ပေးအပ်မည်ဖြစ်သည်။

ဤဥပဒေက နောက်ထပ် အထင်ကရအောင်မြင်မှု အမှတ်သညာဖြစ်ပါကြောင်း၊ အမေရိကန်တပ်မတော်မှာ ကမ္ဘာပေါ်တွင် ပြိုင်ဘက်ကင်းတပ်မတော်အဖြစ် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ဥပဒေကြမ်းကို လက်မှတ်ရေးထိုးပြီးနောက် သမ္မတ ထရမ့်က ပြောကြားခဲ့သည်။ အမျိုးသားကာကွယ်ရေးဆိုင်ရာ တရားဝင်ခွင့်ပြုရေးအက်ဥပဒေက တရုတ်နိုင်ငံပိုင် လုပ်ငန်းများထံမှ ရထားတွဲများ၊ ဘတ်စ်ကားများဝယ်ယူမည့် ဖက်ဒရယ်ရန်ပုံငွေများ အသုံးပြုမှုကို ပိတ်ပင်သည်။ ထို့အပြင် ထိုဥပဒေတွင် ရုရှား သဘာဝဓာတ်ငွေ့များကို တူရကီနှင့် ဂျာမနီနိုင်ငံများထံ ပို့ဆောင်သည့် ပိုက်လိုင်းများတည်ဆောက်မှုနှင့်သက်ဆိုင်သော အရေးယူမှုများလည်း ပါဝင်သည်။

အဆိုပါဥပဒေအရ တောင်ကိုရီးယားနိုင်ငံ၌ ဖြန့်ကြက်ထားသော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ကို မလျှော့ချမီ အမေရိကန်အစိုးရက တောင်ကိုရီးယား၊ ဂျပန်နိုင်ငံတို့နှင့် တိုင်ပင်ဆွေးနွေးကာ ကွန်ဂရက်သို့တင်ပြရမည်ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - ကျော်ထိုက်စိုး

## တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ ဖုန်းဖြင့် ဆွေးနွေး

**ပေကျင်း ဒီဇင်ဘာ ၂၁**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် ယခုလအတွင်းရရှိခဲ့သည့် အဆင့်တစ် ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်နှင့်ပတ်သက်၍ အပြန်အလှန်ချီးမွမ်းမှု ပြောကြားခဲ့ကြသည်။ ခေါင်းဆောင်နှစ်ဦးသည် ယမန်နေ့က ဖုန်းဖြင့် ပြောဆိုဆွေးနွေးခဲ့ကြောင်း တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့သည်။

**ဆွေးနွေးခဲ့**

သဘောတူညီချက်က တရုတ်နှင့် အမေရိကန်နိုင်ငံတို့အပြင် တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် အကျိုးရရှိကြောင်း ရှီကျင့်ဖျင်က ပြောသည်။ ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်နှင့်ပတ်သက်၍ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အလွန်ကောင်းမွန်သော ဆွေးနွေးမှုတစ်ရပ်ပြုလုပ်ခဲ့ပြီး မြောက်ကိုရီးယားနှင့် ဟောင်ကောင်အရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြောင်း ထရမ့်က တွစ်တာ၌ ရေးသားခဲ့သည်။ အမေရိကန်နှင့် တရုတ်တို့က ကနဦးသဘောတူညီချက်ကို လာမည့်ဇန်နဝါရီလအတွင်း လက်မှတ်ရေးထိုးမည်ဟု မျှော်မှန်းရသည်။ တရုတ်တိုင်ပေ၊ ဟောင်ကောင်နှင့် တိဘက်အရေးများအပေါ် အမေရိကန်နိုင်ငံ၏ မကြာသေးမီက အပျက်သဘော စကားလုံးများ၊ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ တရုတ်နိုင်ငံက စိုးရိမ်ပူပန်ကြောင်း ရှီကျင့်ဖျင်က ပြောသည်။

အမေရိကန်နိုင်ငံသည် မကြာသေးမီက ဟောင်ကောင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအက်ဥပဒေကို အတည်ပြုခဲ့သလို အမေရိကန်အောက်လွှတ်တော်က ဝီဂါလူ့အခွင့်အရေးမူဝါဒအက်ဥပဒေကို အတည်ပြုခဲ့သည်။ အမေရိကန်နိုင်ငံက တရုတ်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ကာ တရုတ်နိုင်ငံ၏ အကျိုးစီးပွားများကို ထိခိုက်နစ်နာစေခဲ့သည်ဟု ရှီကျင့်ဖျင်၏ပြောကြားချက်ကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြခဲ့သည်။ မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာနိုင်ငံများနှင့် တွေ့ဆုံကာ ဆွေးနွေးမှုများပြုလုပ်သင့်ကြောင်း ရှီကျင့်ဖျင်က ပြောသည်။

နျူကလီးယားလက်နက်ဖျက်သိမ်းရေး ဆွေးနွေးမှုများအပေါ် အမေရိကန်နိုင်ငံက အလျှော့ပေးမှုများ ပြုလုပ်ရန်သတ်မှတ်ထားသည့် နှစ်ကုန်နောက်ဆုံးသတ်မှတ်ချိန်မတိုင်မီ မြောက်ကိုရီးယားနိုင်ငံက ရန်လိုသောအပြုအမူများ ပြုလုပ်လျက်ရှိသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - ကျော်ထိုက်စိုး

## တောင်ကိုရီးယားသို့ မိုက်ခရိုချစ်ပ်ပြားပစ္စည်းများတင်ပို့မှု တားမြစ်ခြင်းကို ဂျပန် ရုပ်သိမ်း

**တိုကျို ဒီဇင်ဘာ ၂၁**

တောင်ကိုရီးယားနိုင်ငံသို့ မိုက်ခရိုချစ်ပ်ပြားပစ္စည်းများ တင်ပို့မှု တားမြစ်ထိန်းချုပ်မှုကို ဂျပန်နိုင်ငံက ရုပ်သိမ်းလိုက်ကြောင်း သတင်းမီဒီယာများက စနေနေ့တွင် ဖော်ပြသည်။ တစ်နှစ်ကျော်ကြာပြီးနောက် ဂျပန်နှင့် တောင်ကိုရီးယားခေါင်းဆောင်များ၏ ပထမဆုံးအကြိမ် တရားဝင်ဆွေးနွေးပွဲများ ပြုလုပ်မည့်နေ့ရက်မတိုင်မီ ဂျပန်နိုင်ငံက ယခုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် တစ်ပိုင်းလျှပ်ကူးလျှပ်စစ်ဘုတ်ပြားများကို သုတ်လိမ်းရာတွင်အသုံးပြုသည့် photoresists ပစ္စည်းကို တောင်ကိုရီးယားနိုင်ငံသို့ ပို့ကုန်ကန့်သတ်တားမြစ်ချက်များစာရင်းမှ သောကြာနေ့က ဖယ်ရှားခဲ့ကြောင်း အဆာဟိရှင်ဘွန်းသတင်းစာနှင့် အခြားမီဒီယာများက ဖော်ပြခဲ့ကြသည်။

တောင်ကိုရီးယား တရားရုံးတစ်ရုံးက စစ်အတွင်းက အဓမ္မအလုပ်စေခိုင်းခံခဲ့ရသည့် အလုပ်သမားများကို ဂျပန်ကုမ္ပဏီများက နစ်နာကြေးပေးလျော်စေရန် အမိန့်များချမှတ်ခဲ့ပြီးနောက် ဂျပန်နိုင်ငံသည် ဆမ်ဆောင်းကဲ့သို့ တောင်ကိုရီးယားနည်းပညာကုမ္ပဏီများ၏ အဓိကထုတ်ကုန်များအတွက် အလွန်အရေးပါသည့် ပစ္စည်းသုံးမျိုးကို တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့မှုကို ပြီးခဲ့သည့် ဇူလိုင်လက ထိန်းချုပ်တားမြစ်ခဲ့သည်။

တောင်ကိုရီးယားတရားရုံး၏အမိန့်သည် ဂျပန်နိုင်ငံကို အကြီးအကျယ်ဒေါသထွက်စေခဲ့သည်။ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို ပုံမှန်ပြန်ဖြစ်စေခဲ့သည့် ၁၉၆၅ ခုနှစ်စာချုပ်ဖြင့် ယင်းကိစ္စကိုဖြေရှင်းခဲ့ပြီး ဖြစ်သည်ဟု ဂျပန်နိုင်ငံက အခိုင်အမာပြောဆိုသည်။ ယင်းစာချုပ်တွင် များပြားသည့်စစ်လျော်ကြေး ပါဝင်သည်။

ဂျပန်နိုင်ငံ၏ပို့ကုန်ထိန်းချုပ်မှုကို တုံ့ပြန်သည့်အနေဖြင့် တောင်ကိုရီးယား-ဂျပန်စစ်ထောက်လှမ်းရေး သတင်းမျှဝေရေးသဘောတူစာချုပ်မှ နုတ်ထွက်မည်ဟု တောင်ကိုရီးယားနိုင်ငံက ခြိမ်းခြောက်ခဲ့သည်။ နောက်ပိုင်းတွင် တောင်ကိုရီးယားနိုင်ငံသည် ၎င်း၏လမ်းကြောင်းကို ပြောင်းလဲ၍ ယင်းသဘောတူစာချုပ်ကို ခြွင်းချက်မရှိ သက်တမ်းတိုးရန် သဘောတူခဲ့သည်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် လာမည့်သီတင်းပတ်တွင် တရုတ်နိုင်ငံ၌ပြုလုပ်မည့် ထိပ်သီးဆွေးနွေးပွဲတွင် တောင်ကိုရီးယားခေါင်းဆောင် မွန်ဂျေအင်းနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - အောင်ဇော်လင်း



Photo - Hindustan Times

## ဓာတ်ပုံအမှားပြင်ဆင်ခြင်း

ဒီဇင်ဘာ ၂၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၂ တွင် "ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် အမေရိကန်နှင့် အိန္ဒိယလက်မှတ်ရေးထိုး" သတင်းနှင့်တွဲ၍ ဖော်ပြခဲ့သောဓာတ်ပုံမှာ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းမက်တစ်နှင့် အိန္ဒိယကာကွယ်ရေးဝန်ကြီး နာမာလာဆီသာရာမန်တို့ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၆ ရက်က နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်သည့် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးနေသောပုံဖြစ်ပြီး အထက်ဖော်ပြပါခေါင်းစဉ်သတင်းဓာတ်ပုံအမှန်မှာ ယခုဖော်ပြထားသောပုံဖြစ်ပါကြောင်း ဓာတ်ပုံအမှားပြင်ဆင်ဖော်ပြအပ်ပါသည်။

ဘာသာပြန်စာတည်း

## စွပ်စွဲချက်များအပေါ် နိုင်ငံတကာခုံရုံးသို့ သမ္မတ ဒူတာတေး တုံ့ပြန်စကားဆို

**မနီလာ ဒီဇင်ဘာ ၂၁**

ဖိလစ်ပိုင်နိုင်ငံအတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်မှုအရေး ဆောင်ရွက်ရာတွင် လူအများအပြားသေဆုံးခဲ့သည်ဟု ၎င်းအားစွပ်စွဲထားမှုနှင့်ပတ်သက်ပြီး သမ္မတ ဒူတာတေးက ဒီဇင်ဘာ ၂၀ ရက်တွင် တုံ့ပြန်စကားပြောကြားခဲ့သည်။

ယင်းစွပ်စွဲချက်နှင့်ပတ်သက်ပြီး နိုင်ငံတကာပြစ်မှုဆိုင်ရာခုံရုံးတွင် တရားစွဲဆိုမည်ဆိုပါက မူးယစ်ဆေးဝါးတိုက်ဖျက်ခြင်းသည် နိုင်ငံနှင့်လူမျိုးအကျိုးဆောင်ရွက်ခြင်းဖြစ်သည့်အတွက် မည်သည့်စီရင်ချက်ကိုမဆို ရင်ဆိုင်သွားမည်ဖြစ်ကြောင်း သမ္မတ ဒူတာတေးက ပြောကြားခဲ့သည်။ သို့သော် တရားခွင်သို့ လာရောက်ဖြေရှင်းထွက်ဆိုမှုများ လုပ်ဆောင်သွားမည်မဟုတ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

နိုင်ငံအတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် လူအများအပြားသေဆုံးခဲ့ခြင်းသည် လူသားချင်း ကိုယ်ချင်းစာတရားကင်းမဲ့သည့် လုပ်ရပ်အဖြစ် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများက ထင်မြင်ယူဆကြသည်။ အဆိုပါစွဲချက်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရန် သည်ဟိတ်ဂ်မြို့ရှိ နိုင်ငံတကာခုံရုံးက ၎င်းအားစွဲဆိုချက်များအပေါ် လက်ခံသင့်၊ မသင့်ကို ဆုံးဖြတ်ချက်ချမှတ်ခြင်းမရှိမီ အချိန်တွင် သမ္မတ ဒူတာတေးက ဖိလစ်ပိုင်တပ်မတော်ဗိုလ်လောင်းများအား ပြောကြားသည့် မိန့်ခွန်းတစ်ရပ်တွင် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရာတွင် လူအများအပြားသေဆုံးခဲ့သဖြင့် ၎င်းအားကြိုးပေးသတ်ရန် အမိန့်ချမှတ်သည်ဖြစ်စေ၊ ထောင်ဒဏ်ချမှတ်သည်ဖြစ်စေ မည်သည့်ပြစ်ဒဏ်မျိုးကိုမဆို ခံယူရန်အဆင်သင့်ရှိပါကြောင်း သမ္မတ ဒူတာတေးက ဆိုသည်။ သို့သော် နိုင်ငံတကာခုံရုံးတွင် ယင်းစွပ်စွဲချက်နှင့်ပတ်သက်ပြီး မည်သည့်မေးခွန်းကိုမျှ တုံ့ပြန်ဖြေကြားသွားမည်မဟုတ်ကြောင်းနှင့် ၎င်းသည် ဖိလစ်ပိုင်နိုင်ငံအတွက်သာ တာဝန်ရှိသည့်အတွက် ဖိလစ်ပိုင်နိုင်ငံသားများကသာ သူ့အား စီရင်ချက်ချမှတ်စေလိုကြောင်း ၎င်း၏မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းဖော်ထုတ်ရန် ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ဇူလိုင်လအတွင်းက အတည်ပြုပေးခဲ့သည့်အတွက် သမ္မတ ဒူတာတေးက ကုလသမဂ္ဂအဖွဲ့ကို ပြစ်တင်ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းအားစွဲချက်တင်သည့် ရှေ့နေကိုပါ ဖမ်းဆီးအရေးယူရန် နိုင်ငံတကာခုံရုံးသို့ သမ္မတ ဒူတာတေးက ကြိမ်ဖန်များစွာ တိုက်တွန်းပြောကြားခဲ့သည်။

အသက် ၇၄ နှစ်ရှိပြီဖြစ်သော သမ္မတ ဒူတာတေးသည် တစ်ဖက်သတ်တုံ့ပြန်မှုအနေဖြင့် ဖိလစ်ပိုင်နိုင်ငံကို နိုင်ငံတကာခုံရုံးအဖွဲ့ဝင်နိုင်ငံများမှ နုတ်ထွက်ခဲ့သည်။ ထိုကဲ့သို့ ရေရာသောအကြောင်းပြချက်မရှိဘဲ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခဲ့ခြင်းမှာ သူ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆောင်ရွက်ချက်များသည် နိုင်ငံနှင့်လူမျိုးအကျိုးအတွက် ဆောင်ရွက်ခဲ့သည်ကို နိုင်ငံတကာခုံရုံးက အသိအမှတ်မပြုခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းက သမ္မတ ဒူတာတေး၏ အဆိုပါဆောင်ရွက်ချက်အား လွဲမှားပြီး သူရဲဘောကြောင်သောလုပ်ရပ်ဖြစ်သည်ဟု အမည်တပ်ခဲ့သည်။

နိုင်ငံတကာပြစ်မှုဆိုင်ရာခုံရုံးအနေဖြင့် ပြစ်မှုကျူးလွန်သော အဖွဲ့ဝင်နိုင်ငံကိုသာ တရားစီရင်မှုပြုလုပ်နိုင်ခြင်းဖြစ်ကြောင်း အဆိုပါခုံရုံးမှ ရှေ့နေတစ်ဦးက ပြောကြားခဲ့သည်။ ဒီဇင်ဘာ ၅ ရက်တွင်ထုတ်ပြန်သော နိုင်ငံတကာခုံရုံး၏ မှတ်တမ်းအရ အဆိုပါစွပ်စွဲချက်အပေါ် စစ်ဆေးတွေ့ရှိချက်များကို သေချာစွာ သုံးသပ်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်အတွင်း အသေးစိတ်စစ်ဆေးမှုများ စတင်မည်ဖြစ်သည်။

လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ ပြောကြားချက်အရ သမ္မတ ဒူတာတေး၏ မူးယစ်ဆေးဝါးနှိမ်နင်းရေးဆောင်ရွက်မှုတွင် သေဆုံးသူ ၇၀၀၀ နီးပါးရှိကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# နောက်တစ်လှမ်းဆုတ် ရှေ့တစ်လှမ်းတက် နိုင်ငံရေး ပြကွက်

**ကိုရင်ဩ**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဆီးနိတ်(ဝါ)အထက်လွှတ်တော်၌ သူ့အား စွဲချက်တင် အပြစ်တင်ကြားနာမှုကို ချက်ချင်းပြုလုပ်ပါရန် ဒီဇင်ဘာ ၂၀ ရက်တွင် တောင်းဆိုလိုက်သည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ ကမ္ဘာ့ထိပ်သီး စူပါနိုင်ငံကြီးတစ်နိုင်ငံ၏ မျက်မှောက်နိုင်ငံရေးဖြစ်တည်မှုများကို စေ့ငုလေ့လာမိလေ၏။

**ဆိုင်းမဆင့် ဗုံမပါ တောင်းဆို**

ဒီမိုကရက်အမတ်များနှင့် ရီပတ်ဘလစ်ကန်အမတ်တို့အကြား ထရမ့်အား ဆီးနိတ်လွှတ်တော်တွင် မည်သည့်အချိန်ကာလ၌ ကြားနာစစ်ဆေးမှု စတင်သင့်သည်ဆိုခြင်းနှင့်ပတ်သက်၍ သဘောကွဲလွဲမှုများဖြစ်ပေါ်နေချိန်တွင် သမ္မတထရမ့်က ဆီးနိတ်လွှတ်တော်၏ ကြားနာစစ်ဆေးမှုကို ချက်ချင်းပြုလုပ်ပေးရန် ဆိုင်းမဆင့် ဗုံမပါ တောင်းဆိုလိုက်ခြင်းဖြစ်သည်။

အောက်လွှတ်တော်သည် ဒီဇင်ဘာ ၁၈ ရက်က သမ္မတထရမ့်အား စွဲချက်တင် ပြစ်တင်ရှုတ်ချမှုကို ပြုလုပ်ခဲ့ပြီးဖြစ်သည်။ သမ္မတထရမ့်သည် ရာထူး အာဏာ ပါဝါ အလွဲသုံးခြင်းဟူသော စွဲချက်နှင့် ကွန်ဂရက်လွှတ်တော်၏လုပ်ငန်းများ အထစ်အငေါ့ဖြစ်စေရန် တားဆီးပိတ်ပင်မှုပြုလုပ်ခြင်းဟူသော စွဲချက်တို့အရ အပြစ်တင်ထိုက်သည်ဟု မဲခွဲဆုံးဖြတ်မှုအရ အဖြေပေါ်ထွက်ခဲ့သည်။

ပထမစွဲချက်နှင့်ပတ်သက်၍ မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲ ၂၃၀၊ ကန့်ကွက်မဲ ၁၉၇ မဲ ရရှိခဲ့သည်။ ဒုတိယမြောက် စွဲချက်အတွက်မူ ထောက်ခံမဲ ၂၂၉ မဲ၊ ကန့်ကွက်မဲ ၁၉၈ မဲ ရရှိခဲ့သည်။

သို့ရာတွင် ရီပတ်ဘလစ်ကန် ထိန်းချုပ်သော ဆီးနိတ်လွှတ်တော်က သမ္မတထရမ့်ဘက်မှ အသာစီးပေးမည့် လက္ခဏာများရှိနေခြင်းကြောင့် သမ္မတထရမ့်နှင့် သက်ဆိုင်နေသော အမှုတွဲ ရှေ့ဆက်ဆောင်ရွက်ရေးမှာ သဲထဲရေသွန်အဖြစ်မျိုး ရောက်နိုင်ခြင်းအဖြစ် ဒီမိုကရက်တို့က ဦးလေးနေကြဆဲဖြစ်သည်။ ဆီးနိတ်လွှတ်တော်သည် သမ္မတထရမ့်အား စွပ်စွဲပြစ်တင်မည့်အမှုတွဲကို ကိုင်တွယ်ဆောင်ရွက်ရာတွင် သက်သေသက္ကာယများကို ပယ်ချခြင်းသော်လည်းကောင်း၊ တရားမျှတမှုရှိသော ကြားနာစစ်ဆေးမှုမှ သွေဖည်ခြင်းသော်လည်းကောင်း ပြုလုပ်နိုင်ဖွယ်ရှိသည်ဟု ထင်ကြေးပေးပြောဆိုမှုများ ပေါ်ထွက်ခဲ့သည်။

**အရှုပ်တော်ပုံ**

သမ္မတထရမ့်နှင့် သက်ဆိုင်နေသော အမှုတွဲတွင် နောက်ခံအကြောင်းတရားအဖြစ်ရှိနေသော အရှုပ်တော်ပုံမှာ အမေရိကန်-ယူကရိန်း အရှုပ်တော်ပုံဖြစ်သည်။ သမ္မတထရမ့်သည် ၂၀၂၀ ရွေးကောက်ပွဲတွင် သူ၏ အဓိကပြိုင်ဘက် ဖြစ်လာနိုင်ဖွယ်ရှိသော ဂျိုးဘိုင်ဒင်နှင့် ဘိုင်ဒင်၏ သားဖြစ်သူ ဟန်တာဘိုင်ဒင်တို့နှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ပေးရန် ယူကရိန်းသမ္မတသစ်အား ဖိအားပေးလိုသည့်သဘောဖြင့် ကွန်ဂရက်လွှတ်တော်က အတည်ပြုပြီးဖြစ်သော စစ်ရေးအကူအညီ ဒေါ်လာ သန်း ၄၀၀ ခန့် ထုတ်ပေးရေးကိစ္စတွင် နှောင့်နှေးကြန့်ကြာအောင် ပြုလုပ်ခဲ့သည်ဆို၏။

သမ္မတထရမ့် ကိုယ်တိုင်ကမူ မိမိအနေဖြင့် တစ်စုံတစ်ရာ အမှားအယွင်း မလုပ်ခဲ့ပါဟုဆိုသည်။ သို့ရာတွင် ယူကရိန်းအရှုပ်တော်ပုံမှာ သူ့အား အထိနာစေသော အာဏာ



PHOTO: PRESS ENTERPRISE

**သမ္မတထရမ့် ကိုယ်တိုင်ကမူ မိမိအနေဖြင့် တစ်စုံတစ်ရာ အမှားအယွင်းမလုပ်ခဲ့ပါဟု ဆိုသည်။ သို့ရာတွင် ယူကရိန်းအရှုပ်တော်ပုံမှာ သူ့အား အထိနာစေသော အာဏာဖောက်လှဲဖောက်ပြန်လုပ်ရပ်အဖြစ် ဒီမိုကရက်တို့က စွပ်စွဲပြစ်တင်ခဲ့လေသည် .....**

ဖောက်လှဲဖောက်ပြန် လုပ်ရပ်အဖြစ် ဒီမိုကရက်တို့က စွပ်စွဲပြစ်တင်ခဲ့လေသည်။

**တက်သုတ်ရိုက် ဆောင်ရွက်နေရချိန်**

လူရွှင်တော်သရုပ်ဆောင်ဘဝမှ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရပြီး နိုင်ငံရေးအတွေ့အကြုံ အလျှင်းမရှိသူ ယူကရိန်းသမ္မတသစ် ဇယ်လင်းစကီးသည် ၂၀၁၉ ခုနှစ် ဧပြီလတွင် သမ္မတတာဝန်များကို စတင်ထမ်းရွက်ခဲ့သည်။ ထိုစဉ်က ယူကရိန်းနိုင်ငံမှာ နိုင်ငံရေးနှင့် စစ်ရေးအရှုပ်အထွေးများ ကြုံတွေ့နေရသေးချိန်ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် ရုရှားနိုင်ငံသည် ယင်း၏တောင်ဘက်အစွန်းရှိ ခရိုင်းမီးယားကျွန်းဆွယ်ကို မိမိ၏ပိုင်နက်နှင့် ချိတ်ဆက်ခဲ့ရာမှ ဒေသဆိုင်ရာ ပဋိပက္ခကြီးတစ်ရပ် ဖြစ်ပေါ်ခဲ့ပြီး ယင်းပဋိပက္ခကို ဖြေရှင်းနိုင်ရန် တက်သုတ်ရိုက် ဆောင်ရွက်နေရချိန် ဖြစ်သည်။ ယူကရိန်းနိုင်ငံ အရှေ့ပိုင်းတွင် ရုရှားလိုလားသော ခွဲထွက်ရေးဝါဒီများနှင့် ယူကရိန်းအစိုးရတပ်ဖွဲ့များအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။

၂၀၁၉ ခုနှစ် မေလ ၂၃ ရက်တွင် အိမ်ဖြူတော်၌ သမ္မတထရမ့်နှင့် စပိန်ဘာသာစကားအရ "အမီဂို(Amigos)"ဟု ကိုယ့်ကိုယ်ကိုယ်သုံးနှုန်းသော ပုဂ္ဂိုလ်သုံးဦးဖြစ်ကြသည့် ဥရောပသမဂ္ဂ သံအမတ်ကြီး ဂေါ်ဒွင်ဆောင်းလန်း၊ စွမ်းအင်ဝန်ကြီး ရစ်ပယ်ရီနှင့် ယူကရိန်းအထူးသံတမန် ကွတ်ဖော်ခါတို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်ဆို၏။ သူတို့သုံးဦးမှာ ဇယ်လင်းစကီး၏ သမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်ပြီးစဖြစ်သည်။ "အမီဂို" သုံးဦးသားသည် သမ္မတထရမ့်အနေဖြင့် ယူကရိန်းသမ္မတသစ်အား ထောက်ခံမှုပေးရန် တိုက်တွန်းခဲ့ကြကြောင်း၊ သို့ရာတွင် ယူကရိန်းအစိုးရသည် အဂတိလိုက်စားမှုပြဿနာကို အလေးပေးရန်နှင့် မိမိ၏ ပုဂ္ဂလိကရှေ့နေ ရူဒီဂူလီယာနီနှင့် ယူကရိန်းတာဝန်ရှိသူများ ဆွေးနွေးကြရန် သမ္မတထရမ့်က ညွှန်ကြားခဲ့ကြောင်း အဆိုပါ ရှေ့နေ၏ သက်သေထွက်ဆိုချက်တွင် ဖော်ပြခဲ့သည်။

**အစွမ်းကုန်ကာကွယ်**

နယူးယောက်မြို့တော်ဝန်ဟောင်း ဂူလီယာနီသည် သမ္မတထရမ့်၏ ပုဂ္ဂလိကရှေ့နေအဖြစ် တာဝန်ယူဆောင်ရွက်နေပြီး သမ္မတထရမ့်ဘက်မှ အစွမ်းကုန် ကာကွယ်ပြောကြားခဲ့သည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် အိမ်ဖြူတော်ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်စဉ်အတွင်း ဂျိုးဘိုင်ဒင် သားအဖနှင့်ပတ်သက်၍ စုံစမ်းမှုများ ပြုလုပ်ပေးရန် ဇယ်လင်းစကီး၏ အကြံပေးပုဂ္ဂိုလ် နှစ်ဦးတို့ကို မစ္စတာဆောင်းလန်း (အီးယူသံအမတ်ကြီး)က တိုက်တွန်းခဲ့သည်ဆို၏။ အမေရိကန်အမျိုးသားလုံခြုံရေးကောင်စီ အကြီးအကဲ ဒေါက်တာဖီယိုနာဟီးလ်သည် နိုဝင်ဘာလအတွင်း အောက်လွှတ်တော် ထောက်လှမ်းရေးကော်မတီ၏ ကြားနာစစ်ဆေးမှုတွင် အရေးပါသောထွက်ဆိုသူတစ်ဦးဖြစ်ခဲ့သည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် အမေရိကန်ကွန်ဂရက်က အတည်ပြုထားပြီးဖြစ်သော ယူကရိန်းထံ စစ်ရေးအကူအညီပေးရေး အစီအစဉ်ကို ခေတ္တဆိုင်းငံ့ထားရန် သမ္မတထရမ့်က ညွှန်ကြားခဲ့သည်။ သမ္မတထရမ့်သည် ယူကရိန်းသမ္မတထံသို့ တယ်လီဖုန်းဆက်သွယ်ပြောဆိုခြင်းမရှိမီ စစ်ရေးအကူအညီပေးရေး အစီအစဉ်ကို ဆိုင်းငံ့ထားရန် စီစဉ်ခဲ့သည်ဆို၏။

ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်၏သား ဟန်တာဘိုင်ဒင်နှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ပေးရန် ယူကရိန်းသမ္မတအား သမ္မတထရမ့်က ဖုန်းဆက်သွယ်မှုအတွင်း တိုက်တွန်းခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

မိမိသည် မကြာသေးမီနှစ်များအတွင်း ယူကရိန်းနှင့် တရုတ်နိုင်ငံတို့တွင် စီးပွားရေးဆက်ဆံမှုများ ရှိခဲ့သော်လည်း ဥပဒေကျော်လွန်လုပ်ဆောင်မှု လုံးဝမရှိခဲ့ကြောင်း ဟန်တာက အောက်တိုဘာလအတွင်း ကာကွယ်ပြောကြားခဲ့သည်။ သို့ရာတွင် သုံးသပ်ချက်များ ညွှန်ဖြင်းမှုအရ မိမိသည် နိုင်ငံရေးအရ တိုက်ခိုက်မှုများအတွင်း ပါဝင်ပတ်သက်လာရခြင်းဖြစ်သည်ဆို၏။

**ဘိုင်ဒင် သားအဖ**

ဟန်တာသည် ယူကရိန်းနိုင်ငံ၏ အကြီးဆုံးသော သဘာဝဓာတ်ငွေ့ကုမ္ပဏီကြီးတစ်ခုတွင် ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ အမှုဆောင်တစ်ဦးအဖြစ် တာဝန်ယူခဲ့သည်။ သမ္မတထရမ့်သည် ယူကရိန်းအား စစ်ရေးအကူအညီပေးရေးကိစ္စကို ဘိုင်ဒင်သားအဖတို့အား စုံစမ်းပေးရေးကိစ္စနှင့် ချိတ်ဆက်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရာမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် စွဲချက်တင်ပြစ်တင်ကြားနာမှုပြုလုပ်ရေး အောက်လွှတ်တော်၏ ကြိုးပမ်းချက်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

ယူကရိန်းသမ္မတသစ်အား ဖိအားပေးလိုသည့်သဘောဖြင့် စစ်ရေးအကူအညီပေးမှုကို ဆိုင်းငံ့ထားခဲ့ခြင်းသည် အာဏာအလွဲသုံးမှုအဖြစ် ဒီမိုကရက်အမတ်များက ရှုမြင်ကြသည်။ ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ရုရှားမဟုတ်မူ၍ ယူကရိန်းက ကြားဝင်စွက်ဖက်ခဲ့သည်ဟူသော နိုင်ငံရေးအရ လုပ်ကြံထိုးနှက်ချက်တစ်ရပ်ကို အောက်လွှတ်တော်က ကြားနာစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

သမ္မတထရမ့်သည် ၂၀၂၀ ရွေးကောက်ပွဲတွင် ပြန်လည်ရွေးချယ်တင်မြှောက်ခံရရေးအတွက် ရည်ရွယ်ကာ ပြိုင်ဘက်အပေါ် ထိုးနှက်နိုင်မည့် အားနည်းချက်များကို ရှာဖွေခြင်း ဟုတ်၊ မဟုတ် ကြားနာစစ်ဆေးခဲ့ကြသည်။

၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၄ ရက်နေ့တွင် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီက သမ္မတအား စွပ်စွဲပြစ်တင်ကြားနာမှုကို အစပျိုးပေးခဲ့လေသည်။ ယူကရိန်းအရှုပ်တော်ပုံကို ကိုးကားလျက် သမ္မတတစ်ဦးအနေဖြင့် အာဏာအလွဲသုံးမှု ပြုလုပ်ခဲ့ဖွယ်ရှိသည်ဟု ပယ်လိုစီက ဆိုသည်။

၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း အောက်လွှတ်တော်ရှိ ထောက်လှမ်းရေးကော်မတီ၊ စုံစမ်းစစ်ဆေးရေးနှင့်ပြုပြင်ပြောင်းလဲရေးကော်မတီ၊ နိုင်ငံခြားရေးကော်မတီတို့တွင် ကြားနာစစ်ဆေးမှုများပြုလုပ်ခဲ့ရာ ယူကရိန်းသံအမတ် ဘီလ်တေလာ၊ ယူကရိန်းနှင့် သက်ဆိုင်သည့် အမေရိကန်မူဝါဒအား ကြီးကြပ်ကွပ်ကဲရသော ပင်တဂွန် အထက်တန်းတာဝန်ရှိသူ လော်ရာကူးပါး၊ အိမ်ဖြူတော် လုံခြုံရေးကောင်စီ အကြံပေးပုဂ္ဂိုလ် ဖီယိုနာဟီးလ် စသူတို့က သက်သေများအဖြစ် ထွက်ဆိုမှု အသီးသီးပြုလုပ်ခဲ့ကြလေသည်။

သမ္မတထရမ့်သည် ဂျိုးဘိုင်ဒင် သားအဖနှင့်ပတ်သက်၍ လည်းကောင်း၊ ဟန်တာဘိုင်ဒင် တာဝန်ယူခဲ့သော ယူကရိန်းဓာတ်ငွေ့ကုမ္ပဏီ "ဘူရစ္စမာဦးပိုင်ကုမ္ပဏီ" နှင့်ပတ်သက်၍ လည်းကောင်း စုံစမ်းလေ့လာတွေ့ရှိချက်များကို ယူကရိန်းသမ္မတကိုယ်တိုင် လူသိရှင်ကြား ထုတ်ပြန်ကြေညာပေးရန် သမ္မတထရမ့် လိုလားခဲ့ပုံရသည်ဟု မိမိတို့ ယုံကြည်ယူဆကြကြောင်း သက်သေထွက်ဆိုမှုများတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ် ဇူလိုင်လအတွင်း သမ္မတထရမ့်နှင့် ယူကရိန်းသမ္မတတို့ တယ်လီဖုန်းဆက်သွယ်ပြောဆိုမှု အကြောင်းအရာကို အိမ်ဖြူတော်က ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၅ ရက်တွင် ထုတ်ပြန်ကြေညာပေးခဲ့ရသည်။

၂၀၂၀ အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ပြည်ပနိုင်ငံ တစ်နိုင်ငံမှ ကြားဝင်စွက်ဖက်မှုဖြစ်ပေါ်စေရေးအတွက် သမ္မတထရမ့်က သူ၏ အခွင့်အာဏာကိုအသုံးပြု၍ ဆွဲဆောင်စည်းရုံးခဲ့သည်ဟု စွပ်စွဲမှုကြီးတစ်ရပ် ပေါ်ထွက်လာခြင်းဖြင့် သူ့အား စွဲချက်တင် ပြစ်တင်ရှုတ်ချရေးအထိ လမ်းပွင့်သွားခဲ့သည်။

ယခုအခါတွင် သမ္မတထရမ့် ကိုယ်တိုင်က ဆီးနိတ်လွှတ်တော်တွင် သူ့အား ကြားနာစစ်ဆေးမှု အမြန်ဆုံးပြုလုပ်ပေးရန် ထုတ်ဖော်ပြောဆိုလာသည်။ သမ္မတထရမ့်သည် သူ့အား အပြစ်မှခွင့်လွှတ်ပေးရန် သေချာသလောက်ရှိနေသော ဆီးနိတ်လွှတ်တော်အားကိုးဖြင့် ပြန်လည်၍ အဖတ်ဆယ်နေဆဲဖြစ်သည်။

သမ္မတတစ်ဦးအား ပါလီမန်တွင် စွဲချက်တင် ကြားနာစစ်ဆေးခြင်းမှာ အမေရိကန်နိုင်ငံသမိုင်းတွင် တတိယအကြိမ်ဖြစ်သည်။ အောက်လွှတ်တော်တွင် သမ္မတထရမ့်အား စွဲချက်တင် ပြစ်တင်မှုပြုလုပ်ရေးအဆိုကို မဲခွဲဆုံးဖြတ်ရာတွင် ဒီမိုကရက်အမတ်များအားလုံးနီးပါးက ထောက်ခံမဲပေးခဲ့ကြပြီး ရီပတ်ဘလစ်ကန် အမတ်အားလုံးက ကန့်ကွက်မဲပေးခဲ့ကြသည်။

အောက်လွှတ်တော်၌ မဲခွဲဆုံးဖြတ်နေချိန် သမ္မတထရမ့်မှာ မီချီဂန်ပြည်နယ် ဘက်တယ်ခရစ်မြို့၌ သူ့အားသောင်းသောင်းဖြဖြ ဩဘာပေးနေသော လူအုပ်ကြီးရှိနေသည့် နိုင်ငံရေးလူထုစည်းဝေးပွဲတစ်ရပ်တွင် မိန့်ခွန်းပြောကြားနေချိန်ဖြစ်သည်။

သမ္မတထရမ့်သည် ဆီးနိတ်လွှတ်တော် ကြားနာမှုကို ရင်ဆိုင်ရန်ရှိနေသော်လည်း သူ့အား ရာထူးမှ ဖယ်ရှားနိုင်လောက်သည့် ပြစ်ချက်များမှ သူကျော်လွှားလွန်မြောက်နိုင်လိမ့်မည်ဟု သူကိုယ်တိုင် ယုံကြည်ထားသည်ဟု အိမ်ဖြူတော်က ဒီဇင်ဘာ ၁၉ ရက်တွင် ထုတ်ပြန်လိုက်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားပုံကို ကျွန်ုပ် အလေးမူမိရင်း "နောက်တစ်လှမ်းဆုတ် ရှေ့တစ်လှမ်းတက် နိုင်ငံရေး ပြကွက်" ဟု ကျူးရင့်မိပါသတည်း။

**Ref: TRUMP IMPEACHED: House of Representatives charges the president with abuse of power and obstruction of Congress (BUSINESS INSIDER)**

# ရွှေဘိုမြို့နယ်၌ မေတ္တာရိပ်အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် သက်မွေးပညာသင်တန်းကျောင်းဖွင့်ပွဲ ကျင်းပ

**ရွှေဘို ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မြောင်းကြီးကျေးရွာအနီးရှိ မေတ္တာရိပ်အမျိုးသမီးစောင့်ရှောက်ရေး ဂေဟာနှင့် သက်မွေးပညာသင်တန်းကျောင်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၏ဇနီး ဒေါ်တင့်တင့်နှင့် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးချုပ်က သင်တန်းကျောင်းမှခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် သင်တန်းကျောင်းဥက္ကဋ္ဌ ဦးမောင်ကိုတို့က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကိုကိုလွင်က သက်မွေးပညာသင်တန်း ပညာပေးအစီအစဉ်များအကြောင်း ရှင်းလင်းတင်ပြကာ စာရေးဆရာမ ဒေါ်သန်းမြင့်အောင်(ရန်ကုန်)က မုဒိတာစကားပြောကြားခဲ့သည်။

ဆက်လက်၍ အလှူရှင်များကိုယ်စား ထာဝရဆောက်လုပ်ရေးကုမ္ပဏီမှ ဦးမောင်ကိုက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး သင်တန်းကျောင်းအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ ထို့နောက် သင်တန်းကျောင်း အတွင်းရေးမှူး တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး တက်ရောက်လာသူများက သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ မေတ္တာရိပ် အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် သက်မွေးပညာသင်တန်းကျောင်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဇနီးတို့က ဦးစီးတည်ထောင်ခဲ့ပြီး စေတနာရှင် အလှူရှင်များ၏ ပူးပေါင်းပါဝင်လှူဒါန်းမှုဖြင့် ဆောင်ရွက်ခဲ့သည်။ သင်တန်းကျောင်းအတွင်း၌ ကျောင်းအုပ်ကြီး(သို့) ဂေဟာမှူး၏ နေအိမ်၊ ကျောင်းသူနှစ်ထပ်ဆောင်၊ ထမင်းစားဆောင်၊ မီးဖိုချောင်နှင့် စာသင်ဆောင်သုံးဆောင်တို့ပါဝင်ကြောင်း သိရသည်။

အခမ်းအနားကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ၊ ပြည်သူများ စုစုပေါင်း ၂၀၀၀ ခန့် တက်ရောက်ခဲ့သည်။



**မိုးသောက်(ရွှေဘို)**

# ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ဥရောပငါးနိုင်ငံမှ ခရီးသွားများအား ဆိုက်ရောက်ဗီဇာစနစ်ဖြင့် ထပ်မံတိုးချဲ့ဝင်ရောက်ခွင့်ပြုမည်

**မန္တလေး ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံအတွင်း ဥရောပခရီးသွားဈေးကွက် မြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်၍ ဥရောပငါးနိုင်ငံဖြစ်သည့် ဩစတြီးယား၊ ချက်၊ ဟန်ဂေရီ၊ လူဇင်ဘတ်နှင့် နယူးဇီလန်နိုင်ငံတို့မှ ခရီးသွားများအား မြန်မာနိုင်ငံအတွင်းသို့ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ စမ်းသပ်ကာလ သုံးနှစ်သတ်မှတ်၍ ဆိုက်ရောက်ဗီဇာစနစ်ဖြင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် လေကြောင်းလိုင်းများမှ ထပ်မံတိုးချဲ့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောကြားသည်။



မြန်မာနိုင်ငံအတွင်းသို့ ခရီးသွားများဝင်ရောက်မှုလွယ်ကူစွာ တိုးတက်ဝင်ရောက်လာစေရေးအတွက် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ စမ်းသပ်ကာလ တစ်နှစ်သတ်မှတ်၍ ဩစတြေးလျ၊ ဂျာမနီ၊ အီတလီ၊ ရုရှား၊ စပိန်နှင့် ဆွစ်ဇာလန်နိုင်ငံများမှ ခရီးသွားများ ဆိုက်ရောက်ဗီဇာစနစ်ဖြင့် ဖြေလျှော့မှုပေးကာ လေကြောင်းလိုင်းများမှ ဝင်ရောက်ခွင့်ပြုခဲ့ပြီး ယခုအခါ ဥရောပငါးနိုင်ငံအား ထပ်မံတိုးချဲ့၍ ခွင့်ပြုပေးခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဝန်ကြီးဌာနက ခရီးသွားလုပ်ငန်းမှာ ပါဝင်ပတ်သက်သူတွေရဲ့ အကျိုးစီးပွား၊ ဒေသခံပြည်သူတွေရဲ့ အကျိုးစီးပွားနဲ့ နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားကို တိုက်ရိုက်၊ သွယ်ဝိုက်၊ ဆက်စပ်ပြီး အကျိုးပြုမယ့် ခရီးသွားဧည့်သည်တွေ နိုင်ငံအတွင်းကို ပိုမိုဝင်ရောက်နိုင်ဖို့အတွက် ဆက်စပ်ဌာနဆိုင်ရာတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အခုလို ဖြေလျှော့မှုတွေပေးပြီး ဝင်ရောက်ခွင့်ပြုတဲ့အတွက် ဥရောပခရီးသွားတွေ အရင်ထက်ပိုမိုဝင်ရောက်လာမယ်လို့ မျှော်လင့်ထားပါတယ်။ ဒါပေမယ့် ဒီလောက်နဲ့ ရပ်တန့်မနေဘဲ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ ခရီးသွားကဏ္ဍမှာ ပါဝင်ပတ်သက်သူတွေနဲ့ ပူးပေါင်းပြီး ဒီထက်ပိုမိုကောင်းမွန်တဲ့ အစီအမံတွေနဲ့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် နိုင်ငံတော်အစိုးရမှ ခရီးသွားကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတကာခရီးသွားများ ပြည်တွင်းသို့ ဝင်ရောက်မှုလွယ်ကူစေရန် ဗီဇာဖြေလျှော့မှုများအဖြစ် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှစ၍ စမ်းသပ်ကာလတစ်နှစ်သတ်မှတ်၍ တောင်ကိုရီးယား၊ ဂျပန်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟောင်ကောင်နှင့် မကာအိုတို့အား ဗီဇာကင်းလွတ်ခွင့်ပြု၍လည်းကောင်း၊ တရုတ်နိုင်ငံအား ဆိုက်ရောက်ဗီဇာစနစ်ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံအား ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိလည်းကောင်း ဆိုက်ရောက်ဗီဇာစနစ်ဖြင့် ဝင်ရောက်ခွင့်ပြုခဲ့သည့်အပြင် ယခုအခါ အဆိုပါနိုင်ငံများ၏ ဝင်ရောက်ခွင့်အတွက် ဖြေလျှော့မှုအား တစ်နှစ်သက်တမ်း ထပ်မံတိုးမြှင့်ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာ ခရီးသွားများ တိုးတက်ဝင်ရောက်လာစေရန် ဗီဇာဖြေလျှော့မှုများကြောင့် လက်ရှိအချိန်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံတကာခရီးသွားများ ဝင်ရောက်မှုမှာ ၂၀၁၈ ခုနှစ်အတွင်း ၄၉၂၀၉၇ ဦးရှိခဲ့ရာမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ၁၁ လတာကာလအတွင်း ၆၂၀၁၈၉ ဦးအထိ တိုးတက်များပြားစွာ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းနှင့် မိုင်းဆတ်မြို့နယ်တို့၌ ဘိန်းစိုက်ခင်း ၄၁ ဒသမ ၇ ဧက ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက်တွင် ဟိုပုံးမြို့နယ် ဒုံကောင်းကျေးရွာ၏ အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့် ခြောက်လက်မခန့်ရှိ ဖွံ့ဖြိုးဆဲဘိန်းခင်း စုစုပေါင်း ခုနစ်ဧကခန့်ကို ဖျက်ဆီးခဲ့သည်။



အလားတူ ဆီဆိုင်မြို့နယ် လွယ်ဆောင်ကျေးရွာ၏ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာ၌ အမြင့်တစ်ပေခွဲခန့်ရှိ သီးပွင့်ဆဲဘိန်းခင်း စုစုပေါင်း ၁၇ ဧကခန့်၊ ပင်လောင်းမြို့နယ် ကင်ပွန်းခြံကျေးရွာ၏ မြောက်ဘက်နှစ်မိုင်ခန့်အကွာ၌ အမြင့် တစ်ပေခွဲခန့်ရှိ သီးပွင့်ဆဲ ဘိန်းခင်း ၁၃ ဧကခန့်၊ မိုင်းဆတ်မြို့နယ် ဖတ္တူမိန်းကျေးရွာ၏အနောက်ဘက် နှစ်မိုင်ခန့်အကွာ၌ အမြင့် ငါးလက်မခန့်ရှိ ဘိန်းခင်း ၁ ဒသမ ၂ ဧကခန့်၊ ဟွေခါးကျေးရွာ၏ အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာ၌ အမြင့် သုံးလက်မခန့်ရှိ ဘိန်းခင်း သုည ဒသမ ၅ ဧကခန့်နှင့် နားဖားကို ကျေးရွာ၏ အရှေ့တောင်ဘက် လေးဖာလုံခန့်အကွာ၌ အမြင့် ၁၀ လက်မခန့်ရှိ ဘိန်းခင်း သုံးဧကခန့်တို့ကို သက်ဆိုင်ရာရဲတပ်ဖွဲ့များက ဖျက်ဆီးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ထန်းတပင်တွင် မူခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ကျောင်းရှေ့နှင့် အမှတ်(၂)ရပ်ကွက်ရှိ (ထန်းတပင်)အခြေခံပညာအထက် တန်းကျောင်းရှေ့တို့တွင် ဒီဇင်ဘာလဒုတိယပတ်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်/ကျေးရွာနေ ပြည်သူများအား မှုခင်းအသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထန်းတပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်လွင် ဦးစီးအဖွဲ့နှင့် အမှတ်(၆၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်မြင့်နိုင်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၆)မှ ဒုရဲအုပ်ဇော်ဦးနှင့် မူးယစ်တပ်ဖွဲ့စု(၄၀)မှ တပ်ကြပ်ကြီးတင်မျိုးထိုက်တို့က လာရောက်လေ့လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်/ကျေးရွာနေပြည်သူများအား သက်ငယ်မုဒိမ်းမှု၊ လုယက်မှု၊ လူသတ်မှု၊ ခိုးမှု၊ လိမ်လည်မှုတို့နှင့်စပ်လျဉ်း၍ သိသင့်သိထိုက်သည့်မှုခင်းပိုင်းနှင့် ပတ်သက်သည့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ဆောင်ရန် ရှောင်ရန်အချက်များအကြောင်း၊ လူကုန်ကူးမှုအန္တရာယ်များအကြောင်း၊ ပြစ်မှု၊ ပြစ်ဒဏ်များ၊ ဆက်သွယ်အကူအညီတောင်းခံရမည့်ဖုန်းနံပါတ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောခြင်း၊ မှုခင်းပညာပေး ဗီဒီယိုများ ပြသခြင်းတို့ပြုလုပ်ပြီး မှုခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ဖြူးမြို့နယ်၌ တူမီးသေနတ်ကျည်ထိမှန်၍ အမျိုးသားတစ်ဦး သေဆုံး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖွတ်ကျားချောင်းဝကျေးရွာနေ ဒီရှိုင်းနှင့် အောင်နိုင်စိုး(ခ)ချက်ကြီးတို့သည် ဒီဇင်ဘာ ၂၀ ရက် ညနေ ၅ နာရီခွဲက ကွမ်းချောင်းအနီး၌ထင်းရှာဖွေစဉ် လဲကျနေသော သစ်ပင်၏အခေါင်းအတွင်းမှ အရှည်သုံးပေခန့်ရှိတူမီးသေနတ် တစ်လက် တွေ့ရှိခဲ့ပြီး အဆိုပါတူမီးသေနတ်အား ဒီရှိုင်းက ပစ်ခတ်ကြည့်စဉ် ၎င်းတွင် ဝဲလက်ဖဝါး၊ လက်ချောင်းများ ပေါက်ပြဲဒဏ်ရာများရရှိခဲ့ပြီး အောင်နိုင်စိုး(ခ)ချက်ကြီးတွင် တူမီးကျည်ထိမှန်၍ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့သည်။

ဖြစ်စဉ် နှင့်ပတ်သက်၍ ဒီရှိုင်းအား ညောင်ပင်သာနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မိုးကောင်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်

**မိုးကောင်း ဒီဇင်ဘာ ၂၁**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မိုးကောင်း– ဆားမော် ကျေးရွာသွားလမ်း၌ ယနေ့နံနက်ပိုင်းက ယာဉ်နှင့်ဆိုင်ကယ်တိုက်မိခဲ့ကာ ဆိုင်ကယ်မောင်းနှင်သူ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၈ နာရီခွဲက မြစ်ကြီးနားမြို့ တပ်ကုန်း(စံပြ)ရပ်ကွက်နေ အောင်မိုင်မူး မောင်းနှင်လာသည့် ဆိုင်ကယ်သည် မိုးကောင်း–ဆားမော်ကျေးရွာသွားလမ်း အောင်သာကျေးရွာအနီးတွင် ရှေ့မှလားရာတူမောင်းနှင်နေသည့် ယာဉ်အား ကျော်တက်စဉ် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသည့် ယာဉ်နှင့်တိုက်မိခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူတွင် ဒဏ်ရာများရှိကာ မိုးကောင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်မိုင်မူးအား မိုးကောင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မြေအောက်ရေစီမံခန့်ခွဲမှု ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

၁၅။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ယင်းက တာဝန်လွှဲအပ်ထားသော အဖွဲ့အစည်းသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်အပေါ် ကွင်းဆင်းစစ်ဆေးခြင်း၊ ကာလသတ်မှတ်ချက် တိုးမြှင့်ပေးသင့်ကြောင်းတွေ့ရှိလျှင် သက်တမ်းတိုးမြှင့်ခြင်း၊ တူးဖော်ခွင့်ပြုမိန့် ထပ်မံလျှောက်ထားစေခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးပြီး ရက်ပေါင်း ၆၀ အတွင်း လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၇။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သည် ပုဒ်မ ၁၄ အရ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိလျှင် ကွင်းဆင်းစစ်ဆေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ လိုအပ်ချက်များကို ပြုပြင်ဆောင်ရွက်စေခြင်း၊ လုပ်ငန်းလိုင်စင်သက်တမ်း တိုးမြှင့်မပေးနိုင်ကြောင်း ငြင်းပယ်ခြင်း၊ ယင်းငြင်းပယ်သည့် ဆုံးဖြတ်ချက်အပေါ် လုပ်ငန်းအဖွဲ့သို့ အယူခံဝင်ခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၇)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံဝင်ခြင်း**

၁၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သည် မြေ အောက်ရေ ထုတ်ယူသုံးစွဲသူတစ်ဦးဦးက အောက်ဖော်ပြပါ တားမြစ်ချက်များ ကျူးလွန်ကြောင်း မြို့နယ်လုပ်ငန်းအဖွဲ့က ခိုင်လုံသော အချက်အလက်တွေ့ ရှိလျှင် ထုတ်ပေးထားသော သက်ဆိုင်ရာ တူးဖော်ခွင့်ပြုမိန့်၊ သုံးစွဲခွင့်ပြုမိန့် သို့မဟုတ် လိုင်စင်ကို နှစ်အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်–

(က) တူးဖော်ခွင့်ပြုမိန့်တွင်ဖြစ်စေ၊ သုံးစွဲခွင့်ပြုမိန့်တွင်ဖြစ်စေ၊ လုပ်ငန်းလိုင်စင်တွင်ဖြစ်စေ ဖော်ပြထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ခ) ဤဥပဒေပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) စက်ရေတွင်းတစ်တွင်းကြောင့် အခြားပတ်ဝန်းကျင် စက်ရေတွင်းများကို အန္တရာယ်ဖြစ်စေနိုင်ခြင်း၊

(ဃ) မြေအောက်ရေသဘာဝစနစ်ကို ပျက်စီးစေနိုင်ခြင်း။

၁၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်စုံတစ်ရာကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ အယူခံဝင်နိုင်သည်။

၂၀။ ဗဟိုကော်မတီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၁။ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

**အခန်း(၈)**

**တားမြစ်ချက်များ**

၂၂။ မည်သူမျှ ဤဥပဒေအရ –

(က) သက်ဆိုင်ရာ တူးဖော်ခွင့်ပြုမိန့်မရရှိဘဲ အိမ်သုံးအတွက် စက်ရေတွင်း တူးဖော်ခြင်း၊ ထုတ်ယူသုံးစွဲခြင်းမပြုရ။

(ခ) သုံးစွဲခွင့်ပြုမိန့် မရရှိဘဲ လုပ်ငန်းသုံးအတွက် စက်ရေတွင်းတူးဖော်ခြင်း၊ ထုတ်ယူသုံးစွဲခြင်းမပြုရ။

(ဂ) လုပ်ငန်းလိုင်စင်မရှိဘဲ စီးပွားရေးအလို့ငှာ မြေအောက်ရေကို တူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

(ဃ) စက်ရေတွင်းတူးဖော်ခြင်းကို လုပ်ငန်းလိုင်စင် လုပ်ကိုင်ခွင့်ရရှိထားခြင်း မရှိသော စက်ရေတွင်းတူးဖော်သူနှင့် တူးဖော်ခြင်းမပြုရ။

(င) သဘာဝပတ်ဝန်းကျင် ထိခိုက်စေခြင်းနှင့် မြေအောက်ရေ ရေရှည်တည်တံ့ခိုင်မြဲရေးအား ထိခိုက်နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေသော တူးဖော်သုံးစွဲခြင်းမျိုးမပြုရ။

၂၃။ တူးဖော်ခွင့်ရရှိသူနှင့် လုပ်ငန်းလိုင်စင်ရရှိသူ မည်သူမျှ –

(က) သတ်မှတ်ခွင့်ပြုသည့်နေရာမှအပ အခြားနေရာတွင် လုပ်ငန်းသုံးအတွက် စက်ရေတွင်း တူးဖော်ခြင်းမပြုရ။

(ခ ) ခွင့်ပြုသော စက်ရေတွင်းအရေအတွက်နှင့် အရွယ်အစားကို ကျော်လွန်၍ တူးဖော်ခြင်းမပြုရ။

၂၄။ မည်သူမျှ မြေအောက်ရေညစ်ညမ်းစေမည့် မည်သည့် အပြုအမူကိုမျှ မပြုလုပ်ရ။

၂၅။ မည်သည့် သုံးစွဲခွင့်ပြုမိန့်ရရှိသူမျှ ဗဟိုကော်မတီက သတ်မှတ်ခွင့်ပြုထားသည့် အချိန်အတိုင်းအတာနှင့် ထုတ်ယူသုံးစွဲရမည့် ခွင့်ပြုရေပမာဏထက်ပို၍ ထုတ်ယူသုံးစွဲခြင်းမပြုရ။

၂၆။ လုပ်ငန်းအဖွဲ့တစ်ခုခုက အသုံးပြုရန် ခွင့်ပြုသတ်မှတ်ထားသည့် အိမ်သုံးနှင့် လုပ်ငန်းသုံးမှတစ်ပါး အခြားလုပ်ငန်းများအတွက် အသုံးပြုခြင်းမပြုရ။

**အခန်း(၉)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၂၇။ မည်သူမဆို –

(က) ပုဒ်မ ၂၂ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၂၂ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းမှ ကျပ်သိန်း ၂၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

(ဂ) ပုဒ်မ ၂၂ (ဂ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်း ၂၀ မှ ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

(ဃ) ပုဒ်မ ၂၂ (ဃ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

(င) ပုဒ်မ ၂၂ (င) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သိန်း ၂၀ မှ ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ် ချမှတ်နိုင်သည်။

၂၉။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၀။ မည်သူမဆို ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၆ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

**အခန်း(၁၀)**

**အထွေထွေ**

၃၁။ ဗဟိုကော်မတီသည် စက်ရေတွင်းများတွင် မြေအောက်ရေထုတ်ယူသုံးစွဲမှုပမာဏကို တိုင်းတာနိုင်ရန် သင့်လျော်သော ရေမီတာစနစ်များတပ်ဆင်ရန် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားရမည်။

၃၂။ ရေလျှံတွင်းများ၊ ရေလျှံဇုန်များနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီမှ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားရမည်။

၃၃။ ဝန်ကြီးဌာနသည် ပုဒ်မ ၃ ပါ ရည်ရွယ်ချက်များအရ ဗဟိုကော်မတီနှင့် လုပ်ငန်းအဖွဲ့အဆင့်ဆင့်သို့ နေရာဒေသအလိုက် မြေအောက်ရေအခြေအနေဆိုင်ရာ အချက်အလက်များ ပံ့ပိုးနိုင်စေရန် သုတေသနများ ဆောင်ရွက်ရမည်။

၃၄။ ဝန်ကြီးဌာနသည် မြေအောက်ရေဆိုင်ရာ သတင်းအချက်အလက်များ ပိုမိုခိုင်မာစေရန် လိုအပ်သော သုတေသနလုပ်ငန်းများ၊ ဓာတ်ခွဲခန်းများ၊ နည်းပညာဆိုင်ရာကိစ္စရပ်များအတွက် ဘဏ္ဍာရန်ပုံငွေကို အစိုးရအဖွဲ့ထံ တင်ပြတောင်းခံနိုင်သည်။

၃၅။ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အဆင့်ဆင့်သည် မြေအောက်ရေဆိုင်ရာ သတင်းအချက်အလက်များကို ဝန်ကြီးဌာနထံမှ တိုက်ရိုက်တောင်းယူနိုင်သည်။

၃၆။ လုပ်ငန်းလိုင်စင် လျှောက်ထားသူသည် ဗဟိုကော်မတီက သတ်မှတ်သည့် အခကြေးငွေများကို လည်းကောင်း၊ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း မပြုမီ ကန့်ကွက်လွှာဆင့်ခေါ်သည့် ကုန်ကျစရိတ်ကို လည်းကောင်း ကျခံရမည်။

၃၇။ လုပ်ငန်းလိုင်စင်၊ တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်တို့မှရရှိသည့် အခကြေးငွေများကို ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဘဏ္ဍာရန်ပုံငွေများသို့ ပေးသွင်းရမည်။

၃၈။ တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့် လျှောက်ထားသူသည် ဗဟိုကော်မတီက အခါအားလျော်စွာသတ်မှတ်သည့် အခကြေးငွေများကိုလည်းကောင်း၊ တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်ထုတ်ပေးခြင်းမပြုမီ ကန့်ကွက်လွှာဆင့်ခေါ်သည့် ကုန်ကျစရိတ်ကိုလည်းကောင်း ကျခံရမည်။

၃၉။ ဗဟိုကော်မတီသည် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုက်နာရခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၄၀။ ဤဥပဒေမပြဋ္ဌာန်းမီ တူးဖော်ခဲ့ပြီးသော စက်ရေတွင်းများသည် ဤဥပဒေအရ ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များအတိုင်း စာရင်းသွင်းခြင်း၊ မှတ်ပုံတင်ခြင်းများ ဆောင်ရွက်ရမည်။


၄၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်–

(က) ဗဟိုကော်မတီသည်ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို လိုအပ်သလို ထုတ်ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့သည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၂။ ၁၉၃၀ ပြည့်နှစ် မြေအောက်ရေအက်ဥပဒေ The Underground Water Act (Burma Act No. IV) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---



**မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်ရှိ ရှေးဟောင်းသမိုင်းဝင် မန်းရွှေစက်တော် စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်းတစ်ရက်အထိ အစဉ်အလာမပျက် ဆင်ယင်ကျင်းပလျက်ရှိရာ ပွဲတော်လာ ဘုရားဖူးပြည်သူများ ကောင်းမွန်စွာ တည်းခိုနားနေနိုင်ရေး၊ အစားအသောက် အဆင်ပြေစေရေးတို့အတွက် နားနေဆောင်များ၊ စားသောက်ဆိုင်များ၊ ဒေသထွက်လက်ဆောင်ပစ္စည်းအရောင်းဆိုင်များ စတင်ဆောက်လုပ် ပြင်ဆင်နေမှုကို ဒီဇင်ဘာ ၁၉ ရက်က တွေ့ရစဉ်။**

မောင်ယဉ်ကျေး

## ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး ဆွေးနွေး

**မုံရွာ ဒီဇင်ဘာ ၂၁**


စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြောင်းလဲလာသည့် ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး သုတေသနပညာရှင်များနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက မုံရွာမြို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

တိုင်းဒေသကြီးအတွင်းရှိ တောင်သူများအနေဖြင့် ပြောင်းလဲလာသောရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးရေကိုအကျိုးရှိစွာအသုံးပြုနိုင်သော ရေအနည်းလိုသီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲမျိုးစုံ သီးနှံသုတေသနစမ်းသပ်ကွက်များ ဖော်ဆောင်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်များအရ ယင်းမာပင်ခရိုင်အတွင်းရှိ မြောက်ယမားဆည်ရေသောက်ဒေသအတွက် ရေနည်းလိုသီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာနှင့် ပဲမျိုးစုံသီးနှံများအား ခရိုင်နှင့်မြို့နယ်ဦးစီးမှူးများ ပေါင်းစပ်ပြီး သုတေသနပြုလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် သုတေသနပြုတွေ့ရှိချက်များအပေါ် အခြေခံ၍ သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။


**ဝင်းဦး**


**(ဧယျာတိုင်း)**



ကျား:ဝါဖေ့ဖေ့
မိသားစု ကာတွန်းများ













## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ခရမ်းမြို့နယ်ကျေးရွာချင်းဆက်လမ်းနှင့် မြို့နယ်ခန်းမ တက်ရောက်ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၁**
ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက ခရမ်းမြို့နယ်ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲနှင့် မြို့နယ်ခန်းမဖွင့်ပွဲ တက်ရောက်ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

ပိန်းကန်ကျေးရွာ ယာယီမဏ္ဍပ်၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများဖြစ်သည့် ဒေါ်နီလာကျော်နှင့် ဒေါ်မိုးမိုးစုကြည်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်နှင့် လွှတ်တော်ကိုယ်စားလှယ်များက ခရမ်းမြို့နယ် ကျုံတူး-ခင်တန်း-ရိုးကြီး-လှဘီလူး-ပိန်းကန် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် " ဒီနေ့ ဖွင့်လှစ်လိုက်တဲ့လမ်းဟာ ဒေသခံပြည်သူလူထုတွေရဲ့ လူမှုဘဝအတွက် များစွာအထောက်အကူပြုမှာဖြစ်သလို ကလေးငယ်တွေရဲ့ ပညာရေး၊ ကျန်းမာရေးကို အများကြီးအထောက်အကူဖြစ်မှာ ဖြစ်ပါတယ်၊ ဒါကြောင့် လမ်းရေရှည်တည်တံ့ခိုင်မြဲဖို့ ပြည်သူတွေက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးဖို့ လိုပါတယ်။ ရွာတိုင်းရွာတိုင်း လမ်းတွေခင်းနိုင်ပြီး လျှပ်စစ်မီးတွေလင်းနိုင်ကာ မြို့ပြရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ကျေးလက်ဒေသကိုပါ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာဖို့ ကျွန်တော်တို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေ ၁၉၉၅ ဒသမ ၂၈ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည် ၅ မိုင် ၃ ဒသမ ၇၉ ဖာလုံ၊ ပေ ၂၉၀၄၀၊ လမ်းအကျယ် ၁၂ ပေ၊ (ယာဉ်+ကုန်) တစ်စီးချင်းခံနိုင်ဝန်တန် ၂၀ ဖြစ်ကြောင်း၊ စီမံကိန်းကို ၂၀၁၉ ခုနှစ် မတ် ၅ ရက်တွင် စတင်ခဲ့ပြီး စက်တင်ဘာ ၂၅ ရက်တွင် ပြီးစီးခဲ့သည်။

ယင်းကွန်ကရစ်လမ်းသည် ကျေးရွာပေါင်း ၂၁ ရွာရှိ အိမ်ထောင်စုပေါင်း ၃၂၀၀ ကျော်၊ လူဦးရေ ၁၂၀၀၀ ကျော်တို့၏လယ်ယာထွက်ကုန်နှင့် ကုန်စည်စီးဆင်းမှုများကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန် /ဆက်)**

## သမိုင်းဝင်ဓာတ်တော်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကျေးရွာမီးလင်းရေးဖွင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်

**ရေတာရှည် ဒီဇင်ဘာ ၂၁**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၁ ရက် နံနက် ၈ နာရီခွဲက ရေတာရှည်မြို့ အမှတ် (၁)ရပ်ကွက် ကရင်ချောင်းလမ်းရှိ သမိုင်းဝင်ဓာတ်တော်ဘုရားကြီး (၃၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်သို့ တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။

ဓာတ်တော်ဘုရားကြီးအဝင်မုခ်ဦးအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပင့်သံဃာအပါး ၃၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့သည်။

ထို့နောက် ရေတာရှည်မြို့အနောက်ဘက် နှစ်မိုင်ခန့်အကွာရှိ ခင်တန်းကြီးကျေးရွာတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေး(VDP) ရန်ပုံငွေ ကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေ ၆၁ သိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာမီးလင်းရေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်နှင့် တောင်ငူခရိုင် ကျေးလက်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်းနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခင်တန်းကြီးကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပသည့် လူထုတွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ပြီး အဖွင့် အမှာစကားပြောကြားသည်။ တက်ရောက်လာသော ဒေသခံပြည်သူများက လမ်းတံတား၊ ကျန်းမာရေး၊ မြေယာကိစ္စများကို တင်ပြဆွေးနွေးခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက ဘားအံမြို့တွင် ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုး ဦးစီးအဖွဲ့နှင့် အမှတ် (၁၀) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးအောင်ကြီး ဦးစီးသော အဖွဲ့တို့ ပူးပေါင်း၍ ဆိုင်ကယ် စီးနင်းသူများအား ဆိုင်ကယ်ဦးထုပ်များ ကံစမ်းမဲဖောက်ပေးစဉ်။
ကိုကိုရှုပ

## ပထမအကြိမ် ဒီဇင်ဘာအထူးအလှမွေးငါးရောင်းချခြင်း ဈေးပွဲတော်ခင်းကျင်းပြသ

**ရန်ကုန် ဒီဇင်ဘာ ၂၁**
အလှမွေးငါး လုပ်ငန်းရှင်များနှင့် ဝါသနာရှင်ပြည်သူများ လေ့လာနိုင်ကြစေရန်နှင့် ပြည်တွင်း ပြည်ပအလှမွေးငါးများ၏ ဇဟုသုတရဖွယ်စာအုပ်များကို ဖတ်ရှုလေ့လာနိုင်ကြစေရန် ရည်ရွယ်၍ ဒီဇင်ဘာအထူးအလှမွေးငါးရောင်းချခြင်း ဈေးပွဲတော်ကို မြောက်ဥက္ကလာပမြို့နယ် ကန်သာယာပန်းခြံ Kan Thar Yar Recreational Centre ရှိ Myanmar Pet Centre (MPC)တွင် ဖွင့်လှစ်ပြီး ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းမှစတင်၍ ခင်းကျင်းပြသလျက်ရှိရာ မည်သူမဆို အခမဲ့ ဝင်ရောက်လေ့လာနိုင်သည်။



ဒီဇင်ဘာ ၂၉ ရက်အထိခင်းကျင်းပြသမည့် အဆိုပါ ဈေးပွဲတော်အား ခင်းကျင်းပြသနေသည့် Myanmar Pet Centre (MPC)ကိုလည်း မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ပြီး အလှမွေးငါးနှင့် အိမ်မွေးတိရစ္ဆာန်များအပြင် အစာနှင့် ဆက်စပ်ပစ္စည်းများကို တစ်နေရာတည်းတွင် စုံလင်စွာရရှိစေရန် ဖွင့်လှစ်ပေးခြင်းဖြစ်ကာ ယခုကဲ့သို့သောဈေးရောင်းပွဲတော်မျိုးကို ထပ်မံကျင်းပသွားမည်ဖြစ်သည်။ **သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

## လက်ဖက်ကုန်စည်ပြပွဲ ရွှေတံဆိပ်ဆုချီးမြှင့်ခံရသူအား ထပ်ဆင့်ဂုဏ်ပြု

**မန္တလေး ဒီဇင်ဘာ ၂၁**
မြန်မာနိုင်ငံ လက်ဖက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ကြီးမှူး၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် 2019 Global Tea Fair China Shenzhen Autumn လက်ဖက်ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ Shwe Taung Koe Lone Brothers Co.,Ltd မှ ဦးမောင်လွင်၏ Ko Kang Old Tree Tea အား ရွှေတံဆိပ်ဆုချီးမြှင့်ခံရသဖြင့် ထပ်ဆင့်ဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၁၉ ရက် ညနေ ၆ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၄ လမ်းနှင့် ၂၇ လမ်းထောင့်ရှိ Oriental House ခန်းမတွင် ကျင်းပသည်။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးရဲမြတ်သူနှင့် မြန်မာနိုင်ငံ လက်ဖက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌဒေါ်ညိုညိုစိန်တို့က ဂုဏ်ပြုအမှာစကားပြောကြားကြပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။
**သီဟကိုကို(မန္တလေး)**

## ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ခရိုင်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲ ပြုလုပ်



**စစ်ကိုင်း ဒီဇင်ဘာ ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ကသာ ခရိုင်ဦးစီးမှူးရုံးမှ ကြီးမှူးကျင်းပသော ၂၀၁၉ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ခရိုင်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲ အခမ်းအနားအား ယနေ့နံနက် ၉ နာရီတွင် ပြန်/ဆက်ရုံးရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စာရင်းစစ်၊စာရင်းကောက် ခန့်အပ်လွှာများကို ခရိုင် လဝကရုံးမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်က သင်တန်းသားတစ်ဦးချင်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **လူအောင်(ကသာ)**

## လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်ရန် စီမံခန့်ခွဲမှု သင်တန်းပို့ချ

**ရန်ကုန် ဒီဇင်ဘာ ၂၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း(စတုတ္ထနှစ်စက်ဝန်း)အကောင်အထည်ဖော်ဆောင်ရာတွင် ငွေကြေးစီမံခန့်ခွဲမှုနှင့် ဝေဖန်အကြံပြု တိုင်ကြားချက်ဖြေရှင်းခြင်းကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်တတ်စေရန်၊ လုပ်ငန်းခွဲများတွင် အမျိုးသား အမျိုးသမီးအချိုးညီစွာ ပါဝင်ဆောင်ရွက်တတ်စေရန်အတွက် ကျေးရွာစောင့်ကြည့်ကြီးကြပ်ကော်မတီများစီမံခန့်ခွဲမှုသင်တန်းကို ဒီဇင်ဘာ ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပန်းတောစံပြကျေးရွာ မူကြိုကျောင်းတွင် ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။ **စိုးဝင်း(ကျောက်တန်း)**

# ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆရာ ဆရာမများအား လစာတိုးမြှင့်ထောက်ပံ့ပေးမည့် အစီအစဉ်တစ်ခု မြန်မာ့ရှေ့ဆောင်ဘဏ်မှ မိတ်ဆက်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာ့ရှေ့ဆောင်ဘဏ်(MAB)အနေဖြင့် မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် သီလရှင်ပညာရေးကျောင်းများမှ ဆရာ ဆရာမများ၏ လုပ်ခလစာကို တိုးမြှင့်ထောက်ပံ့ပေးမည့် "တစ်သိန်းတိုင်းမှာတစ်ဆယ်လှူ MAB နဲ့ လက်တွဲကူ" အစီအစဉ်တစ်ခုကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်အား မြန်မာ့ရှေ့ဆောင်ဘဏ်၏ ၁၀ နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး ယင်းကာလအတွင်း ငွေကျပ်တစ်သိန်းစုငွေ ထည့်သွင်းသည့်အခါတိုင်း ငွေ တစ်ဆယ်ကျပ်ကို မတည်ငွေအဖြစ် MAB မှ ထည့်ဝင်လှူဒါန်းသွားမည်ဖြစ်ကာ ယင်းသို့လှူဒါန်းသည့်မတည်ငွေကို လာရောက်အပ်နှံသူများ၏ အကောင့်များမှရယူခြင်းမဟုတ်ဘဲ MAB ၏ အကျိုးအမြတ်များမှသာ မတည်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ယင်းလှူမှုအကျိုးပြုအစီအစဉ်၏ လှူဒါန်းမှုအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှစတင်၍ နောင်သုံးနှစ်တာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့သီလရှင်သင်ပညာရေးကျောင်းနှင့် ဓမ္မာစရိယဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ဆရာ ဆရာမများအား ကျောင်းမှပေးအပ်သည့် လုပ်ခလစာအပြင် MAB က အပိုထပ်ဆောင်းပေးသောစုငွေအဖြစ် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ယင်းသည် ဆရာ ဆရာမများ၏ပုံမှန်ရရှိနေသောလစာကို အစားထိုးပေးအပ်ခြင်းမဟုတ်ဘဲ ပိုမိုတိုးပွားအောင်ပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ ထိုသို့ပြုလုပ်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်သော လူမှုဘဝကို ရရှိပိုင်ဆိုင်မည်ဖြစ်ပြီး မိမိတို့၏ အသက်မွေးဝမ်းကျောင်းပညာရပ်ကိုလည်း ဆက်လက်လုပ်ဆောင်ရန် တွန်းအားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် "တစ်သိန်းတိုင်းမှာတစ်ဆယ်လှူ MAB နဲ့ လက်တွဲကူ" အစီအစဉ်အရ ထန်းတပင်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းတွင်လည်း ကျောင်းအဆောက်အအုံများနှင့် ပရိဘောဂများကို လှူဒါန်းသွားမည်ဖြစ်ကြောင်း MAB မှ သိရသည်။

**ကိုထက်**



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့် အမက (၁၁) အခြေခံပညာမူလတန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်ရန် ပန္နက်တင်နှင့် မြေသန့်မင်္ဂလာကို ဒီဇင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဆုတောင်းပြည့်ကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တမေဓာဂျောနန္ဒ (သာသနာ့တက္ကသိုလ ဓမ္မာစရိယ B.A Buddhism ဂန္ထဝါစကပဏ္ဍိတ)နှင့် သံဃာတော်များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)



ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ရန်ကင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော လူကုန်ကူးမှု နှိမ်နင်း တားဆီးရေးနှင့် မူခင်းအသိပညာပေး ဟောပြောပွဲကို အမှတ် ၁၁ ရပ်ကွက် ကံဘဲ့ဘူတာရုံလမ်း သုခိတာရာမ သီလရှင်ကျောင်းတိုက်ရှိ မြသီတာဓမ္မာရုံတွင် ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်ဦးက ဟောပြောစဉ်။

သန်းမောင်-(ရန်ကင်း)

✻ ၂၀၂၀ AFC မှ

ကစားသမားများအဖြစ် တိုက်စစ်မှူးများဖြစ်သော ဘာဖိုနှင့် အီမန်နျူရယ်၊ ကွင်းလယ်လူရှိုရာ၊ နောက်ခံလူအဘူဘာကာတို့အပြင် ပြည်တွင်းကစားသမားများဖြစ်သည့် ထိုက်ထိုက်အောင်၊ သိန်းသန်းဝင်း၊ အောင်ကျော်နိုင်၊ ရန်ပိုင်စိုး၊ မောင်မောင်ဝင်းနှင့် ကြည်လင်းတို့ကို ခေါ်ယူထားသည်။ ရန်ကုန်အသင်းကို နည်းပြချုပ်အဖြစ် ဦးတင်မောင်ထွန်းက တာဝန်ယူမည်ဖြစ်ပြီး ပြီးခဲ့သည့်ရာသီဝက်တွင် ယာယီနည်းပြအဖြစ် တာဝန်ယူခဲ့သော်လည်း ရှုံးထွက်ချန်ပီယံဖြစ်ခဲ့သောကြောင့် ရာသီကုန်တွင် အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခံရခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် AFC Cup ပြိုင်ပွဲတွင် ခုနစ်ကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်ပြီး ပုံစံသစ်ပြောင်းလဲပြီး နောက်ပိုင်းအမြင့်ဆုံးအဖြစ် အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ပုခက်လွှဲသောလက်မှသည် စာအုပ်ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၁**

စာအုပ်/စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) က စီစဉ်သည့် စာရေးဆရာမ မမနိုင်(မန္တလေးရုပ်သေး)၏ ပုခက်လွှဲသောလက်မှသည်စာအုပ် ရေးသူ၊ ဖတ်သူဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲက မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာနတွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ဝေဝေဖြိုးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက ရေးသူ၊ ဖတ်သူဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာရေးဆရာဦးဘုန်း(ဓာတု)၊ ဒေါက်တာထွန်းရွှေ (ပါမောက္ခ ဒဿနိကဗေဒ ကျောက်ဆည်တက္ကသိုလ်)၊ ဒေါက်တာခင်မြင့်မြင့် (ပါမောက္ခ/ဌာနမှူး အရှေ့တိုင်းပညာဌာန ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ စာရေးဆရာ ထိုက်မောင်တို့က စာအုပ်အပေါ်မှုဒိတာစကား ပြောကြားသည်။

ဆက်လက်၍ စာအုပ်ရေးသားသူ ဒေါ်မမနိုင်(မန္တလေးရုပ်သေး)က စာအုပ်ရေးသားရခြင်း ရည်ရွယ်ချက်၊ စာအုပ်ဖြစ်ပေါ်လာပုံ၊ စာအုပ်ပါအကြောင်းအရာတို့ကို ရှင်းလင်း ပြောကြားသည်။



**ခင်ခင်ဝင်း(ပညာရေး)**

# မြို့နယ်ပြည်သူ့ဆေးရုံတွင် လိုအပ်နေသည့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်သမဝါယမအသင်းစုမှ မြို့နယ်ပြည်သူ့ဆေးရုံတွင်လိုအပ်လျက်ရှိသည့် ဆေးရုံသုံးပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျောက်ပန်းတောင်းမြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမောင်မောင်ရှိန်က ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ပြည်သူ့ဆေးရုံတွင်လိုအပ်လျက်ရှိသည့် အဲကွန်း၊ ချွဲစုပ်စက်နှင့် စတီးထိုင်ခုံတန်းများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးစိုးနိုင်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

မြို့နယ်သမဝါယမ အသင်းစုမှ လှူဒါန်းသောဆေးရုံသုံးပစ္စည်းများမှာ တန်ဖိုးငွေကျပ် ၅၅၀၀၀၀ ရှိ အဲကွန်း တစ်လုံး၊ တန်ဖိုးငွေကျပ် ၂၅၀၀၀၀ ရှိ ချွဲစုပ်စက် တစ်လုံးနှင့် တန်ဖိုးငွေ ၁၂၀၀၀၀၀ ရှိ လူနာစောင့်များထိုင်ရန် အတန်းလေးတန်းပါ စတီးထိုင်ခုံတန်း ၁၆ ခုံဖြစ်ပြီး စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၂၀ ဖြစ်ကြောင်း သိရသည်။

**ကိုနေ**
**(ကျောက်ပန်းတောင်း)**

## သတင်းစုံကဏ္ဍ

### မူးယစ်ဆေးဝါး အသိပညာပေးဟောပြော

**ပြည်။** ။ပညာရေးဝန်ကြီးဌာန နည်းပညာတက္ကသိုလ်(ပြည်)တွင် မူးယစ်ဆေးဝါး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက နည်းပညာတက္ကသိုလ်(ပြည်)တွင် ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ တိုင်းခွဲ (MANA)အသင်း အတွင်းရေးမှူး ဦးရဲထွဋ်က မူးယစ်ဆေးဝါး၏ ဘေးအန္တရာယ်များ၊ ဆေးလိပ်သောက်သုံးခြင်းနှင့် ကွမ်းစားခြင်းကြောင့်ဖြစ်ပွားတတ်သော ဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးခဲ့ပြီး နည်းပညာတက္ကသိုလ်(ပြည်) ပါမောက္ခချုပ် ဒေါက်တာညွန့်စိုးနှင့်ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

### ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းအတွက် အလှူငွေပေးအပ်

**ရန်ကုန်။** ။ မြန်မာပလာဇာ စီမံခန့်ခွဲရေးမှတာဝန်ရှိသူများ ဦးဆောင်သောအဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက်က လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းအတွက် အလှူငွေကျပ် ၁၆၃၂၀၀၀ ကို သွားရောက်လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဝင်းမော်က လက်ခံရယူသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလလယ်အထိ ထည့်ဝင်လှူဒါန်းငွေများကို လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

### ဖြူးမြို့၌ ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲပြုလုပ်

**ဖြူး။** ။ ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှု တတိယပတ်အဖြစ် ဒီဇင်ဘာ ၂၁ ရက် နံနက် ၅ နာရီက ဖြူးမြို့တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများစုပေါင်း၍ လူထုလမ်းလျှောက်ပွဲ ပြုလုပ်ပြီး မြို့နယ်အားကစားမှူး ဒေါ်သိမ့်သိမ့်မိုး ဦးဆောင်၍ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းနှင့် ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး အစီအစဉ်ဖြင့် ကျန်းမာရေး အထောက်အကူပြု စုပေါင်းကကွက်များပြုလုပ်ခဲ့သည်။

**သက်စိန်**


### နည်းပညာပိုင်းဆိုင်ရာ ကွန်ပျူတာသင်တန်း ဖွင့်လှစ်

**လဟယ်။** ။ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ လုပ်ငန်းခွင်အတွင်း နည်းပညာပိုင်းဆိုင်ရာအသုံးပြုပြီး လုပ်ငန်းများပိုမိုကျွမ်းကျင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးအဆင့်မြင့် Computer Power Point & Photoshop သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက လဟယ်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ဖွင့်လှစ်သည်။

သင်တန်းကို နာဂဒေသအတွင်းရှိ ကျေးလက်ဝန်ထမ်းများ တက်ရောက်ကာ အဆိုပါ သင်တန်းကာလမှာ ၁၀ ရက်ကြာ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**စနေမောင်(ခန္တီး)**

# ၂၀၁၆ ခုနှစ်နောက်ပိုင်း အာဆင်နယ်အသင်း လမ်းပျောက်နေခဲ့ဟု အာဆင်နယ်အသင်းနည်းပြသစ် အာတီတာ ပြောကြား




အာဆင်နယ်အသင်းနည်းပြသစ် အာတီတာဟာ ၂၀၁၆ ခုနှစ်မှာ ကစားသမားဘဝကနေအနားယူကာ အသင်းကနေထွက်ခွာခဲ့တာဖြစ်ပြီး အဲဒီအချိန်ကတည်းက အာဆင်နယ်အသင်းဟာ လမ်းပျောက်နေခဲ့တာလို့ ဆိုပါတယ်။

အာတီတာဟာ အာဆင်နယ်အသင်းနည်းပြသစ်အဖြစ် သုံးနှစ်ခွဲသက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်ပြီး အာဆင်နယ်အသင်းဟာ နည်းပြအမ်မရီကို နိုဝင်ဘာလအတွင်းက ထုတ်ပယ်ခဲ့တာ ဖြစ်ပါတယ်။

အာတီတာဟာ မန်စီးတီးအသင်းရဲ့ လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့တာဖြစ်ပြီး အခုလက်ရှိမှာ အာဆင်နယ်အသင်းနဲ့အတူ နည်းပြဘဝကို စတင်ခဲ့တာဖြစ်ပါတယ်။ အာတီတာဟာ အာဆင်နယ်အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သလို အာဆင်နယ်အသင်းနဲ့အတူ ငါးနှစ်ကြာ ကစားသမားဘဝဖြတ်သန်းခဲ့ရာမှာလည်း အက်ဖ်အေဖလား နှစ်ကြိမ် ရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ပွဲပေါင်း ၁၅၀ ကစားပေးခဲ့တာ ဖြစ်ပါတယ်။ အာဆင်နယ်ကို မပြောင်းရွှေ့မီကတော့ အဲဗာတန်အသင်းမှာ ခြောက်နှစ်ကြာကာလအတွင်း ၂၀၉ ပွဲ ပါဝင်ကစားပေးခဲ့တာ ဖြစ်ပါတယ်။

လက်ရှိမှာ နိုင်ပွဲတွေရရှိဖို့နဲ့ ယုံကြည်မှုအဆင့်ကို မြှင့်တင်ဖို့ မဖြစ်မနေလိုအပ်နေပြီလို့လည်း နည်းပြသစ် အာတီတာက ပြောကြားခဲ့ပါတယ်။ အသက် ၃၇ နှစ်အရွယ်ရှိ အာတီတာဟာ Boxing Day မှာ ဘုန်းမောက်အသင်းနဲ့ ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ်ကို စတင်တာဝန်ယူ ကိုင်တွယ်ရမှာဖြစ်ပြီး နည်းပြတယ်ရီနေးလ်နောက်ပိုင်း အာဆင်နယ်အသင်းရဲ့ အသက်အငယ်ဆုံး နည်းပြလည်း ဖြစ်လာပါတယ်။ နည်းပြတယ်ရီနေးလ်ဟာ ၁၉၇၆ ခုနှစ်က အာဆင်နယ်အသင်းနည်းပြတာဝန်ယူစဉ်မှာ အသက် ၃၄ နှစ်သာ ရှိသေးတာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ အာတီတာထွက်ခွာသွားပြီးနောက်ပိုင်း အက်ဖ်အေဖလား တစ်ကြိမ်သာ ရယူနိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘောလုံးရာသီမှာ ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့် ၄ အတွင်းမဝင်ခဲ့ဘဲ ၁၉၉၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ထိပ်ဆုံးလေးသင်းစာရင်းနဲ့ လွဲခဲ့ရတာ ဖြစ်ပါတယ်။

ယခုအာတီတာကို နည်းပြသစ်အဖြစ် စတင်ခန့်အပ်ချိန်မှာ အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့် ၄ နေရာက ချယ်လ်ဆီးအသင်းနဲ့ ခုနစ်မှတ်အထိ ကွာဟနေပြီး ရမှတ် ၂၂ မှတ် စုဆောင်းထားနိုင်ခဲ့ကာ အဆင့် ၁၀ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ လာမယ့်ရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရဖို့လည်း အလားအလာရှိနေတာ ဖြစ်ပါတယ်။

# ကွင်းလယ်ကစားသမား ဖရက်ဒ် ၂၀၁၉-၂၀၂၀ ရာသီမှာ မန်ယူအသင်းရဲ့ အမြန်ဆုံးကစားသမားဖြစ်လာ




ကွင်းလယ်ကစားသမားဖရက်ဒ်ဟာ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီမှာ မန်ယူအသင်းရဲ့ အမြန်ဆုံးကစားသမားဖြစ်လာခဲ့ပါတယ်။ ဖရက်ဒ်ဟာ အဲဗာတန်အသင်းနဲ့ မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ တစ်နာရီလျှင် ၃၇ ဒသမ ၂၉ ကီလိုမီတာအထိ ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။

ဘရာဇီးကြယ်ပွင့် ကွင်းလယ်ကစားသမား ဖရက်ဒ်ဟာ ၂၀၁၈ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ပြောင်းရွှေ့ကြေး ပေါင် ၅၂ သန်း(အမေရိကန်ဒေါ်လာ ၆၈ သန်း)နဲ့ ရှက်ခ်တာဒိုးနက်စ်ခ်အသင်းကနေ မန်ယူအသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။

ဖရက်ဒ်အနေနဲ့ မန်ယူအသင်းကို စတင်ရောက်ရှိချိန်မှာ ပုံမှန်ပွဲထွက်ကစားခွင့်ရဖို့ ရုန်းကန်ခဲ့ရပြီး နည်းပြဆိုးရှားလက်ထက်မှာတော့ ပုံမှန်ပွဲထွက်ကစားခွင့် ပြန်လည်ရရှိလာခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# အနုပညာ

## ဂျီယောင်းရဲ့ တစ်ကိုယ်တော် တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ဂျီယောင်းဟာ အမျိုးသမီးတေးဂီတအဖွဲ့ T-ara ရဲ့ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါတယ်။ အဖွဲ့အနေနဲ့ စတင်လက်တွဲလာတဲ့ အေဂျင်စီနဲ့ လမ်းခွဲပြီးနောက်ပိုင်း အဖွဲ့ဝင်တွေဟာ တစ်ကိုယ်တော်တေးသံရှင်တွေအဖြစ် အနုပညာခရီး ဆက်ခဲ့ကြပါတယ်။ ဒီလိုလမ်းခွဲပြီးနောက်မှာထုတ်လုပ်ခဲ့တဲ့ ဂျီယောင်းရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်ကို မကြာမီ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း ဟန်စင်းနီးမားဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျီယောင်းရဲ့ တေးအယ်လ်ဘမ်သစ် ထွက်ရှိမယ့်အကြောင်းကို ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၉ ရက်က သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီက ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်ဟာ မီနီတေးအယ်လ်ဘမ်ဖြစ်ပြီး လတ်တလောမှာ တေးအယ်လ်ဘမ်အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ ဂျီယောင်းရဲ့ ဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့တယ်လို့လည်း သိရပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်ဟာ ၂၀၁၄ ခုနှစ်နောက်ပိုင်း ဒုတိယအကြိမ် ထုတ်လွှင့်တဲ့ ဂျီယောင်းရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်လည်း ဖြစ်တယ်လို့ သိရပါတယ်။

အေဂျင်စီရဲ့ ပြောကြားချက်အရ လတ်တလောမှာ ဂျီယောင်းဟာ တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးဗီဒီယိုအတွက် ထုတ်လုပ်ရေးလုပ်ငန်းတွေကို လုပ်ဆောင်နေကြောင်းနဲ့ သူ့ရဲ့တေးအယ်လ်ဘမ်သစ်အပေါ် ပရိသတ်တွေရဲ့ တုံ့ပြန်မှုကိုလည်း စိတ်လှုပ်ရှားနေကြောင်းလည်း သိရပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်သစ်ကို လာမယ့် ဒီဇင်ဘာ ၂၅ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။



## ကလေးတွေအတွက် ဖိနပ်တွေ လှူဒါန်းသွားမယ့် ပရီယင်ကာချိုပရာ

ဘောလိဝုဒ်ကြယ်ပွင့်တစ်ဦးအဖြစ်မှသည် ဟောလိဝုဒ်မှာပါ အောင်မြင်လာခဲ့တဲ့ မင်းသမီး ပရီယင်ကာချိုပရာဟာ အမေရိကန်အလယ်ပိုင်း နိုင်ငံတစ်နိုင်ငံမှ ကျောင်းတက်နေတဲ့ ကလေးတွေအတွက် ဖိနပ်အရန်ပေါင်း ငါးသောင်းခန့် လှူဒါန်းသွားမှာဖြစ်ကြောင်း အေးရှားဝမ်းဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



အသက် ၃၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသမီးက သက်သောင့်သက်သာရှိတဲ့ ဖိနပ်တွေကို ထုတ်လုပ်တဲ့ ကုမ္ပဏီတစ်ခုနဲ့ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့နဲ့ပူးပေါင်းကာ အမေရိကန်အလယ်ပိုင်းမှာရှိတဲ့ ဘယ်လီနိုင်ငံက ကျောင်းသား ကျောင်းသူတွေအတွက် ဖိနပ်အရန် ၅၀၀၀၀ လှူဒါန်းသွားမှာ ဖြစ်ပါတယ်။

ဒီလှူဒါန်းမှုနဲ့ပတ်သက်ပြီး ပရီယင်ကာချိုပရာက လက်ရှိမှာ လှူဒါန်းသွားနိုင်ဖို့အတွက် အစပျိုးလုပ်ဆောင်မှုဟာ သူ့အတွက် အလွန်ကို အဓိပ္ပာယ်ရှိကြောင်းနဲ့ သူလှူဒါန်းလိုက်တဲ့ ဖိနပ်တွေဟာ ကလေးငယ်တွေ ကျောင်းသွားနိုင်လာအောင် လုပ်ဆောင်ပေးတဲ့နေရာမှာ အဓိကအခန်းကနေ ပါဝင်နိုင်မယ်လို့ ထင်မိကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် ပရီယင်ကာချိုပရာက လက်ရှိမှာ သူလုပ်ဆောင်နေတဲ့ Crocs မစ်ရှင်ဟာ ကမ္ဘာတစ်ဝန်းက လူတွေကို သူတို့ရဲ့ကိုယ်ပိုင်ဖိနပ်တွေနဲ့ သက်သောင့်သက်သာ သွားလာနိုင်ဖို့ရာ ကူညီမှာဖြစ်ပြီး ဘယ်လီကနေ စတင်ခဲ့တာဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။ ပရီယင်ကာချိုပရာက ဘယ်လီကနေ စတင်လုပ်ဆောင်ခဲ့တဲ့ အဆိုပါလှူဒါန်းမှုကနေတစ်ဆင့် ကမ္ဘာတစ်ဝန်းက နိုင်ငံတွေမှာ ရှိနေကြတဲ့ ကလေးတွေအတွက် ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်းလည်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

အေးပြည့် - ရေးသားသည်

## ဂျန်ကွတ်ခ်ရဲ့ အမည်နဲ့ ဆွယ်တာထုတ်လုပ်

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော် ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဂျန်ကွတ်ခ်ဟာ အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါတယ်။ သူဝတ်ဆင်ခဲ့တဲ့ ဆွယ်တာအင်္ကျီကို ထုတ်လုပ်ခဲ့တဲ့ ကုမ္ပဏီက နောက်ထပ်ဆွယ်တာတွေ ထပ်မံထုတ်လုပ်ခဲ့ရာမှာ ဂျန်ကွတ်ခ်ရဲ့အမည်ကို အစွဲပြုကာ ဆွယ်တာကို အမည်ပေးခဲ့ကြောင်း ကိုရီးယား ဘိုးဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက BTS အဖွဲ့ရဲ့ ယူကျူချန်နယ်တစ်ခုဖြစ်တဲ့ Bangtan TV မှာ ၂၀၁၈ ခုနှစ်အတွင်း ကျင်းပခဲ့တဲ့ KBS Music Festival နောက်ကွယ်က အဖွဲ့ရဲ့ပုံရိပ်တွေကို ထုတ်လွှင့်ပြသခဲ့ပါတယ်။ အဲဒီဗီဒီယိုမှာ ဂျန်ကွတ်ခ် ဝတ်ဆင်ထားတဲ့ ဆွယ်တာအင်္ကျီကို ပရိသတ်တွေက သတိထားမိပြီး ဝယ်ယူခဲ့ကြပါတယ်။ ဈေးကွက်အတွင်း ဝယ်လိုအားများပြားတာကြောင့် အဆိုပါ ဆွယ်တာအင်္ကျီကို နောက်ထပ် ထပ်မံထုတ်လုပ်ခဲ့ပြီး ဆွယ်တာအင်္ကျီရဲ့အမည်ကိုလည်း ဂျန်ကွတ်ခ်ရဲ့အမည်ကို ထည့်သွင်းကာ BTS Jungkook Knit လို့ အမည်ပေးထားကြောင်းလည်း သိရပါတယ်။ အဆိုပါအင်္ကျီဟာ ဝတ်ဆင်ရတာ လွတ်လပ်ပေါ့ပါးပြီး နွေးထွေးကာ အမေရိကန်ဒေါ်လာ ၁၇၁ ဒေါ်လာနဲ့ ဈေးကွက်မှာ ရောင်းချတာ ဖြစ်တယ်လို့လည်း သိရပါတယ်။

# အစဉ်အလာကောင်းကို ထိန်းသိမ်းကြပါစို့

အောင်လေး(ခရမ်း)

တစ်မိုးကုန်လို့တစ်ဆောင်းသစ်ခဲ့လေပြီ။ ဆောင်း၏အေးချမ်းမှုက ဝန်းကျင်ကို လွှမ်းခြုံ၍။ ထိုအေးချမ်းသောလများတွင် မြတ်ဆရာပူဇော်ပွဲများကို ကျင်းပလေ့ရှိကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့အထက(၁)၊ အထက(၂) ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို နှစ်တစ်နှစ်၏ နောက်ဆုံးလ နောက်ဆုံးအပတ် တနင်္ဂနွေနေ့ဟုသတ်မှတ်ပြီး ကျင်းပလာသည်မှာ (၂၈)နှစ်တိုင်ခဲ့ပြီ။

ကနဦးပူဇော်ပွဲဖြစ်အောင် ကျောင်းနှစ်ကျောင်းမှ ကျောင်းသားဟောင်းကြီးများ၊ ထိုကျောင်းများရှိ သင်ဆဲ ဆရာ ဆရာမ၊ ကျောင်းသားဟောင်းများ အစတည်ရာမှ ၁၉၉၂ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးရက်တွင် ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ကျင်းပနိုင်ခဲ့ပါသည်။

မြို့လယ် ပုညကုသလဓမ္မာရုံတွင် အပူဇော်ခံ ဆရာကြီး ဆရာမကြီး ၁၀ ဦးကို ကန်တော့ငွေက ချို့ချို့ငဲ့ငဲ့၊ အကျွေးအမွေးက ကြာဆံချက်ဖြင့် သန္နေ တည်ခဲ့သည့် မြတ်ဆရာပူဇော်ပွဲ ဖြစ်ပါသည်။ သို့သော် ဆရာ့ကျေးဇူး သိတတ်သော တပည့်အပေါင်း၏ စေတနာစွမ်းအား၊ သဒ္ဓါစွမ်းအား မချို့ငဲ့သောကြောင့် မြတ်ဆရာပူဇော်ပွဲကို နှစ်စဉ်မပျက် ကျင်းပလာနိုင်ခြင်းသည် ညီညွတ်ခြင်း၏ ပြယုဂ်ပင်ဖြစ်လေသည်။

**(၂၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ**

ထိုအစဉ်အလာကောင်းကြောင့်ပင် မကြာမီ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ် တနင်္ဂနွေနေ့ (ဒီဇင်ဘာလ ၂၉ ရက်)တွင်ကျင်းပမည့် ပူဇော်ပွဲသည် (၂၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ဖြစ်ပါသည်။ ကျောင်းသားဟောင်းဟုဆိုရာတွင် အထက(၁)ကျောင်းကြီးနှင့် အထက(၂) မြို့မကျောင်း နှစ်ကျောင်းလုံးတွင် ပညာသင်ကြားခဲ့ရသူများ ပါဝင်ပါသည်။

ထိုစဉ်က မြို့မကျောင်းတွင် အလယ်တန်းသင်ကြားခဲ့သူများသည် န၀မတန်းကို အထက(၁)ကျောင်းကြီးတွင် ဆက်လက်သင်ကြားရသည်။ မြို့မကျောင်းကို ၁၉၉၅ ခုနှစ်ရောက်မှသာ အထက်တန်းကျောင်းအဖြစ် ပညာရေးဌာနက အဆင့်တိုးသတ်မှတ်ခဲ့ပါသည်။ ထို့ကြောင့် ခရမ်းမြို့ မြတ်ဆရာပူဇော်ပွဲသည် ကျောင်းနှစ်ကျောင်းလုံးမှ သင်ဆရာ၊ ကျေးဇူးရှင်များကို ထည့်သွင်းကန်တော့သည့် ပူဇော်ပွဲဖြစ်သည့်အတွက် အခြားပူဇော်ပွဲများထက် ထူးခြားမှုပင်ဖြစ်သည်။

နောက်ထပ်ထူးခြားမှုမှာ အပူဇော်ခံ ဆရာ ဆရာမများကို မည်သည့်နယ်၊ မည်သည့်မြို့မှဖြစ်စေ ပူဇော်ပွဲသို့ အရောက်ကြိုပေးခြင်း၊ ပြီးက အရောက်ပြန်ပို့ပေးခြင်းဖြစ်သည်။ နောက်ထူးခြားမှုမှာ လာမည့်ပူဇော်ပွဲကို တစ်နှစ်ကြို၍ သိနိုင်ခြင်းပင်ဖြစ်သည်။ နောက်ထူးခြားမှုမှာ ပူဇော်ပွဲသို့ ကြွရောက်နိုင်ခြင်းမရှိသော်လည်း ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါသည်။ နောက်ဆုံးထူးခြားမှုမှာ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများ ဆုံးပါးကွယ်လွန်ပါကလည်း နာရေးစရိတ်ကူညီထောက်ပံ့ခြင်းဖြစ်ပါသည်။

ထိုသို့ အစဉ်အလာကောင်းများဖြင့် ကျင်းပနိုင်ခဲ့သော မြတ်ဆရာပူဇော်ပွဲ၏(၁၃)ကြိမ်မြောက်ပွဲကိုတော့ အကြောင်းအမျိုးမျိုးကြောင့် မကျင်းပနိုင်ခဲ့ပါ။ သို့သော်လည်း အပူဇော်ခံ ဆရာ ဆရာမများကို အိမ်တိုင်ရာရောက် လိုက်လံကန်တော့ခဲ့ပါသည်။ နောင်နှစ်များတွင် နှစ်စဉ်မပျက်ကျင်းပနိုင်ဖို့ ကတိထားခဲ့ကြပြီး စီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

ထို့ကြောင့်ပင် ကနဦးက အပူဇော်ခံ ၁၀ ဦးသာရှိခဲ့သော်လည်း ယခု (၂၈)ကြိမ်မြောက်တွင် အပူဇော်ခံ ဆရာကြီး ဆရာမကြီး ၂၀၄ ဦးအထိ များပြားတိုးတက်ခဲ့ပေပြီ။ အတိုးရှိသလို အဆုတ်လည်းရှိပါသည်။ သင်္ခါရ၏ မလွန်ဆန်နိုင်တရားကြောင့်ပင် အပူဇော်ခံ ဆရာကြီး ဆရာမကြီးအချို့ ကွယ်လွန်ခဲ့ပါသည်။ အရေအတွက်အားဖြင့် ၁၉၉၂ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ကြွေလွင့်သွားသော ကျေးဇူးရှင်များမှာ ၇၃ ဦး ရှိခဲ့ပေပြီ။ ထို့ကြောင့်ပင် အောက်မေ့တမ်းတစွာဖြင့် ပူဇော်ပွဲနေ့နံနက် အရုဏ်ဆွမ်းကပ်၊ တရားနာ အမျှပေးဝေကြပါသည်။

ထိုသို့ နှစ်စဉ်မပျက်ပူဇော်ပွဲကျင်းပနိုင်ရေးအတွက် ဘဏ္ဍာငွေက အရေးပါလှပါသည်။ အမြော်အမြင်ကြီးမားသော ကျောင်းသားဟောင်းကြီးများ၏ အစီအမံကြောင့်ပင် ပူဇော်ပွဲအတွက် ထာဝရငွေပဒေသာပင်စိုက်ထူခြင်းကို အကောင်အထည်ဖော်ခဲ့ကြပါသည်။ ယခုနှစ်မတိုင်မီ (၂၇)ကြိမ်မြောက်အထိ ထာဝရငွေပဒေသာပင်ပေါင်း ၄၈၄၅ ပင် စိုက်ထူနိုင်ခဲ့ပါသည်။

**အခြေခံမူများထည့်သွင်း**

အရင်းမထိ ထာဝရငွေပဒေသာပင်ကို တစ်ပင်တစ်သောင်းကျပ်နှုန်း သတ်မှတ်စိုက်ထူခဲ့ပါသည်။ ထိုပဒေသာပင်များ၏ နှစ်စဉ်အကျိုးငွေ၊ အဝေးရောက် ကျောင်းသားဟောင်းများ၏ နှစ်စဉ်ထည့်ဝင်လှူဒါန်းငွေများ၊ ရန်ကုန်ရောက် ကျောင်းသားဟောင်းများ၏ နှစ်စဉ်လှူဒါန်းငွေများဖြင့် ခရမ်းမြို့တွင်း ကျောင်းသားဟောင်းများထံမှ လှူဒါန်းငွေများ စုပေါင်းစုဆောင်း၍ ကျင်းပခြင်းဖြစ်ပါသည်။ တစ်နှစ်ထက်တစ်နှစ် အပူဇော်ခံ ဆရာကြီး ဆရာမကြီးများ တိုးပွားလာသလို ဘဏ္ဍာငွေအသုံးစရိတ်သည်လည်း တိုးလာသည်မှာ သဘာဝပင်ဖြစ်သည်။ ပူဇော်ပွဲအခြေခံမူများထည့်သွင်းပြီး ပူဇော်ပွဲကျင်းပရက်ကို မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတွင် ကြော်ငြာထည့်သွင်းဖိတ်ကြားလေ့ရှိပါသည်။

> **ယခုနှစ် (၂၈)ကြိမ်မြောက် ပူဇော်ပွဲအတွက် သက်တမ်းအလိုက် ခွဲဝေရာတွင် အသက် ၈၀ နှစ်အထက် ဆရာကြီး ဆရာမကြီး ၂၄ ဦးအတွက် အနီရောင် ဖဲပြားရင်ထိုး၊ အသက် ၇၅ နှစ်အထက် ဆရာကြီး ဆရာမကြီး ၂၀ အတွက် ပန်းရောင် ဖဲပြားရင်ထိုး၊ အသက် ၇၀ နှစ်အထက် ဆရာကြီး ဆရာမကြီး ၃၃ ဦးအတွက် အဝါရောင် ဖဲပြားရင်ထိုး၊ အသက် ၆၀ နှစ်အထက် ဆရာကြီး ဆရာမကြီး ၁၂၇ ဦးအတွက် အစိမ်းရောင် ဖဲပြားရင်ထိုး သတ်မှတ်ပါသည်**

ယခုနှစ်ပူဇော်ပွဲတွင် အောက်ပါအခြေခံမူများ အချက်အလက်ကိုက်ညီသူများကို အပူဇော်ခံအဖြစ် ရွေးချယ်ပါသည် -

(၁) အသက်(၆၀)နှစ်ပြည့်ပြီးဖြစ်ရမည်။

(၂) အထက(၁)၊ အထက(၂) (ယခင်မြို့မကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရမည်။

(၃) အထက်ပါ ကျောင်း(၁)ကျောင်းတွင် ၃ နှစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရမည်။

(၄) ခရမ်းအထက(၁)၊ အထက(၂)နှင့် ခရမ်းမြို့နယ်အတွင်း အခြေခံပညာကျောင်းတစ်ကျောင်းမှ စုပေါင်းလုပ်သက် ၃ နှစ်ပြည့်ရမည်။

ထိုမူများဖြင့်ကိုက်ညီသော ဆရာ ဆရာမ စာရင်းများကို အပူဇော်ခံရွေးချယ်ရေးအဖွဲ့ဝင် ဆရာ ဆရာမများက ပူဇော်ပွဲကျင်းပရေးကော်မတီသို့ စာရင်းပေးပို့ပါသည်။ ထိုစာရင်းသိပြီးနောက် အစည်းအဝေး ၃ ကြိမ်ကျင်းပပြီး လုပ်ငန်းကော်မတီများဖြင့် အကောင်အထည်ဖော်ပါသည်။ ဆရာ ဆရာမ ဖိတ်ကြားကြိုဆိုရေးကော်မတီက အပိုင်းနှစ်ပိုင်း ခွဲဝေတာဝန်ယူကြသည်။ ရန်ကုန်နှင့် နယ်ဝေးဖိတ်ကြားရေးကို ရန်ကုန်ရှိ ကျောင်းသားဟောင်းများက ဆက်သွယ်ဆောင်ရွက်သည်။ ခရမ်း၊ သုံးခွနှင့် သန်လျင်မြို့တို့မှ ဆရာ ဆရာမများကို ခရမ်းကျောင်းသားဟောင်းများက ဆက်သွယ်ဆောင်ရွက်ရပါသည်။ ပူဇော်ပွဲအတွက် အခမ်းအနားပြင်ဆင်ရေး၊ ပြန်ကြားရေး၊ လှူဖွယ်ပစ္စည်းဆက်ကပ်ရေး၊ ကြိုဆိုနေရာချထားရေးကိစ္စရပ်များ စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် အပူဇော်ခံ ဆရာ ဆရာမများကို သက်တမ်းအလိုက် ဖဲပြားရင်ထိုးအရောင်ဖြင့် ခွဲခြားထားပါသည်။

ယခုနှစ် (၂၈)ကြိမ်မြောက်ပူဇော်ပွဲအတွက် သက်တမ်းအလိုက် ခွဲဝေရာတွင် အသက် ၈၀ နှစ်အထက် ဆရာကြီး ဆရာမကြီး ၂၄ ဦးအတွက် အနီရောင်ဖဲပြားရင်ထိုး၊ အသက် ၇၅ နှစ်အထက် ဆရာကြီး ဆရာမကြီး ၂၀ အတွက် ပန်းရောင်ဖဲပြားရင်ထိုး၊ အသက် ၇၀ နှစ်အထက် ဆရာကြီး ဆရာမကြီး ၃၃ ဦးအတွက် အဝါရောင်ဖဲပြားရင်ထိုး၊ အသက် ၆၀ နှစ်အထက် ဆရာကြီး ဆရာမကြီး ၁၂၇ ဦးအတွက် အစိမ်းရောင်ဖဲပြားရင်ထိုး သတ်မှတ်ပါသည်။

ယခုနှစ်၏ထူးခြားချက်မှာ အပူဇော်ခံဆရာကြီး ဦးမြသန်းသည် ပူဇော်ပွဲကျင်းပမည့်ရက်တွင် အသက် ၉၀ နှစ်ပြည့်ပြီးဖြစ်သည့်အတွက် ခရမ်းရောင်ဖဲပြားရင်ထိုးအသုံးပြုရန် လျာထားကြပါသည်။ အခမ်းအနားကိုတော့ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ခရမ်းမြို့၏ မဟာကျက်သရေဆောင် သကျမာရဇိန်သွန်းဘုရားကြီးအတွင်းရှိ သာသနာ့ဗိမာန်တော်တွင် ကျင်းပပါမည်။

**အိမ်တိုင်ရာရောက်ဖိတ်ကြား**

ညှော့်ခံကျွေးမွေးမှုကို မဟာဒုတ်ဗုဒ္ဓဝေယျာဝစ္စအသင်းရုံးတွင် စီစဉ်ပြီး အချိုပွဲကို သတ္တန်ဌာနနေရာတွင် ကျွေးမွေးပါမည်။ ရန်ကုန်နှင့် နယ်ဝေး ဆရာကြီး ဆရာမကြီးများကို ပူဇော်ပွဲနေ့နံနက်ပိုင်းတွင် ရန်ကုန်စုရပ်အရောက် တက္ကစီကားများဖြင့် ကြိုကြမည်၊ လူစုံမှ တစုတစ်ဖွဲ့တည်း ကားကြီးနှစ်စီးဖြင့် ကြိုပါမည်။ ခရမ်းမြို့နှင့် သုံးခွမြို့ရှိ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများ ဖိတ်ကြားရေးအတွက် အိမ်တိုင်ရာရောက်ဖိတ်ကြားပါသည်။ ပူဇော်ပွဲနံနက်ပိုင်းတွင်တော့ မည်သည့်ကားက မည်သူ့ကိုကြို၊ အချိန်ကိုက်ကြိုနိုင်ရေး စီစဉ်ကြရပါသည်။

ယခုနှစ် (၂၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပရေး အစီအစဉ်လျာထားမှုမှာ ပူဇော်ပွဲမတိုင်မီ အကြိုနေ့တွင် ထမင်း၊ ဟင်းများဖြင့် ကျွေးမွေးပါမည်။ ည ၇ နာရီမှစ၍ ခရမ်းကျောင်းသားဟောင်းတေးဂီတအဖွဲ့က စင်တင်တေးဂီတဖြင့် ဖျော်ဖြေပါမည်။ (ထိုပွဲကို သီးခြားအလှူရှင်များ၏ အလှူငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။)

ပူဇော်ပွဲနေ့နံနက် ၅ နာရီတွင် ကွယ်လွန်သွားသော ဆရာကြီး ဆရာမကြီးများကိုရည်စူး၍ သံဃာတော်များအား အရုဏ်ဆွမ်း မုန့်ဟင်းခါးနှင့် ရွှေပုစွန်မုန့်မျိုးစုံ အချိုပွဲဖြင့် ၂၀၀၂ ကျောင်းသားဟောင်းများက ဆက်ကပ်လှူဒါန်းပြီး တရားတော်နာယူပါမည်။ နံနက် ၉ နာရီတွင် ကြွရောက်လာသူအားလုံးအတွက် "ဘူဖေးအစီအစဉ်"ဖြင့် ညှော့်ခံကျွေးမွေးခြင်းကို ၁၉၈၃-၈၄ ကျောင်းသားဟောင်းများက လှူဒါန်းပါမည်။

ပူဇော်ပွဲကြွရောက်လာသူအားလုံးကို ၁၉၉၉ ကျောင်းသားဟောင်းများက အချိုပွဲအဖြစ် နှင်းပုလဲရေခဲမုန့်၊ ရွှေပုစွန်မုန့်မျိုးစုံ၊ သစ်သီးမျိုးစုံတို့ဖြင့် ညှော့်ခံကျွေးမွေးပါမည်။ ပူဇော်ပွဲအခမ်းအနားတွင် ခရမ်းကျောင်းသားဟောင်းဖြစ်သော အဆိုတော်ကိုနိုင်(ခရမ်း)နှင့်အဖွဲ့က တေးသံသာများဖြင့် ပူဇော်ညှော့်ခံဖျော်ဖြေပါမည်။

ထိုသို့ အစဉ်အလာကြီးမားစွာကျင်းပခဲ့သည့် မြတ်ဆရာပူဇော်ပွဲကို ဂုဏ်ပြုသည့်အနေဖြင့် (၁၈)ကြိမ်မြောက်တွင် တစ်ကြိမ်၊ (၂၅)ကြိမ်မြောက်တွင် တစ်ကြိမ် မဂ္ဂဇင်းထုတ်ဝေ၍ စာထက်အက္ခရာတင်ခဲ့ပြီးပါပြီ။ မှတ်တမ်းဝင်အောင် မှတ်တမ်းတင်ခဲ့ပြီးဖြစ်ပါသည်။ ထိုအစဉ်အလာကောင်းသည့် မြတ်ဆရာပူဇော်ပွဲကို အကြိမ်အထပ်ထပ်၊ ရတုအဆက်ဆက်တိုင်အောင် ယူဆောင်သွားကြပါစို့ဟု တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ အကြိမ်(၃၀)မြောက် အလှူမင်္ဂလာဈေးရောင်းပွဲတော် ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

အလှူရှင်များ၏ စေတနာသဒ္ဓါတရားထက်သန်စွာ ပါဝင်ကူသိုလ်ယူရောင်းချကြသည့် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ အကြိမ် (၃၀)မြောက် အလှူမင်္ဂလာဈေးရောင်းပွဲတော်ကို ယနေ့ညနေပိုင်းက အဆိုပါဆေးရုံဝင်းအတွင်း၌ ကျင်းပသည်။



အလှူမင်္ဂလာဈေးရောင်းပွဲတော်ကို ၁၉၉၀ ပြည့်နှစ်မှ စတင်ကျင်းပခဲ့ပြီး ယခုနှစ်ဆိုလျှင် အကြိမ်(၃၀)မြောက်ရှိပြီဖြစ်ရာ အကြိမ်(၃၀)လုံးတွင် ဆိုင်ခန်းဖွင့်လှစ်ရောင်းချ၍ ရောင်းရငွေများကို ကုသိုလ်ယူလှူဒါန်းခဲ့ကြသည့် အလှူရှင်ရှစ်ဦးနှင့် အခြားအလှူရှင်များက ဆိုင်ခန်း ၃၂ ခန်းဖွင့်ကာ နှစ်စဉ် ကုသိုလ်ယူခဲ့ကြကြောင်း ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းလွင်က ပြောသည်။

**ကုသိုလ်ယူရောင်းချ**

ဈေးရောင်းပွဲတော်တွင် အစားအသောက်များ၊ လူသုံးကုန်ပစ္စည်းများ၊ စာအုပ်စာပေများကို အလှူရှင်များက ကုသိုလ်ယူရောင်းချရာ စမ်းချောင်းမြို့နယ်မှ လေးကြိမ်မြောက် ကုသိုလ်ယူလာရောက်ရောင်းချသည့် ဒေါ်ခင်မေဖြူက "လွန်ခဲ့တဲ့ လေးနှစ်လောက်က ညှော့်သည်တစ်ယောက်နဲ့ ဆေးရုံကိုလာရင်း ဈေးရောင်းပွဲတော်ရှိတယ်ဆိုတာ သိရတော့ အန်တီကိုယ်တိုင် ပိတ်စနဲ့ချုပ်ထားတဲ့ လက်လုပ်အိတ်လေးတွေကို လာရောင်းဖြစ်တာ လေးကြိမ်ရှိပါပြီ။ ရောင်းရငွေ အရင်းရော အမြတ်ပါ အားလုံးလှူဒါန်းမှာပါ။ ဒီလိုလှူဒါန်းရတဲ့အတွက် အတိုင်းမသိ ဝမ်းသာကြည်နူးမိပါတယ်"ဟု ပီတိစကားဆိုသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကို ၁၉၄၀ ပြည့်နှစ် မေလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ စေတနာဆရာဝန်ကြီး ၁၅၀ ကျော်က လုပ်အားဒါနကုသပေးနေသည့်အတွက် သံဃာတော်အပါး ၁၃၀၊ သီလရှင်အပါး ၅၀ နှင့် ခွဲစိတ်လူနာ၂၀ စုစုပေါင်း ၂၀၀ ကို အတွင်းလူနာအဖြစ် လက်ခံကုသပေးနိုင်သည့် ဆေးရုံကြီးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဆေးရုံတက်ရောက်ကုသသည့် သံဃာတော်၊ သီလရှင်များအပြင် အစောင့်သံဃာ/သီလရှင်များကိုလည်း နံနက် အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် လိုအပ်သည်များကို ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း ဥက္ကဋ္ဌ ဦးဝင်းလွင်က ပြောသည်။

**တက်ရောက်**

အလှူမင်္ဂလာဈေးရောင်းပွဲတော်သို့ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယကကြီးများနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သီလရှင်ဆေးကုသဆောင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ဆိုင်ခန်းဖွင့်လှစ်ရောင်းချကြသည့်အလှူရှင်များ တက်ရောက်ကြသည်။

အေးမင်းသူ

# အသေးစားစက်မှုလက်မှုနှင့် မြန်မာ့ရိုးရာလက်မှုအနုပညာထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီးသည် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း အများဆုံးဖွံ့ဖြိုးသည့် တိုင်းဒေသကြီးဖြစ်ကြောင်း ဒီဇင်ဘာ ၂၀ ရက်တွင် မန္တလေးမြို့ မင်္ဂလာမန္တလေး၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အသေးစားစက်မှုလက်မှုနှင့် မြန်မာ့ရိုးရာ ပန်း ၁၀ မျိုး လက်မှုအနုပညာ ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနားတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်က ပြောကြားသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အသေးစားစက်မှုလက်မှုလုပ်ငန်းများ စနစ်တကျ ပေါ်ထွန်းလာစေရေးအတွက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ တစ်နိုင်ငံလုံးတွင် ယနေ့အထိ လုပ်ငန်းပေါင်း ၁၂၈၁၀ ကို မှတ်ပုံတင်ပေးနိုင်ခဲ့သည့်အနက် မန္တလေးတိုင်းဒေသကြီးတွင် လုပ်ငန်းပေါင်း ၂၆၀၀ ကျော် ပါဝင်ကြောင်း သိရသည်။

''ကျွန်တော်တို့ ဌာနအနေနဲ့ ဒီလိုမှတ်ပုံတင်လုပ်ငန်းတွေ ဆောင်ရွက်ပေးတဲ့အပြင် နိုင်ငံအတွင်း အလုပ်အကိုင် အခွင့်အလမ်းတွေရရှိစေဖို့၊ မိသားစုတစ်ပိုင်တစ်နိုင် ဝင်ငွေရရှိစေဖို့နဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အဓိကအထောက်အကူပြုစေတဲ့ အခြေခံအကျဆုံး အသေးစားစက်မှုလက်မှုလုပ်ငန်းတွေဖွံ့ဖြိုးဖို့ အခုလို စက်မှုလက်မှုထုတ်ကုန်ပြပွဲများ၊ ဆွေးနွေးပွဲများကို ကျင်းပပေးလျက်ရှိရာမှာ အခု အစိုးရသစ်လက်ထက် မန္တလေးတိုင်းဒေသကြီးမှာ အခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေထက် ပိုမိုပြီး လေးနှစ်ဆက်တိုက်ပြပွဲတွေ ကျင်းပနိုင်တဲ့အတွက်လည်း များစွာ ဂုဏ်ယူမိပါတယ် ''ဟု ၎င်းက ပြောသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းများကို ပြည်သူများ ပိုမိုသိရှိလာကာ လုပ်ငန်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ပြီး ပြည်တွင်းသာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ထုတ်ကုန်ပစ္စည်းပြပွဲများ ကျင်းပပေးလျက်ရှိသည့်အပြင် မြန်မာ့ရိုးရာလက်မှုအနုပညာ လုပ်ငန်းများ တိမ်ကောပပျောက်မှု မရှိစေရန်နှင့် ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် အဆိုပါပြပွဲများတွင် မြန်မာ့ပန်း ၁၀ မျိုး လက်မှုအနုပညာ ထုတ်ကုန်ပစ္စည်းပြပွဲများကိုလည်း ထည့်သွင်းကျင်းပပေးလျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့တွင် စတုတ္ထအကြိမ်မြောက် အသေးစားစက်မှုလက်မှုနှင့် မြန်မာ့ရိုးရာ ပန်း ၁၀ မျိုး လက်မှုအနုပညာ ထုတ်ကုန်ပစ္စည်းပြပွဲ ဈေးရောင်းပွဲကို ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးတွင် ဒီဇင်ဘာ ၂၀ ရက်မှ စတင်ကျင်းပလျက်ရှိရာ အဆိုပါပြပွဲတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ၊ သမဝါယမအသင်းများ၊ MSME များ၊ လူသုံးကုန်စားသောက်ကုန်အလှကုန်များ၊ ချည်ထည်များ၊ သွင်းကုန်အစားထိုးစက်များ၊ ပြည်ပသို့ တင်ပို့နေသည့် ထုတ်ကုန်ပစ္စည်းများ၊ ပန်း ၁၀ မျိုး လက်မှုအနုပညာပစ္စည်းများ ပါဝင်သည့် ပြခန်းပေါင်း ၁၂၅ ခန်း ပြသထားပြီး ပြပွဲကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)၊ ဓာတ်ပုံ- အောင်ဖြိုးကျော်**

# သက်တမ်းလွန်နှင့် စားသုံးရန်မသင့်သည့် အစားအသောက်၊ ဆေးဝါးများကို ပခုက္ကူမြို့၌ ဖျက်ဆီး

**ပခုက္ကူ ဒီဇင်ဘာ ၂၁**

အများပြည်သူအတွက် အန္တရာယ်ရှိသည့် သက်တမ်းလွန်အစားအသောက်နှင့် ဆေးဝါးများ၊ စားသုံးရန်မသင့်သည့် အစားအသောက်များကို ပခုက္ကူမြို့ လေယာဉ်ကွင်းဟောင်းအနီး၌ ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက မီးရှို့ဖျက်ဆီးမှုများ လုပ်ဆောင်ခဲ့ကြောင်း FDA အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန မကွေးတိုင်းဒေသကြီးတာဝန်ခံ ဒေါက်တာပြည့်ထူးထံမှ သိရသည်။

အဆိုပါဖျက်ဆီးမှု၌ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ယနေ့ထိ သိမ်းဆည်း/အပ်နှံ သက်တမ်းလွန်ဆေးဝါး ၂၅၇ မျိုး၊ သက်တမ်းလွန် အစားအသောက် ၁၃ မျိုး ၊ စားသုံးရန်မသင့် အစားအသောက် သုံးမျိုးတို့ပါဝင်ပြီး ကာလတန်ဖိုးမှာ ၇၅ သိန်းခန့် ဖြစ်သည်။

“သက်တမ်းလွန်တွေ အတော်များများ၊ အဓိကဆေးပေါ့။ ကျွန်တော်တို့သိမ်းဆည်းရတာက ဆယ်ပုံတစ်ပုံလောက်ပဲ ပါတယ်။ ကျန်တဲ့ ၉၀ ရာခိုင်နှုန်းလောက်က ဆေးဆိုင်တွေက သူတို့ သဘောနဲ့သူတို့လာအပ်တာ။ သက်တမ်းတွေ လွန်နေပါပြီ။ ဖျက်ဆီးဖို့ လိုပါပြီ။ ခရိုင် FDA က ဦးဆောင်ပြီး ဒါကိုလုပ်ပေးပါဆိုပြီး လာအပ်တဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်” ဟု ဒေါက်တာပြည့်ထူးက ပြောကြားသည်။

မီးရှို့ဖျက်ဆီးပွဲတွင် မကွေးတိုင်းဒေသကြီး FDA ၊ ပခုက္ကူခရိုင် FDA၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီဝင်များ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများ ပူးပေါင်းပါဝင်ခဲ့သည်။ **ဇေယျာတု(မကွေး)**

# ရှင်မတောင်ဒေသထွက်သနပ်ခါးများ စိုက်ပျိုးရေးသနပ်ခါးများထက် ဈေးနှုန်းပိုရ

**ပခုက္ကူ ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ရှင်မတောင်ဒေသထွက်သနပ်ခါးများနှင့် မြိုင်မြို့နယ်ထွက် သနပ်ခါးများမှာ စိုက်ပျိုးရေးသနပ်ခါးများထက် ဈေးနှုန်းပိုရစွာ ရောင်းချနေရကြောင်း ပခုက္ကူမြို့မ ဈေးကြီးအနောက်ဘက် အမှတ်(၈)ရပ် ပန်းစွာတိုက်ကျောင်းဝင်း သနပ်ခါးတန်းဇရပ်တွင်ရောင်းချနေသည့် သနပ်ခါးပင်၊ သနပ်ခါးတုံးရောင်းဝယ်ရေးပွဲစားများထံမှ သိရသည်။

အဆိုပါ သနပ်ခါးရောင်းဝယ်ရေးပြုလုပ်နေသည့် ဈေးသည်ဦးရေ ၁၀၀ခန့်ရှိပြီး သနပ်ခါးပင်၊ သနပ်ခါးတုံး ရောင်းဝယ်ရာတွင် ရေစကြိုမြို့နယ် ရှင်မတောင်ဒေသထွက် သနပ်ခါးပင်များ၊ မြိုင်မြို့နယ် ကန်နီရွာ၊ ဗောက်ပင်ရွာထွက်သနပ်ခါးများ၊ ပေါက်မြို့နယ်ထွက် သနပ်ခါးများသည်အရည်အသွေးကောင်းမွန်ပြီး အသွေးခံပြီး လိမ်းခြယ်ရာတွင် မွှေးရနံ့ကြိုင်လှိုင် သင်းပျံ့ခြင်းတို့ကြောင့် မြန်မာပြည်တစ်လွှားနာမည်တစ်လုံးဖြင့် ရပ်တည်နေသောသနပ်ခါးဖြစ်ကြောင်း သနပ်ခါးပွဲစား ဒေါ်လှလှတင်ကပြောပြ၍ သိရသည်။

ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်နှင့် ပေါက်မြို့နယ်ထွက်သနပ်ခါးများသည် အပွေးထူ၍ ဝယ်ယူသူအကြိုက် ရှင်မတောင်သနပ်ခါးမျိုးများဖြစ်ကြောင်း၊ စိုက်ပျိုးရေး သနပ်ခါးသည် အခြားဒေသထွက် သနပ်ခါးများနှင့် ကွာခြားပြီး သနပ်ခါးလိမ်းခြယ်ကြည့်ခြင်း၊ သနပ်ခါးသွေးကြည့်ခြင်းများဖြင့် အရည်အသွေးကွာခြားမှု သိနိုင်ကြောင်း၊ ရှင်မတောင်သနပ်ခါးသည် စိုက်ပျိုးရေး သနပ်ခါးတုံးများထက် ပို၍အထားခံခြင်းကြောင့် ဈေးနှုန်းပိုမိုရရှိကြောင်း၊ ဝယ်ယူသုံးစွဲမှုလည်းများပြားကြောင်း သနပ်ခါးပွဲစား ဦးသိန်းလွင်ဦးက ပြောကြားသည်။

**ကိုထိန်**
**(ငါ့သရောက်)**



# ရန်ကုန်ရှိ City Taxi စာရင်းကို ကညနနှင့် YRTA တို့ တိုက်ဆိုင်စိစစ်ရာ အစီးရေ ၂၀၀၀ ကျော် ပယ်ဖျက်ရန် စစ်ဆေးတွေ့ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ City Taxi စာရင်းကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ကညန)နှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)တို့ တိုက်ဆိုင်စိစစ်ရာ အစီးရေ ၂၀၀၀ ကျော် ပယ်ဖျက်ရန် စစ်ဆေးတွေ့ရှိကြောင်း YRTA မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောကြားသည်။

City Taxi မှတ်ပုံတင်ခြင်းကို ၂၀၀၂ ခုနှစ်မှစ၍ စီမံချက်ချကာ မြို့တော်အင်္ဂါရပ်နှင့်ညီသော အငှားယာဉ်များဖြစ်ရေး၊ အငှားယာဉ် စီးနင်းသူများကို အထောက်အပံ့ပြုနိုင်ရေးနှင့် အငှားယာဉ်များကို စည်းကမ်းထိန်းသိမ်းမှု လုပ်ဆောင်ပေးနိုင်ရေးတို့အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိ City Taxi အရေအတွက်မှာ ရန်ကုန်တွင် ပြေးဆွဲနေသည့် အရေအတွက်နှင့် စာရင်းထဲတွင်ရှိသည့် အရေအတွက် ကိုက်ညီမှုရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"အခု နောက်ဆုံး ၂၀၁၉ ခုနှစ် နိုဝင်ဘာလအထိ YRTA မှာ City Taxi ယာဉ်အဖြစ် မှတ်ပုံတင်ထားခဲ့တာ ၆၇၇၈၈ စီးရှိတဲ့အကြောင်း ကျွန်တော်တင်ပြခဲ့တာဖြစ်ပါတယ်၊ ဒါပေမယ့် အခုပြန်ပြီးတော့ ကညနနဲ့ ပြန်လည်ပြီး တိုက်ဆိုင်စစ်ဆေးပါတယ်၊ အဲတော့ ကညနမှာက ၆၆၀၁၁ စီးပဲ City Taxi ယာဉ်စာရင်းတွေ့ရပါတယ်၊ ဒါ့ကြောင့် ကျွန်တော်တို့က ဘယ်အချက်အလက်တွေ မှားယွင်းနေသလဲလို့ ဒါကို ယာဉ်အစီးလိုက် နံပါတ်တွေနဲ့ အမျိုးအစားတွေနဲ့ တိုက်ပါတယ်၊ City Taxi မှာ နှစ်မျိုးတွေ့ရပါမယ်၊ AA/BB လို အက္ခရာအပူး၊ တချို့က အက္ခရာနဲ့ ဂဏန်းနဲ့ ပေးထားတဲ့နံပါတ်၊ အဲဒီမှာ နှစ်မျိုးပေါင်း အက္ခရာအပူးမှာ ၄၇၃ စီး၊ နံပါတ်နဲ့ အက္ခရာမှာ ၁၇၀၂ စီး စုစုပေါင်း ၂၁၇၅ စီးသည် ပယ်ဖျက်ရမယ်ဆိုတဲ့ စာရင်းထဲမှာ ကျွန်တော်တို့ စစ်ဆေးလို့ တွေ့ပါတယ်" ဟု ဦးလှအောင်က ပြောကြားသည်။

ထို့ပြင် Taxi ယာဉ် ၃၉၈ စီးမှာလည်း City Taxi အဖြစ် မှတ်ပုံတင်ဆောင်ရွက်ထားခြင်း မရှိသည်ကို ဖော်ထုတ်ရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့ City Taxi စာရင်းကို တိုက်ဆိုင်စိစစ်ပြီးပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြသွားမည်ဖြစ်ပြီး နောင်လာမည့် City Taxi သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်လည်း ပိုမိုကောင်းမွန်သည့်စနစ်ဖော်ဆောင်ရာတွင် အထောက်အပံ့ပြုမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က အနာဂတ်ကို သွားတဲ့အခါမှာ မူဝါဒတစ်ရပ်ကို လုပ်ပြီးတော့ Taxi ယာဉ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ YRTA လို အဖွဲ့တွေ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီလိုအဖွဲ့တွေ နောက်တကယ်လုပ်ကိုင်နေတဲ့ နည်းပညာအထောက်အပံ့ပြုတဲ့ အဖွဲ့တွေ အားလုံးပေါင်းစည်းပြီးတော့မှ နောင်အနာဂတ်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရမှာ ဖြစ်ပါတယ်"ဟု ဦးလှအောင်က ပြောကြားသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေစေရန် လက်ရှိအစိုးရသစ်လက်ထက် ၂၀၁၆ ခုနှစ် ဇူလိုင် ၈ ရက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အမိန့်ကြေညာစာထုတ်ပြန်၍ YRTA ကို ဖွဲ့စည်းခဲ့ပြီး YRTA မှ City Taxi မှတ်ပုံတင်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ YRTA အနေဖြင့် City Taxi ယာဉ်များကို မှတ်ပုံတင်ခြင်း၊ သတ်မှတ်ကာလအလိုက် မှတ်ပုံတင်သက်တမ်းတိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

■

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဦးကြည် (ဒေါ်အေဘီ)

ခေတ္တ-USA

### အသက် (၉၁) နှစ်

(ပွဲစားကြီး ဦးဘိုးမြိုင်-ပွဲကတော်ကြီး ဒေါ်လှမယ်)တို့၏မြေး၊ (စက်ပိုင်ဦးဘဆင်-ဒေါ်နှင်းညွန့်)တို့၏သမီး၊ (ဦးဘိုးကြူး-ဒေါ်မြကျွေ)တို့၏ သမီးချွေးမ၊ [ဦးလှ (တိုင်းမင်းကြီး)-ဒေါ်စိန်ရင်]၊ [ဦးလှဖေ (သစ်တောမင်းကြီး)-ဒေါ်အေးကြွယ်]၊ [ဦးအောင်ကြွယ် (ပုလဲကြွယ်-Restaurant)]-ဒေါ်ခင်လှရီတို့၏ ညီမ၊ [ဒေါ်နုနုအေး(ခ)ဒေါ်လုံးလုံး-ဦးမောင်မောင် (GM-ပ.ရ.သဖ)]၊ [ဦးမြင့်လွင်(ခ)ဦးဘူတာ (လေယာဉ်အင်ဂျင်နီယာ)]တို့၏ အစ်မ၊ [ဦးစိန်မောင် (ခရိုင်အမျိုးသားမှတ်ပုံတင်ဝန်ထောက်)]၏ဇနီး၊ ဦးမောင်မောင်ဦး(မြို့နယ်အခွန် ဦးစီးဌာနမှူး-ငြိမ်း)- ဒေါ်ခင်စိုးမြင့်(အလပြ-ငြိမ်း)၊ [ဦးမောင်မောင်ဖူး(ဒုတိယညွှန်ကြားရေးမှူး၊ ကျောက်မျက်-ငြိမ်း)]-ဒေါ်ကြည်ကြည်အောင်၊ Dr.သီတာဦးခင်-ဗိုလ်မှူးမင်းလွင် (ညွှန်ကြားရေးမှူး၊ ရန်ကုန်မြို့တော်စည်ပင်-ငြိမ်း)၊ ဦးခင်မောင်ဖြူ(မြို့နယ်လဝက ဦးစီးဌာနမှူး-ငြိမ်း)-ဒေါ်ဥမ္မာကျော်(လဝကမှူး)၊ ဦးမောင်မောင်လွင်(U.S.A)၊ (ဦးမောင်မောင်ကျော်)၊ ဒေါ်ယမင်းလှသူဇာ(Lead Accountant-U.S.A)-ဦးညီညီဦး(Housing Engineer-USA)တို့၏မိခင်ကြီး၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်ခင်ဦးကြည်သည် ၂၁-၁၂-၂၀၁၉ ရက် နံနက် ၄:၃၂ နာရီတွင် အမေရိကန်နိုင်ငံ၊ Mary Land ပြည်နယ်၊ Adventist Health Care Shady Grove Medical Center, (USA)ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဘိုဝ (၉၁) နှစ်

(ဗိုလ်တထောင်သတင်းစာတိုက်-ငြိမ်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ် ညွန့်ရပ်ကွက်၊ အမှတ်(၇၇)၊ ဓမ္မဝိဟာရလမ်း၊ ငါးလွှာနေ (ဦးရွှေမင်း-ဒေါ်ပု)တို့၏သား၊ (ဦးအောင်သင်း-ဒေါ်ငြိမ်း ဟန်)တို့၏ သားသမက်၊ (ဒေါ်သန်းရွှေ)၏ခင်ပွန်း၊ (ဦးသိန်းနိုင်)-ဒေါ်သက် သက်နှင်း၊ ဦးရဲဝင်းနိုင်-ဒေါ်ခင်အေးသန်း၊ ဦးခင်လှိုင်-ဒေါ်နန်းရီရီဝင်း၊ ဒေါ်ခင်ဝင်းရီ၊ ဦးအောင်ဆွေတို့၏ဖခင်၊ ကိုခင်အောင်ကျော်-မမိုးပပနှင်း၊ ကိုဝင်း ထွဋ်နိုင်-မဇာခြည်ဝင်း၊ ကိုအောင်သန်းထက်-မစုငယ်ထွေး၊ ကိုပြည့်ဖြိုးနိုင်-မနှင်းထက်ထက်နိုင်၊ ကိုပြည့်ဖြိုးအောင်-မပိုပိုချစ်နိုင်တို့၏အဘိုး၊ မြစ် လေးယောက်တို့၏ ဘိုးဘိုးသည် ၂၁-၁၂-၂၀၁၉ ရက် နံနက် ၃:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၉ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန် သူအားရည်စူး၍ ၂၇-၁၂-၂၀၁၉ ရက် တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်ကြည်ကြည်

### အသက် (၈၄) နှစ်

ပုသိမ်မြို့၊ စက်တော်ရာနေ (ဦးဘအုပ်-ဒေါ်သန်းခင်)တို့၏ သမီး၊ (ဦးဘသိန်း-ဒေါ်သိန်းမေ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆) ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ တိုက် (၂)၊ အခန်း (၃၀၆)နေ [ဦးသောင်းရီ (ကုန်သွယ်ရေး-ငြိမ်း)]၏ ဇနီး၊ ဦးမင်းသူ-ဒေါ်အောင်ကြည်တို့၏ ညီမ၊ ဦးမင်းလွင်-ဒေါ်ခင်အေးမော်၊ ဦးသွင်ဦး-ဒေါ်ခင်အေးသန်း၊ ဒေါ်ခင်ခင်စိုးတို့၏ အစ်မ၊ ဦးတင်မြင့်ချို-ဒေါ်ခင်မွန်မွန်ရီ၊ ဦးမြဦး-ဒေါ်ခင်သူသူရီ၊ (ဗိုလ်မှူးဝသုန်စိုး)-ဒေါ်ခင်နိုင်နိုင်ရီ၊ ဦးနိုင်လင်းထွန်း-ဒေါ်လေးလေးမြင့်တို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂၀-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၁၁:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အောင်ဇေယျအိမ်ရာ၊ တိုက်(၂)၊ အခန်း(၃၀၆)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ကြည်း-၁၀၆၃၈

### ဗိုလ်မှူးတင်အောင်ကြည်

ဗသက (၃၂)

### အသက် (၈၀)

၁၈-၁၂-၂၀၁၉ ရက် နံနက် ၁:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်း (၃၂)မှ အရာရှိများနှင့် မိသားစုဝင်များ**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါ်လှလှရီ (79 batch Botany)၏ မိခင်ဖြစ်သူ ဒေါ်လင်(မ်)ကွေးအိန်သည် ၁၆-၁၂-၂၀၁၉ (တနင်္လာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**Botany 79 batch သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

KBZ Bank မိုင်းဖြတ်ဘဏ်ခွဲတွင် ဒုတိယ တာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်နန်းခမ်းတစ်သည် ၂၀-၁၂-၂၀၁၉ ရက်တွင် တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**နာယကကြီးနှင့် ကမ္ဘောဇဘဏ် ဝန်ထမ်းမိသားစုများ**

## အာနိသ

သစ်
တော
နဲ့
သစ်ပင်
ချစ်
ခင်
တဲ့
လူမျိုး
သစ်
ပင်
ကို
နှစ်စဉ်
စိုက်
ရွှေတိုက်
ကိုစိုး

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်မြခင်

### အသက်(၁၀၀)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၁၂၆-ဘီ)နေ (ဦးအုန်းတင်-ဒေါ်စောရင်)တို့၏ သမီးကြီး၊ (ဦးစံဖေ-ဒေါ်မြမေ)တို့၏ သမီးချွေးမ၊ [ဦးတင်မောင် B.A.,B.L မြန်မာကောင်စစ်ဝန်ဟောင်း-ကာလကတ္တား၊ လ.ဝ.က(ငြိမ်း)]၏ဇနီး၊ (ဦးဝင်းမောင်)-ဒေါ်သိင်္ဂီအောင်၊ ဒေါက်တာဒေါ်ညွန့်ညွန့်ရီ၊ ဦးဝင်းခိုင် (ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်လှလှမူတို့၏ မိခင်ကြီး၊ မြေး(၃) ယောက်၊ မြစ်(၃)ယောက်တို့၏ ဘွားဘွားကြီးသည် ၂၁-၁၂-၂၀၁၉ ရက် ည ၁၀း၁၅ နာရီတွင် အာယုအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၉ ရက် နံနက် ၉ နာရီခွဲတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး၊ မိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၂၇-၁၂-၂၀၁၉ ရက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သိန်းကြည် (တောင်သာ၊ ဝဲလောင်၊ ကျောက္ကာရွာ)

### အသက် (၉၃) နှစ်

တောင်သာမြို့နယ်၊ ကျောက္ကာရွာနေ (ဦးအောင်ပု-ဒေါ်ပု)တို့၏သမီး၊ (ဦးဖိုးမြင့်-ဒေါ်လှနွယ်)တို့၏သမီးချွေးမ၊ (ဦးသာအောင်)၏ ဇနီး၊ (ဒေါ်လှသွယ်)၊ (ဦးဦးသာ)တို့၏ညီမ၊ မနွယ်နွယ်စိုး၊ ဗိုလ်မှူးချုပ်ခင်မောင်စိုး (သံအမတ်ကြီး-ငြိမ်း)၊ မရင်ရင်ရွှေ၊ မတင်မာဆွေ၊ ကိုကိုဝင်း၊ ကိုကိုနိုင်၊ (မောင်သန့်ဇင်)တို့၏ မိခင်၊ မြေး ၁၅ ယောက်၊ မြစ် ၁၃ ယောက်တို့၏အဘွား ဒေါ်သိန်းကြည် အသက်(၉၃)နှစ်သည် ၂၁-၁၂-၂၀၁၉ (စနေနေ့) ညနေ ၆:၁၅ နာရီတွင် တောင်သာမြို့နယ်၊ ကျောက္ကာရွာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၉ (တနင်္လာ နေ့) နံနက် ၁၀ နာရီတွင် ကျောက္ကာသိမ်လေးဝင်း၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၂-၂၀၁၉ (ဗုဒ္ဓဟူး နေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစုများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးအေးမြင့် (၆၈)နှစ်

လ/ထညွှန်မှူး (ငြိမ်း)၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၂၄၇)နေ ဦးမောင်သန်း-(ဒေါ်မြစိန်)တို့၏သား၊ (ဦးအသိုက်-ဒေါ်အေးကျင်)တို့၏ သားသမက်၊ ဦးဝင်းမောင်-ဒေါ်အေးသန်း၊ ဦးမြင့်ဝေ-ဒေါ်မြင့်မြင့်သိန်း၊ (ဦးအောင်မြင့်သိန်း)-ဒေါ်အေးအေးသစ်တို့၏အစ်ကို၊ ဒေါ်ကျင်ထက်၏ချစ်လှစွာသော ခင်ပွန်း၊ဦးဇော်လင်း-ဒေါ်လွင်လွင်ဦး၊ဗိုလ်မှူးစိုးမင်းအေး(လ.တ.ထ-၂)၊ ဒေါ်ငုဝါခိုင် (PTTEPI)တို့၏ဖခင်သည် ၂၁-၁၂-၂၀၁၉(စနေနေ့) နံနက် ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်ဦး

### အသက် (၅၂) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး(၉၂)လမ်းနေ ဦးအုန်းခင်-(ဒေါ်ကြည်)တို့၏ သမီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၀)လမ်းအထက်၊ အမှတ် (၃၉၉/ခ)နေ ဦးရွှေရန်-ဒေါ်အေးသန်းတို့၏ သမီးချွေးမ၊ ဒေါ်ခင်အေး၊ ဒေါ်ညိုညို၊ ဦးသောင်းညွန့်-ဒေါ်သီတာ၊ ဦးကိုကိုနိုင်-ဒေါ်မာလာတို့၏ညီမ၊ ဦးခင်မောင်သန်း-ဒေါ်ရီရီညွန့်တို့၏ ညီမ၊ ဗိုလ်မှူးကြီးလှမျိုးရွှေ (ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး)-ဒေါ်ဥမ္မာစန်း၊ ဒေါ်နီလာရွှေ (ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး)တို့၏ အစ်မ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ တိုက်(၂၄၅)၊ အခန်း(၁၁)နေ ဦးကျော်ကျော်(ညွှန်ကြားရေးမှူး၊ လူမှုဖူလုံရေးအဖွဲ့-ရုံးချုပ်)၏ချစ်လှစွာသောဇနီး၊ မောင်စစ်သွေးအောင် (ဆဋ္ဌမတန်း၊ အလက-၃၊ မူလွန်၊ ဇမ္ဗူသီရိမြို့နယ်)၏ ချစ်လှစွာသောမိခင်သည် ၂၁-၁၂-၂၀၁၉ ရက် နံနက် ၈:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် နေပြည်တော်ခုတင် (၁၀၀၀) ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## လွမ်းဆွတ်သတိရခြင်း

## ဦးဝင်းထိန်

(ဝင်းဂုဏ်ရောင်ကုမ္ပဏီ၊ Managing Director)

### အသက် (၄၀)

သားလေး ကိုထိန်...ဒီနေ့ဆို သားလေးခွဲသွားတာ လေးနှစ်တိုင်ခဲ့ပြီ မေမေ တစ်နေ့မှ မေ့လို့မရခဲ့ပါဘူး သားလေး မရှိတော့ဘူးဆိုတဲ့အတွေးဝင်လာရင် အသက်ရှူရပ်မတတ်ခံစားရပါတယ် မြင်နေတုန်းပဲ သားရဲ့ပုံရိပ်၊ ကြားနေတုန်းပဲ သားရဲ့အသံ၊ နှစ်(၄၀) ပုံရိပ် မေမေ ဘယ်လိုမေ့လို့ရမှာလဲ သားလေးရယ်၊ သူများတွေက အမွေဝေကြတယ် မေမေကတော့ သားရေလို့ အမွှေဝေရတာကို တော်တော်ကြိုးစားရတယ် မေမေ့ပါးစပ်က ပြောထွက်ဖို့ တော်တော်အားယူရတယ် သားလေးရယ် သားရှိနေတယ်လို့ပဲ စိတ်ထဲမှာ တွေးထားရတယ် သားမရှိတော့ဘူးဆိုတဲ့စိတ်ကို ဖျောက်ဖို့ တော်တော် အားခဲကြိုးစားရအုံးမှာပါ သားရေ သားရှိရင် (၄၄) နှစ်ပြည့်ပြီ။

**လွမ်းဆွေးမပြေတဲ့...မေမေ**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ကန်လှတောရ ဓမ္မသီရိကျောင်းတိုက် ဦးစီးပဓာန နာယက

## ဆရာတော် ဘဒ္ဒန္တဝိသုတ

### သိက္ခာတော် (၅၃) ဝါ၊ သက်တော် (၇၃)နှစ်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ဖိုလေးလုံးကျေးရွာနေ ခမည်းတော် ဦးမောင်ငယ်- မယ်တော် ဒေါ်ငြိမ်းရင်တို့၏ သားတော်၊ မကွေးမြို့နယ်၊ ကန်လှကျေးရွာ၊ ကန်လှတောရ ဓမ္မသီရိကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိသုတ မထေရ်မြတ်သည် (၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်) ညနေ ၄:၃၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၁ရက်)တွင် နိဗ္ဗာန်စံကျောင်းချအခမ်းအနား ပြုလုပ်ပြီး (၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်)တွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင်ပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများ အား အသိပေး အကြောင်းကြားအပ်ပါသည်။

ဆရာတော် ဦးမဏ္ဍလနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ

## ဒေါ်စိန်သွယ်

ကျောက္ကာ (တောင်သာ)

### အသက် (၉၇) နှစ်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ တပင် ရွှေထီးရပ်ကွက်၊ မလိခလမ်းသွယ် (၂)လမ်း၊ အမှတ်(၃၁၉၀)နေ (ဦးဖြူထွေး-ဒေါ်အေးမြ)တို့၏ သမီး၊ (ဦးအေး)၏ ဇနီး၊ (ဦးမောင်မြင့်)-ဒေါ်လှလှရှင်၊ ဦးငွေအောင်-ဒေါ်ဆန်းမြင့်ဆွေ၊ ဦးမွေးအောင်-ဒေါ်အေးကြည်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏ အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီး ဒေါ်စိန်သွယ်သည် ၂၀-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၉ (တနင်္ဂနွေ နေ့) မွန်းလွဲ ၁ နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး

## ဦးတင်ဖေ (ဆပ်သွား၊ ဂွ၊ သံတွဲ) (၈၉)နှစ်

ဒု-မန်နေဂျာ (ငြိမ်း)၊ ဆေးနှင့် ဆေးပစ္စည်းကုန်သွယ်ရေး (၁၀)

ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ ဆပ်သွားရွာနေ (ဦးမောင်သာ-ဒေါ်လှစိန်)တို့၏ သား၊ (ဦးစောလွင်-ဒေါ်သောင်းစိန်)တို့၏ သားသမက်၊ ဦးကိုလေး-(ဒေါ်သန်းရီ)တို့၏မောင်၊ ဦးတင်ငွေ-ဒေါ်ခင်ရီ၊ (ဦးတင်မြင့်)တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ဥက္ကာ(၇)လမ်း၊အမှတ်(၂၁၄)နေ (ဒေါ်ဖြူဖြူဝင်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်တင်တင်ယု၊ (ဦးအောင်ဌေးဝင်း)၊ ဦးဖေဝင်းထွေး၊ (ဦးမြတ်စံ)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ကိုနိုင်နိုင်လွင်-မကြည်ကြည်နုနွယ်၊ ကိုအေးမင်းသူ၊ ကိုကျော်မင်းသူ၊ မောင်အုပ်ခန့်ဖြိုးတို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၀-၁၂-၂၀၁၉(သောကြာနေ့) ည ၇:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက်တွင် (ဂ)ရပ်ကွက်၊ဥက္ကာ(၇)လမ်း၊ အမှတ်(၂၁၄) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးသိန်းဝင်း (Stanley Trutwein) (၈၉) နှစ်

လေကြောင်း ထိန်းသိမ်းရေးအရာရှိ (ငြိမ်း)

(St.ALBERTS ကျောင်းသားဟောင်း) (မေမြို့)

ရန်ကုန်မြို့နေ (Mr. Trutwein – Mrs.Yolanda Trutwein)တို့၏ သား၊ ဦးသန်းဝင်း (Ex Van Oord)-ဒေါ်ဂျိုဇဗင်းသန်းရွှေ၊ ဦးDavid Kolb-ဒေါ်မေဖြူဝင်း (Australia)၊ ဦးလှဝင်း-ဒေါ်မေရီပြုံး၊ ဦးကြည်ဝင်း-ဒေါ်နီနီကျော်၊ ဒေါ်ဇေဝင်း-ဦးဆန်းနိုင်၊ ဦးမျိုးဝင်း-ဒေါ်အေးအေးမောင်(USA)တို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၃ ယောက်တို့၏အဘိုး ဦးသိန်းဝင်း (Stanley Trutwein)သည် ၂၀-၁၂-၂၀၁၉ (သောကြာနေ့) ည ၉:၀၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၁၂-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးထွန်းထွန်းလင်း (ခ) ဦးထွန်းထွန်းနိုင် (ချာလီ)

### အသက် (၅၂) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း/မြောက်ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ်(၈)၊ ငါးလွှာနေ (ဦးမောင်နိုင်)-ဒေါ်အေးအေးသီတို့၏သားငယ်၊ ဦးတင်ရွှေ-(ဒေါ်လှလှဝင်း)တို့၏ သားသမက်၊ ဦးလှမင်းအောင်(အမြင်သစ်စာပေ)-ဒေါ်ဆွေဆွေနိုင်တို့၏ မောင်၊ မသက်နှင်းဆက်၏ ဦးလေး၊ ဒေါ်လှလှပြုံး၏ ခင်ပွန်းသည် ၂၀-၁၂-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၉ (တနင်္ဂနွေ နေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ စမ်းချောင်းမြို့နယ်၊ လင်းလွန်း/မြောက်ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ်(၈)၊ ငါးလွှာနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်နန်းခမ်းတစ်

### အသက်(၃၀)

ကျိုင်းတုံမြို့၊ (၁)ရပ်ကွက်၊ နမ့်ချက်ရပ်နေ (ဦးစိုင်းခွန်ဖ)-ဒေါ်နန်းအွန်တို့၏သမီးလတ်၊ ဦးနေလင်းဦး-ဒေါ်နန်းခမ်းဖူးတို့၏ညီမ၊ စိုင်းငြိမ်းအောင်-မအားငယ်တို့၏အစ်မ ဒေါ်နန်းခမ်းတစ်သည် ၂၀-၁၂-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ နမ့်ချက်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူ အားရည်စူး၍ ၂၆-၁၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ကျိုင်းတုံမြို့၊ အမှတ်(၅၀)၊ နမ့်ချက်ရပ်၊ ရပ်ကွက်(၁) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# နှစ်(၃၀)မြောက် အမျိုးသားကာကွယ်ရေးနေ့နှင့် (၇၅)နှစ်မြောက် ဗီယက်နမ်ပြည်သူ့တပ်မတော် တည်ထောင်သည့်နေ့အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ ဗီယက်နမ်တပ်မတော်ဖျော်ဖြေရေးအဖွဲ့၏ တေးသရုပ်ဖော်အကများဖြင့် တင်ဆက်ပြသမှုကို ကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေး ခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန (K-2000) ၌ ပြုလုပ်သည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ်(၃၀) မြောက် အမျိုးသားကာကွယ်ရေးနေ့နှင့် (၇၅)နှစ်မြောက် ဗီယက်နမ်ပြည်သူ့တပ်မတော်တည်ထောင်သည့်နေ့ အခမ်းအနားသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုံ၊ ဒုတိယသမ္မတ Mrs. Dang Thi Ngoc Thinh၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mrs. Nguyen Thi Kim Ngan၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

## ၂၀၂၀ AFC Cup ပြိုင်ပွဲဝင်ခွင့်ရရန် ဘာရှုနိုင်းကလပ်ကို ကျော်ဖြတ်ရမည့် ရန်ကုန်အသင်း

**ရန်ကုန် ဒီဇင်ဘာ ၂၁**

၂၀၂၀ AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ်အသင်းများသည် တစ်နေရာသာ ဝင်ခွင့်ရထားသောကြောင့် ရှုံးထွက်ချန်ပီယံ ရန်ကုန်အသင်းသည် ခြေစစ်ပွဲကစားရမည်ဖြစ်ပြီး နောက်ဆုံးအဆင့် ယှဉ်ပြိုင်ခွင့်ရရန် ဘာရှုနိုင်းကလပ်ကို ကျော်ဖြတ်ရမည်ဖြစ်သည်။

ရန်ကုန်အသင်းသည် ဘာရှုနိုင်းကလပ်အင်ဒရာအသင်းနှင့် နှစ်ကျော့ကစားရမည်ဖြစ်ပြီး ဇန်နဝါရီ ၂၂ ရက်တွင် အဝေးကွင်း၊ ဇန်နဝါရီ ၂၉ ရက်တွင် အိမ်ကွင်းကစားရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ မြန်မာကလပ်အသင်းများအနက် အမှတ်ပေးချန်ပီယံအသင်းသာ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ရှုံးထွက်ချန်ပီယံအသင်းမှာ ခြေစစ်ပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး ရှုံးထွက်ချန်ပီယံ ရန်ကုန်အသင်းမှာ ခြေစစ်ပွဲအဆင့်မှ စတင်ကစားရခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် ရာသီကြိုအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များစွာခေါ်ယူထားပြီး နိုင်ငံခြားသား

စာမျက်နှာ ၁၉ ကော်လံ ၃ သို့ ❃

**ကြေးမုံ ယနေ့ဖတ်စရာ**

**မကွေးမြို့ (၆၆)မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံး အင်ဂျင်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကျင်းပ**

စာမျက်နှာ » ၇

-------------------

**မြန်မာ-ဂျပန်ဆရာဝန်များ ပူးပေါင်း၍ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ လူနာများအား အခမဲ့ခွဲစိတ်ကုသ**

စာမျက်နှာ » ၈

-------------------

**စွပ်စွဲချက်များအပေါ် နိုင်ငံတကာခုံရုံးသို့ သမ္မတ ဒူတာတေး တုံ့ပြန်စကားဆို**

စာမျက်နှာ » ၁၂






# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

## ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံး ထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦးစာရင်း (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့် အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေ ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ် အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ ရှမ်းပြည်နယ်အတွင်းရှိ အခွန်ထမ်းများအနက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သော(ပုဂ္ဂလိက-မြန်မာကုမ္ပဏီ) လုပ်ငန်းရှင် (၅၀)ဦး၏ စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ ကျန်ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြား ကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.ird.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်/ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သည့်**
**လုပ်ငန်းရှင် (၅၀) ဦးစာရင်း**
**ရှမ်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး**
**(ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)**

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်း အမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | Fuxing Brothers Co.,Ltd | အမှတ်- ၈၂/၉၊ ဈေးရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂ | Bhome Yaung Chi Co.,Ltd | အမှတ်- ခ/၉၉(စီ)၊ ခရစ်ယာန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃ | Thu Gyi Min Co.,Ltd | အမှတ်- ဂ/၂၂၊ စုစည်းရပ်၊ မိုင်းယု(၁၀၅)မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၄ | North East Gate Fruit Co.,Ltd | အမှတ်- ၈၂/၁၀၀၊ ဈေးရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၅ | Myanmar Padauk Trading Co.,Ltd | အခန်းအမှတ်- ၉၊ Company Compound၊ မိုင်းယု (၁၀၅) မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၆ | Shwe Gone Myint Co.,Ltd | အမှတ်- ခ/၉၉(စီ)၊ ခရစ်ယာန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၇ | Eain Myint San Co.,Ltd | အမှတ်- AA/32၊ မိုင်းယု (၁၀၅) မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၈ | Shwe Mar Ga Golden & Minning Co.,Ltd | အမှတ်- တ/၁၇၃(ခ)၊ တောင်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Minning | |
| ၉ | Billion Soe Kaung San Co.,Ltd | အမှတ်- ၉၀၊ စောဖျင်နလမ်း၊ ရှမ်းရွာမ ရပ်ကွက်၊ ကွမ်းလုံမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | ပို့ကုန်/သွင်းကုန် | |
| ၁၀ | Khwar Nyo Trading Co.,Ltd | အမှတ်- AA/30၊ မိုင်းယု(၁၀၅)မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၁၁ | Bhone Kyaw San Co.,Ltd | အမှတ်- ခ/၉၉(စီ)၊ ခရစ်ယာန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၁၂ | Sai Thant Zin Co.,Ltd | တိုက်အမှတ်-၅၅၅၊ အခန်းအမှတ်-၅၊ မိုင်းယု (၁၀၅) မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၁၃ | Phone Pyae Zaw Trading Co.,Ltd | အမှတ်- ၂၈၀၊ စွမ်စော် (၃)လမ်း၊ ရွှေသမင် ကွက်သစ်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၁၄ | Excellent Myanmar Co.,Ltd | အမှတ်- ၁၄၆၊ ပတ္တမြားလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၁၅ | Sabai Thinn Trading Co.,Ltd | အမှတ်- D၊ နမ္မတူတိုက်တန်း၊ မိုင်းယု(၁၀၅) မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၁၆ | Globe Tobacco Co.,Ltd | မ၀/၁၀၈၊ မန်ဝိန်းရပ်ကွက်၊ ပန်လုံဟောင်းလမ်း၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | ကမ္ဘာလုံး စီးကရက်စက်ရုံ | |
| ၁၇ | Hebron Pyae Sone Co.,Ltd | Best Family တိုက်တန်း၊ မိုင်းယု(၁၀၅)မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၁၈ | Sein Sabai Phyu Trading Co.,Ltd | အမှတ်-ဟ-၁၅/၁၅၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၁၉ | စိန့်ဇေယျာအထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမ | အမှတ်- ဟ/၄၁၇၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၀ | Hone Yin Family Co.,Ltd | အမှတ်- ၂၃၀၊ ဟိုနားရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၁ | Bhome Yaung Shwe Gone Co.,Ltd | အမှတ်- ခ/၉၉(စီ)၊ ခရစ်ယာန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၂ | HLa Taw Tar Co.,Ltd | အမှတ်- ဟ-၁၇/၇၆၃(၄၅)ကုန်း၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၃ | Aye Sint Myay Trading Co.,Ltd | အမှတ်- ၆၊ ရွှေညောင်ပင်လမ်း၊ ရပ်ကွက်(၂)၊ မိုင်းယု(၁၀၅)မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၄ | Tiger Lady Co.,Ltd | အမှတ်- ဟ-၅/၅၆၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၅ | Shwe Nann San Family Travelling Co.,Ltd | အမှတ်-၂၅၊ ဇီဇဝါလမ်း၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၆ | Maung Sein Win & Brothers Trading Co.,Ltd | အမှတ်- ၅၈၀၊ ဟိုနားရပ်၊ ကောင်းမူးတုံကွက်သစ်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၇ | စံဘုန်းရှင်အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက် | အမှတ်- ၄/၃၆၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၈ | Nan Shwe Li Co.,Ltd | အမှတ်- ဟ/၁၅-၉၈၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၉ | Toyomax Trading Co.,Ltd | အမှတ်- ကမတ/၇၇၊ ကောင်းမူးတုံရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၀ | Nine Nine Eight Trading Co.,Ltd | အမှတ်- AA/4၊ မိုင်းယု(၁၀၅)မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၁ | Htut Myat Kyaw Co.,Ltd | အမှတ်- ၆၊ နမ့်ခမ်းလမ်း၊ စွမ်စော်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၂ | Ayer Win Trading Co.,Ltd | အမှတ်- မ၀/၄၂၊ မန်ဝိန်းရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၃ | Kaung Myat Hein Trading Co.,Ltd | အမှတ်- ၆၂၊ ခရေလမ်း၊ မြောက်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၄ | New Shwe Yaung Chi Co.,Ltd | အမှတ်- ဟ-၁၀/၁၀၁၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၅ | Aung Hsu Aung Co.,Ltd | အမှတ်- ဟ-၁၂/၃၉၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၆ | စိမ်းရွှေဝါ ကုမ္ပဏီလီမိတက် | အမှတ်- ဟ-၁၅/၉၀၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၇ | Htay Linn Htike Co.,Ltd | အမှတ်- ဘီ/၈၇၊ ပြည်ထောင်စုလမ်းမကြီး၊ မိုင်းယု(၁၀၅)မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၈ | Lucky Friday Co.,Ltd | အမှတ်- ပခ/၇၅၊ မူဆယ်-နမ့်ခမ်းလမ်း၊ ပန်ခမ်းရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၉ | NCD Trading Co.,Ltd | အမှတ်- ၆၊ ကောင်းဟိုတယ်၊ မြေညီထပ်၊ မန်ဝိန်းရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၄၀ | Pan Marlar Co.,Ltd | အမှတ်- ၈၂/ ၁၂၅၊ ဈေးရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၄၁ | Moe Thu Kha Co.,Ltd | အမှတ်- ဟ-၁၄/၄၄၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၄၂ | MAHAR MODERN MYANMAR Co.,Ltd | အမှတ်- ၉၅၅၊ (၁၆x၃၉)လမ်း၊ နယ်မြေ(၁၇)၊ ရပ်ကွက်(၅)၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | အထွေထွေ ရောင်းဝယ်ရေး လုပ်ငန်း | |
| ၄၃ | Dana San Eain Co.,Ltd | အမှတ်- ည- ၈၂/က၊ နယ်မြေ(၂)၊ အေးချမ်းမြွေလမ်း၊ ရပ်ကွက်(၁၀)၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်။ [မိုင်းယု (၁၀၅) မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။] | ရှမ်း | Trading | |
| ၄၄ | Mya Yunn Thu Co.,Ltd | အမှတ်- မ/၃၈၁၊ မြောက်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၄၅ | AK-14 Co.,Ltd | အမှတ်- ၉၊ နမ္မတူတိုက်တန်း၊ မိုင်းယု(၁၀၅) မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၄၆ | Golden Lake Import & Export Co.,Ltd | အမှတ် - ၁/၁၈၅၊ ဗိုလ်ချုပ်လမ်း၊ ဆန်ဆိုင်း (က)ရပ်ကွက်၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၄၇ | Super Wide Co.,Ltd | အမှတ်- ဘီ၊ ပန်းမြင့်မိုရ်လမ်း၊ မိုင်းယု (၁၀၅) မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၄၈ | Gon Yaung Phyo Co.,Ltd | အခန်းအမှတ်- ၄၂၊ (၃) လမ်း၊ မိုင်းယု (၁၀၅)မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၄၉ | Sein Kyaw San Co.,Ltd | အမှတ်- ၅၅၅၊ မိုင်းယု(၁၀၅)မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၅၀ | Shwe Si Hein Co.,Ltd | အမှတ်- စစ/၂၈၉၊ စွမ်စော် (၂) လမ်း၊ မန်ဝိန်းရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |

## စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

# ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ထမ်းဆောင်သည့် လုပ်ငန်းရှင်(၅၀)ဦးစာရင်း (ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့်အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့် အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေ ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၈-၂၀၁၉ စည်းကြပ်နှစ် အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ ရှမ်းပြည်နယ်အတွင်းရှိ အခွန်ထမ်းများအနက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သော(ပုဂ္ဂလိက- မြန်မာကုမ္ပဏီ) လုပ်ငန်းရှင် (၅၀) ဦး၏ စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ ကျန်ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/ နိုင်ငံခြားကုမ္ပဏီ/ လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.ird.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်/ရန်ကုန်/မန္တလေး) များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**ရှမ်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး**
**၂၀၁၈-၂၀၁၉ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သည့်**
**လုပ်ငန်းရှင် (၅၀) ဦးစာရင်း**
**(ပုဂ္ဂလိက-မြန်မာကုမ္ပဏီ)**

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်း အမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | Myanmar Padauk Trading Co.,Ltd | အခန်းအမှတ်-၉၊ Company Compound၊ မိုင်းယု၊ (၁၀၅)မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂ | Fuxing Brothers Co.,Ltd | အမှတ်-ဈ/၉၊ ဈေးရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃ | Eain Myint San Co.,Ltd | အမှတ်-AA-၃၂၊ မိုင်းယု(၁၀၅)မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၄ | Excellent Myanmar Co.,Ltd | အမှတ်-၁၄၆၊ ပတ္တမြားလမ်း၊ ရေအေး ကွင်းရပ်၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | ကုန်သွယ်မှု လုပ်ငန်း | |
| ၅ | Sabai Thinn Trading Co.,Ltd | ဟန-၆၁၀၊ ဟိုနားရပ်၊ ကောင်းမူးတုံ ကွက်သစ်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၆ | Sein Sabai Phyu Trading Co.,Ltd | အမှတ်-ဟ-၁၅/၁၅၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၇ | Hone Yin Family Co.,Ltd | အမှတ်-၂၃၀၊ ဟိုနားရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၈ | Billion Soe Kaung San Co.,Ltd | အမှတ်-၉၀၊ စောဖျင်နလမ်း၊ ရှမ်းရွာမ ရပ်ကွက်၊ ကွမ်းလုံမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | ပို့ကုန်/သွင်းကုန် | |
| ၉ | Tiger Lady Co.,Ltd | အမှတ်-ဟ-၅/၅၆၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၁၀ | Shwe Nann San Family Travelling Co.,Ltd | အမှတ်-၂၅၊ ဇီဇဝါလမ်း၊ မကာဟိုခမ်း ရပ်ကွက်၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၁၁ | Nan Shwe Li Co.,Ltd | အမှတ်-ဟ-၁၅/၉၈၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၁၂ | Toyomax Trading Co.,Ltd | အမှတ်-ကမတ/၇၇၊ ကောင်းမူးတုံ ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၁၃ | Kaung Myat Hein Trading Co.,Ltd | အမှတ်-၆၂၊ ခရေလမ်း၊ မြောက်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၁၄ | HLa Taw Tar Co.,Ltd | အမှတ်-ဟ-၁၇/၇၆၃၊ (၄၅)ကုန်း၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၁၅ | Globe Tobacco Co.,Ltd | မဝ-၁၀၈၊ မန်ဝိန်းရပ်ကွက်၊ ပန်လုံဟောင်း လမ်း၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | ကမ္ဘာလုံး စီးကရက်စက်ရုံ | |
| ၁၆ | Maung Sein Win & Brothers Trading Co.,Ltd | အမှတ်-၅၈၀၊ ဟိုနားရပ်၊ ကောင်းမူးတုံ ကွက်သစ်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၁၇ | AK-14 Co.,Ltd | အမှတ်-၉၊ နမ္မတူတိုက်တန်း၊ မိုင်းယု(၁၀၅) မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၁၈ | Nine Nine Eight Trading Co.,Ltd | အမှတ်-AA/4၊ မိုင်းယု(၁၀၅)မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၁၉ | Golden Lake Import & Export Co.,Ltd | အမှတ်-၁/၁၈၅၊ ဗိုလ်ချုပ်လမ်း၊ ဆန်ဆိုင်း (က)ရပ်ကွက်၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၀ | Super Wide Co.,Ltd | အမှတ်-ဘီ၊ ပန်းမြင့်မိုရ်လမ်း၊ မိုင်းယု(၁၀၅) မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၁ | Thein Ya Ti Co.,Ltd | အမှတ်-ခ/၃၄၀၊ ခရစ်ယာန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၂ | Moe Theint Theint Kyaw Co.,Ltd | အမှတ်-ဟ/၅၀၄၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၃ | Dana Bayin Trading Co.,Ltd | အမှတ်-က/၆၆၊ ကောင်းနောင်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၄ | U San Yee Trading Co.,Ltd | အမှတ်-၁/၅၅၊ ဗိုလ်ချုပ်လမ်း၊ ဝမ်လိရွာ၊ ပါဆပ်ရပ်ကွက်၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၅ | Myanmar New Power Motors Co.,Ltd | အမှတ်-ကလ/၂၊ ကောင်းမူးလွယ်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၆ | Phu Thit Wai Si Co.,Ltd | အမှတ်-ဟ/၁၁/၃၀၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၇ | သင်းပျံ့စပယ် ကုမ္ပဏီ | ဟန-၆၁၀၊ ဟိုနားရပ်၊ ကောင်းမူးတုံ ကွက်သစ်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၈ | Three Tiger Co.,Ltd | အမှတ်-တ/၂၉၊ တောင်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၂၉ | Shwe Phu Hlwar Co.,Ltd | အမှတ်-ဈ/၃၀၊ ခတ္တာလမ်း၊ ဈေးရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၀ | May Hsu Pan Co.,Ltd | အမှတ်-ဟ/၄၉၁၊ ကချင်ဘုရားကျောင်း လမ်း၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၁ | Myanmar K Power Group Co.,Ltd | အမှတ်-ကမတ/၈၁၊ ကောင်းမူးတုံရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၂ | Kan Thar Tun Co.,Ltd | အမှတ်-ဟန/၃၆၂၊ ဟိုနားရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၃ | Thiri Pyae Sone Co.,Ltd | အမှတ်-ဈ/၃၂၆၊ ဈေးရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၄ | Hnin Thiri Yadanar Family Co.,Ltd | အမှတ်-ဟ-၂/၆၉၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၅ | Thu Gyi Min Co.,Ltd | အမှတ်-ဂ-၂၂၊ စုစည်းရပ်၊ မိုင်းယု(၁၀၅) မိုင်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၆ | Shan Htoo Aung Construction Co.,Ltd | အမှတ်- ၅၊ ရေထွက်ဦးလမ်း၊ သစ်တောရပ်၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | ဆောက်လုပ်ရေး လုပ်ငန်း | |
| ၃၇ | Phone Myint Toe Co.,Ltd | အမှတ်-၂၇၊ ကြူကုတ်(ပန်ဆိုင်း)၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၈ | Seven Shwe Man Aung Co.,Ltd | အမှတ်-ဟ/၁၁/၇၄၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၃၉ | GRAND GALAXY Co.,Ltd၊ မိုင်းယွန်းဆီပန့် | အမှတ်-၄၇၊ ဗိုလ်ချုပ်လမ်း၊ ဝမ်လိ၊ ပါဆပ် ရွာ၊ ဟောင်လိတ်ရပ်ကွက်၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၄၀ | Top One One Co.,Ltd | အမှတ်-တ-၄၄၁၊ တောင်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၄၁ | ရွှေဝေယံကုမ္ပဏီ လီမိတက် | အမှတ်-၁၅၇၊ ချယ်ရီလမ်း၊ ဈေးပိုင်း ရပ်ကွက်၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | မြန်မာဘီယာ ဖြန့်ဖြူးရောင်းချ ရေးလုပ်ငန်း | |
| ၄၂ | Phone Khant Yadanar Co.,Ltd | အမှတ်-ဟ-၁၀/၆၂၊ ဟိုမွန်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၄၃ | Grand Gold Dragon Co.,Ltd | အမှတ်-စစ/၂၀၇၊ စွမ်းစော်ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၄၄ | Myanmar Denso Co.,Ltd | အမှတ်-ကမလ-၂၊ ကောင်းမူးလွယ် ရပ်ကွက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၄၅ | HMT Royal Co.,Ltd | အမှတ်-၂/၁၀၊ မဟာဗန္ဓုလလမ်း၊ ဝမ်ကောင်းရပ်ကွက်၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Myanmar Beer အရောင်း ကိုယ်စားလှယ် | |
| ၄၆ | H Double H Capital Co.,Ltd | အမှတ်-၉/၁၀၊ ငွေကြယ်ဖြူလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | ဆောက်လုပ် ရေးလုပ်ငန်း | |
| ၄၇ | Middle Life Co.,Ltd | အမှတ်-ဟန-၆၄၁၊ ဟိုနားရပ်၊ ကောင်းမူးတုံကွက်သစ်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၄၈ | ရွှေတောင်ရိုးကုမ္ပဏီ | အမှတ်-၂၂၅/က၊ တာလေ့ရပ်ကွက်၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | Trading | |
| ၄၉ | ဟေဟိန်းကုမ္ပဏီ လီမိတက် | နောင်လိုင်ကျေးရွာအုပ်စု၊ ပန်ကန်ကျေးရွာ၊ ပင်လုံမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | ကျောက်မီးသွေး တူးဖော်ရေး ကုမ္ပဏီ | |
| ၅၀ | ကျိုင်းတုံစွမ်းအင် ကုမ္ပဏီလီမိတက် | အမှတ်-၂၊ နောင်ကျောက်လမ်း၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်။ | ရှမ်း | စွမ်းအင်လုပ်ငန်း | |


# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

ဒီဇင်ဘာ ၂၂၊ ၂၀၁၉
(တနင်္ဂနွေနေ့)


ဝတ္ထုတို

## ■ ဈာန်လေး(ပညာရေး)



(၁)

ညသည် တိတ်ဆိတ်ခြင်းဖြင့် အသက်မဲ့နေလျက်ရှိသည်။ လကွယ်ညဖြစ်သောကြောင့် ကောင်းကင်တစ်ခွင်ရှိ နက္ခတ်တာရာအပေါင်းတို့ကလည်း ပျောက်ချက်သားကောင်းနေကြသည်။ တစ်ခါတစ်ရံ မြစ်ကမ်းသို့ ရိုက်ခတ်လာသော လှိုင်းတချို့၏ မခို့တရို့ကျီစယ်မှုကသာ လမိုက်ညကို ဖျော်ဖြေနေသယောင်ယောင်။

အချိန်အားဖြင့် သက်ကြီးခေါင်းချချိန် ညဆယ့်တစ်နာရီဝန်းကျင်ခန့်ရှိမည်။ မြစ်ပြင်ထဲမှ လှော်ခတ်လာသော လှေတစ်စင်းသည် ကမ်းနားသို့ ဆိုက်ရောက်လာပြီး ထိုလှေပေါ်မှ လူနှစ်ယောက် ဆင်းလာကြသည်။

လှေကို ကမ်းနားရှိ ငုတ်တိုင်တစ်ခုတွင် ချည်လိုက်ပြီး လှေပေါ်မှ အထုပ်တွေကိုထမ်း၍ ရွာထဲသို့ ဝင်ရောက်လာကြသည်။ အသံတိတ်နေသောညကို ထိုလူနှစ်ယောက်၏ ခြေသံများက လှုပ်နှိုးလိုက်သည်။

ပထမဦးဆုံး ရွာထဲသို့ ဝင်လာသည်နှင့် ခွေးတစ်ကောင်၏ ဟောင်သံက ထိတ်လန့်စွာဖြင့် ပေါ်ထွက်လာသည်။ တစ်ရွာလုံး အိပ်မောကျနေချိန်မို့ ဘယ်သူမှ သတိပြုကြသည့်ပုံ မပေါ်ပါ။

တစ်ချိန်လုံး ဟောင်နေသောခွေးက ထိုလူနှစ်ယောက်အနား ရောက်လာသောအခါ အမြီးနန့်၍ ချက်ချင်းတိတ်ဆိတ်သွားသည်။

“အောင်နက်...ငါ့ကောင်ကြီး အချိန်မှန်လှချည်လားကွ...”

ထိုနှစ်ယောက်မှ တစ်ဦးကပြောလိုက်ခြင်းဖြစ်သည်။ ခွေး၏အမည်မှာ အောင်နက်ဖြစ်ပြီး ထိုလူနှစ်ယောက်၏ အချစ်တော်ခွေးပင်ဖြစ်သည်။ ထို့နောက် သူတို့အားလုံးသည် တိတ်ဆိတ်သော ခြေလှမ်းကိုယ်စီဖြင့် ညမှောင်မှောင်တွင် လမ်းလျှောက်ရင်း သူတို့နေထိုင်ရာ တဲအိုလေးဆီသို့ ဦးတည်လိုက်ကြတော့သည်။

(၂)

“သာဒင်ရေ... မနက်က အရီးမြင့် ငါးလာယူသွားပြီလား”

အောင်ဒင်က အိပ်ရာမှထလာပြီး အိမ်ရှေ့တွင် ပိုက်ဖာနေသော ညီဖြစ်သူ သာဒင်ကို လှမ်းမေးလိုက်သည်။

“လာယူသွားပြီအစ်ကိုရ၊ အရီးမြင့်က ဘယ်တုန်းကနောက်ကျဖူးလို့လဲ၊ အခုဆို သူငါးဈေးတောင် ရောက်နေလောက်ပြီ”

“အေးပါကွာ၊ ငါတို့လည်း အရီးမြင့်ပဲ အားကိုးနေရတာမလား၊ ငါမျက်နှာသစ်လိုက်ဦးမယ်၊ ဘာစားစရာရှိလဲ”

“ကျုပ်မနက်က ငါးဟင်းတစ်ခွက်ချက်ထားတယ်၊ ကျုပ်ကတော့ စားပြီးပြီ၊ အစ်ကိုပဲ စားလိုက်တော့”

“အေး... အေး”

(၃)

အောင်ဒင်နှင့် သာဒင်တို့ ညီအစ်ကိုနှစ်ယောက်မှာ သပြေတန်းရွာတွင် ငါးဖမ်းခြင်းဖြင့် အသက်ဝမ်းစာ ရှာကြသောသူဖြစ်သည်။ မိဘများကတော့ မရှိရှာကြတော့ပေ။ သူတို့ညီအစ်ကိုကို အများက တံငါညီနောင်လို့ ခေါ်ကြသည်။

တံငါအလုပ်လုပ်ကြပေမယ့် စိတ်ရင်းအလွန်ကောင်းကြသည်။ ရပ်ရေးရွာရေးတွင်လည်း အမြဲအားတက်သရော ကူညီတတ်ကြသည်။ ညနေစောင်းပြီဆိုလျှင် မြစ်ထဲတွင် ငါးဖမ်းထွက်ကြပြီး သန်းခေါင်ကျော်မှ ပြန်လာတတ်ကြသည်။ ဒါကလည်း နိစ္စဓူဝမြင်ကွင်းမို့ တစ်ရွာလုံးအတွက် မထူးဆန်းတော့ပေ။

သူတို့ဖမ်းမိသော ငါးများကို အခေါ်တော်စပ်သူ အရီးမြင့်က ဖောက်သည်ယူ၍ တစ်ဆင့်ပြန်လည်ရောင်းချကြသည်။ တစ်ညလုံး ငါးဖမ်းထားရ၍ မနက် နေမြင့်သည်ထိ အိပ်တတ်ကြသည်။

(၄)

“သာဒင်ရေ..ငါတို့ကောင်ကြီးရော မတွေ့ပါလား”

အောင်ဒင်က အိမ်ရှေ့ကွပ်ပျစ်တွင် ထမင်းကို ဇလုံဖြင့်စားနေရင်း လှမ်းမေးလိုက်သည်။

“ဟုတ်သား... အောင်နက်ကို ခုမှသတိထားမိတယ် ဘယ်များသွားပါလိမ့်”

သာဒင်က ပြောနေရင်းနှင့် အနီးဝန်းကျင်ကို လိုက်ရှာနေသည်။ ပါးစပ်မှလည်း “အောင်နက်ရေ အောင်နက်ရေ“ ဟု တတွင်တွင် ခေါ်နေသည်။

“မတွေ့ဘူး အစ်ကိုရေ ဒီကောင်ကြီး အရင်က အဲဒီလိုမဟုတ်ပါဘူး”

“အေးကွ..စဉ်းစားစရာပဲ”

“ဩော် ကျုပ်ခုမှ စဉ်းစားမိတယ်၊ အခုတော်သလင်းလဆိုတော့ ဒီကောင် မဟုတ်မှလွဲရော”

“ဟာကွာ ပေါက်ပေါက်ရှာရှာ၊ ငါ့ကောင်ကြီးက ငါတို့လိုပဲ လူပျိုလုပ်မှာကွ”

အောင်ဒင်၏စကားကြောင့် ညီဖြစ်သူ သာဒင်က သဘောကျနှစ်ခြိုက်စွာ ရယ်လိုက်သည်။

“ဟေ့ ညီအစ်ကိုနှစ်ယောက် ဘာတွေသဘောကျနေတာလဲကွ...”

ဘေးအိမ်မှ ဦးလေးဝင်းထိန်က သူတို့ညီအစ်ကိုကို လှမ်းမေးလိုက်သည်။

“ဘာမှမဟုတ်ပါဘူး ဦးလေးဝင်းထိန်ရာ၊ ဒါနဲ့ ကျွန်တော့် အောင်နက်ရော တွေ့မိသေးလားဗျ...”

အောင်ဒင် မေးလိုက်ခြင်းဖြစ်သည်။

“တွေ့ခဲ့ပ့ါ အောင်ဒင်ရာ”

“ဟင်... ဟုတ်လား... ဦးလေးဝင်းထိန် ဘယ်မှာလဲ”

“မင်းသိချင်ရင် ငါနဲ့အခုလိုက်ခဲ့ ငါပြမယ်“

“ဒါဆိုကျွန်တော်လည်း လိုက်ခဲ့မယ် အစ်ကို...”

“ဦးလေးဝင်းထိန် ကျွန်တော်ရောလိုက်လို့ရတယ်မလား”

“ရပ့ါကွာ”

ထို့နောက် သူတို့ညီအစ်ကိုနှစ်ယောက် ဦးလေးဝင်းထိန် ခေါ်ဆောင်ရာနောက်သို့ လိုက်ခဲ့ကြတော့သည်။

(၅)

ရွာဦးဘုန်းကြီးကျောင်းရှေ့ အရောက် ဦးလေးဝင်းထိန် လက်ညှိုးထိုးပြရာသို့ ကြည့်လိုက်ကြသောအခါ အံ့အားသင့်စရာမြင်ကွင်းကို မြင်တွေ့လိုက်ရသည်။

ဆရာတော်နှင့် ကိုရင်လေးများက အောင်နက်အပါအဝင် ရွာထဲကခွေးများကို အစာကျွေးနေကြသည်။

ခွေးများကလည်း သူ့အစာခွက်နှင့်သူ စားနေကြသည်။ တစ်ကောင်နှင့်တစ်ကောင် လုယက်ခြင်းမပြုကြပါ။

“ဩော်..အောင်နက်က ဒီကိုရောက်နေတာကိုး”

သာဒင်က နှုတ်ဖျားမှ ရေရွတ်လိုက်သည်။

“အေး... အောင်နက်အပါအဝင် ခွေးတွေ ဒီကို ဘာလို့ရောက်နေကြလဲသိလား”

ဦးလေးဝင်းထွန်း စကားကို ညီအစ်ကိုနှစ်ယောက်လုံး ပြိုင်တူခေါင်းခါလိုက်ကြသည်။

“အေး..ဒီနေ့ ဥပုသ်နေ့လေ...”

“ဘယ်လို..ခွေးတွေက ဥပုသ်နေ့ကို သိပ့ါမလားဗျာ”

အောင်ဒင်က အံ့အားသင့်စွာမေးလိုက်သည်။

“ဥပုသ်နေ့တော့ ဘယ်သိပ့ါမလဲကွာ၊ ဒါပေမယ့်ဥပုသ်နေ့ဆရာတော်သီလပေးတဲ့အသံကို သူတို့အသံချဲ့စက်ကနေ ကြားရတယ်လေ။ ဥပုသ်နေ့ဆို အလှူရှင်တွေရှိကြတော့ ဆရာတော်တွေ၊ ကိုရင်တွေနေ့ဆွမ်းစားပြီးရင် သူတို့တွေကို ကျွေးနေကျဆိုတော့ သူတို့ရဲ့အသိမှာ အသံချဲ့စက်ကအသံကိုကြားရတိုင်း ဘုန်းကြီးကျောင်းမှာ သူတို့အတွက် အစာကျွေးတော့မယ်ဆိုတာကို သိနေလို့ပေ့ါကွာ။ မင်းတို့ကသာ ဥပုသ်နေ့မှန်းမသိ ဘာနေ့မှန်းမသိ ဖြစ်နေတာလေ“

ဦးလေးဝင်းထိန်၏ စကားအဆုံးဝယ် သူတို့ညီအစ်ကို တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ခဏကြာ အောင်နက်က သူတို့အနားကိုရောက်လာပြီး သူတို့ခြေထောက်များကို သူ့ကိုယ်ဖြင့်တိုး၍ နှုတ်ဆက်တော့သည်။

ဦးလေးဝင်းထိန်ကတော့ သူတို့ကိုပြုံးပြုံးလေးကြည့်ရင်း အနားမှထွက်သွားတော့သည်။

“အစ်ကို”

“ဘာလဲ သာဒင်”

“ကျုပ်တို့ဒီနေ့တော့ ငါးဖမ်းနားရအောင်ဗျာ”

သာဒင် ဘာကိုဆိုလိုမှန်း အောင်ဒင်သိပါသည်။ တံငါအလုပ်လုပ်နေရသည်မှာ မကောင်းမှန်းသိပေမယ့် သူတို့လုပ်နေကြရသည်။ ဘာပဲဖြစ်ဖြစ် ဒီလိုဥပုသ်နေ့မျိုးတွင်တော့ ရှောင်ကြဉ်သွားဖို့ ဆုံးဖြတ်လိုက်သည်။ ထိုမှတစ်ဆင့် အတတ်နိုင်ဆုံး ကြိုးစား၍ တခြားအသက်မွေးဝမ်းကျောင်းတစ်ခုဖြင့် ရပ်တည်သွားကြရန် သူဆုံးဖြတ်လိုက်သည်။ ညီဖြစ်သူ သာဒင်လည်း လက်ခံမည်ဆိုတာ သူသိနေသည်။ ထို့ကြောင့် ညီဖြစ်သူကို ပြုံးရင်းဖြင့် ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် သူတို့ညီအစ်ကိုနှင့် ခွေးလေး အောင်နက်သည် သွက်လက်သောခြေလှမ်းများဖြင့် နေအိမ်သို့ ပြန်ခဲ့ကြတော့သည်။ သူတို့၏ စိတ်အစဉ်သည် ကြည်လင်ခြင်းပကတိဖြင့် တဒင်္ဂတော့ အေးချမ်းသွားခဲ့ရလေသည်။

## ပညာရဲရင့် ပွဲလယ်တင့်

ကလေးတွေ ပညာရေး
သချောတွေးလို့ ဆင်ခြင်ဖွယ်။
ကျောင်းနေအရွယ် စာသင်ရေး
အလေးထားမယ်။
နားလည်အောင် ရှင်းပြကွယ်
ဒီအရွယ် ဖော့ဖယောင်း။
မြတ်ဆရာ သင်ကာပေးမှ
ပညာရေးကောင်း။
ကလေးတွေ ပညာရေး
သချောတွေးလို့ ကောင်းဖို့ပြင်။
ဘွဲ့ရကာ ပညာမစစ်
မဖြစ်စေချင်။
ထူးချွန်သော ပညာရှင်
အနာဂတ်တွင် ပေါ်ပေါက်ရေး။
မြတ်ဆရာ မိနှင့်ဖ
သင်ပြလို့ပေး။
ကလေးတွေ ပညာရေး
သချောတွေးလို့ သင်ပေးလျှင်။
ပညာသာ မိနှင့်ဖ
သိကြစေချင်။
လူ့ဘဝ ပဒေသာပင်
ထာဝစဉ် ဆွတ်ချူသုံး။
ပညာသာ ပွဲလယ်တင့်
ဂုဏ်ဝင့်လို့ပြုံး။

အလင်းသစ်


## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

ဆောင်းပါး

# တန်ပြန်ယဉ်ကျေးမှု

■ အရှင်ပဏ္ဍိတ(ဆားလင်းကြီး)

သူတပါးမုန်၊ မကောင်းဖန်၊ ကိုယ်ဒဏ်ထိမည်သာ။
လေညာသို့မှု၊ လွှင့်သည်မြူ၊လွှင့်သူညှင်းဆဲရာ။
မသတ်ထိုက်သူ၊သတ်ခဲ့မှု၊သတ်သူသေသည်သာ။
မညှင်းထိုက်သူ၊ညှင်းဆဲမှု၊ညှင်းသူဆင်းရဲရာ။
သာလိယဇာတ်

(၁)

ယခုရက်ပိုင်းအတွင်း ရင်ထဲသို့ ထူးထူးခြားခြား ငြိတွယ်နေသည့် စကားလုံးတစ်ခုရှိသည်။ ထိုစကားစုမှာ "တန်ပြန်ယဉ်ကျေးမှု" ဖြစ်ပါ၏။

အဆိုပါ စကားစုကို ဆရာတာရာမင်းဝေ၏ ဝတ္ထုတို၌လည်းကောင်း၊ မကြာသေးခင်က နာခဲ့ရသော ဆရာတော်တစ်ပါး၏ ဩဝါဒမှလည်းကောင်း နာကြားစွဲငြိစေခဲ့ခြင်းဖြစ်ပါသည်။

မိမိပတ်ဝန်းကျင်မှလူတစ်ယောက်က ကိုယ့်ကို ဆဲဆိုလျှင် ပြန်၍ ဆဲဆိုခြင်း၊ ရိုက်နှက်ပုတ်ခတ်လျှင် ပြန်၍ ရိုက်နှက်ခြင်း စသော မကောင်းသော တန်ပြန်မှုများ။

ကိုယ့်ကို ထမင်းကျွေးသောသူကို ပြန်ကျွေးခြင်း၊ ကိုယ့်ကိုပြုံးပြသူကို ပြန်ပြုံးပြခြင်း၊ ကိုယ့်ကိုနှုတ်ဆက်သူကို ပြန်နှုတ်ဆက်ခြင်း စသော ကောင်းသောတန်ပြန်မှုများ။

တစ်နည်းအားဖြင့်ဆိုသော် မိမိအပေါ် ကောင်းသူကို ပြန်ကောင်းခြင်း၊ မကောင်းသူကို ပြန်မကောင်းခြင်းတို့ကို တန်ပြန်နိယာမဟု ဆရာတာရာမင်းဝေက ဖွင့်ဆိုပါသည်။

တကယ်တော့ တန်ပြန်နိယာမကို ကျင့်သုံးလျှင် လောကကြီးသည် မိမိအကျိုးစီးပွားကို ရှေ့တန်းတင်သော အတ္တလူ့အဖွဲ့အစည်းကြီး ဖြစ်ပါလိမ့်မည်။

အမှန်တကယ်မှာတော့ လူ့အဖွဲ့အစည်းတစ်ရပ်လုံး တိုးတက်ဖို့ဆိုသည်မှာ "ဘယ်သူဆိုးဆိုး၊ ကိုယ်ကောင်းဖို့ အဓိက"ဆိုသလိုမျိုး ကောင်းသော ကုသိုလ်ကံစေတနာကို ရှေးရှု၍ ပြုမူဆက်ဆံရပါမည်။ ကိုယ်က စေတနာမကောင်းလျှင် မကောင်းသည့်အကျိုးကျေးဇူးသည် မိမိထံသာ ပြန်လာပါလိမ့်မည်။

မကောင်းသည့်စိတ်ထား မထားဖို့၊ ကောင်းသည့်စိတ်ထား ထားတတ်ဖို့ ဒီတစ်ပတ် သားသားမီးမီးများကို ပြောဖြစ်သည်က သာလိယဇာတ်။

(၂)

မြတ်စွာဘုရားသည် ဒေဝဒတ်ကို အကြောင်းပြု၍ အတိတ်ဇာတ်ကိုဟောတော်မူလေသည်။ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း စိုးစံစဉ် ဘုရားလောင်းသည် တစ်ခုသောရွာ၌ ကလေးငယ်တစ်ဦးဖြစ်လေသည်။

ဒေဝဒတ်လောင်းသည် နယ်လှည့်ဆေးကုသသည့် ဆေးဆရာတစ်ဦး ဖြစ်လေသည်။ ထိုဆေးဆရာသည် တစ်နေ့၌ အရပ်တကာလှည့်လည်ရာ ဆေးကုသမည့်သူမရှိသဖြင့် စိတ်ညစ်နေ၏။

ဤသို့ဖြင့် ဘုရားလောင်းနေထိုင်သည့်ရွာသို့ ရောက်သည့်အခါ ရွာအစွန် သစ်ပင်ကြီးအောက်တွင် ကလေးများ ကစားနေသည်ကို တွေ့ရသည်။ အပင်ပေါ်သို့ မော့ကြည့်သည့်အခါ ခေါင်းပြူနေသည့် မြွေတစ်ကောင်ကို တွေ့ရာ ထိုမြွေကို အကြောင်းပြု၍ ဆေးကုမည်ဟု ကြံစည်လေသည်။

ဆေးသမားလည်း ကလေးတို့ကိုခေါ်ကာ "သစ်ပင်ပေါ်မှာ ငှက်ကလေးတစ်ကောင်ရှိတယ်၊ သွားဖမ်းကြ"လို့ လီဆယ်၍ ပြောလိုက်ရာ ဘုရားလောင်းကလေးငယ်သည် အဟုတ်မှတ်၍ သစ်ပင်ပေါ်သို့တက်ကာ မြွေကို ငှက်အမှတ်ဖြင့် ခေါင်းကို ကိုင်လိုက်လေသည်။

မြွေမှန်းသိသောအခါ ကြောက်လန့်စွာဖြင့် မြဲစွာကိုင်၍ လွှတ်ပစ်လိုက်ရာ ဆေးသမား၏ ကိုယ်ပေါ်သို့ ကျသွားလေသည်။ မြွေသည် ဆေးသမားကိုကိုက်လိုက်ရာ ဆေးသမား သေလေသည်။

(၃)

ပုထုဇဉ်လူသားများသည် ကံ၏ စီမံခြင်းကို ခံကြရသည်။ ကိုယ်က ကောင်းသည့်ကံကို ပြုလုပ်လျှင် ကောင်းသည့်အကျိုးများ ခံစားရမည်။

မကောင်းသည့် အကုသိုလ်စေတနာဖြင့် အလုပ်လုပ်လျှင် မကောင်းသည့်အကျိုးများ မိမိထံပြန်လာပါမည်။ မကောင်းတာလုပ်၍ ကောင်းကျိုးကို မျှော်လင့်၍မရပါ။ ဤသို့သော ကံတရား၏ စီမံမှုသိလျှင် ကောင်းသည့်စေတနာကံဖြင့် ပြုလုပ်ဖို့လိုပါသည်။ ထိုသို့သော စေတနာကောင်းဖြင့် အလုပ်လုပ်ရာတွင်လည်း သတိပြုစရာလေးများ ရှိပါသေးသည်။

မကြာသေးမီက ဆရာသမားတစ်ပါး၏ ဩဝါဒမှတစ်ဆင့် မစိုးရိမ်တိုက်တည်ဆရာတော် ဦးသူရိယ၏ ဩဝါဒလေးကို နာယူလိုက်ရပါသည်။ ဆရာတော်၏ ဩဝါဒမှာ အညမညလို မကျင့်နှင့် သဟဇာတလိုကျင့်ဟူ၏။

အညမညဆိုသည်မှာ မိမိအပေါ် ကျေးဇူးပြုသူကိုသာ ပြန်၍ ကျေးဇူးပြုပြီး မိမိအား ကျေးဇူးမပြုသူကို လှည့်မကြည့်ခြင်းဖြစ်ပါသည်။

ဆိုလိုသည်မှာ မိမိကို ထမင်းဖိတ်ကျွေးဖူးသူကို ပြန်၍ ကျွေးမည်။ မကျွေးဖူးသူကို လှည့်၍ပင် မကြည့်။ မိမိကို ကူညီသူသာ ပြန်ကူညီမည်။ မကူညီဖူးသူကို မကူညီ။

ဤအညမည သဘောသည် မိမိအကျိုးစီးပွားကို ရှေးရှုသည့် ပြုလုပ်ခြင်းမျိုးဖြစ်ပါသည်။

သဟဇာတသည် ထိုသို့မဟုတ်။ မိမိအပေါ် ကျေးဇူးပြုဖူးသူဖြစ်စေ၊ ကျေးဇူးမပြုဖူးသူဖြစ်စေ မိမိပတ်ဝန်းကျင်မှာ မြင်နေကြားနေရသည့် ဒုက္ခအခက်အခဲများကို ဘာမှ မမျှော်လင့်ဘဲ ကူညီခြင်းဖြစ်ပါသည်။

မိမိတို့လူ့အဖွဲ့အစည်းတွင် ကိုယ်ကျိုးစီးပွားကို မငဲ့ကွက်ဘဲ ကူညီတတ်သော သဟဇာတလို လူမျိုးများရှိမှသာ ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ ကောင်းမွန်သော ကုသိုလ်ကံစေတနာကို အရင်းခံ၍ သဟဇာတလို နှလုံးသွင်း၍ ကုသိုလ်တရားများ ပြုလုပ်နိုင်သူများ များများပေါ်လေ မိမိတို့ပတ်ဝန်းကျင် တိုးတက်လေ မဟုတ်ပါလား။

## စစ်မှန်သော အလှတရား

ရင်ဖုံးရင်စေ့ ရိုးယဉ်ယဉ်
မြန်မာမလေး ဝတ်ကာပင်။
ချိတ်လုံချည်ဆင် အသွင်တင့်
ဂုဏ်ကျက်သရေ တဝင့်ဝင့်။
သနပ်ခါးဖြင့် လိမ်းကာခြယ်
မွှေးထုံသင်းပျံ့ အေးမြတယ်။
ပိတုန်းရောင်သွယ် ကေသာဖျား
ညီညီညာညာ ထုံးဖွဲ့ထား။
ဂုဏ်ရွှေငွေများ သုမမင်
ရိုးသားမှုကို မြတ်နိုးကြင်။
အဝတ်အဆင် လုံခြုံနွေး
မြင်သူရင်တိုင်း ဘဝင်အေး။
မြန်မာ့ဂုဏ်ကိုဆောင်သူလေး။
လှတယ်လေ့ လှတယ်လေး။

မြတ်သောမေ

## လမ်းလျှောက်ကြပါစို့

ဆောင်းလရာသီ နံနက်ခင်း
အေးချမ်းလိုက်လေခြင်း။
ငွေရောင်မြူနှင်း ဖုံးလွှမ်းလာ
အရပ်ရှစ်မျက်နှာ။
ဝင်းပသာယာ အရုဏ်ဦး
မြင်ရစိတ်ကြည်နူး။
သံစုံတွန်ကျူး ငှက်လေးတွေ
အိပ်တန်းထကာနေ။
ထကြစို့လေ သူငယ်ချင်း
နေ့သစ်ရဲ့အလင်း။
နံနက်ခင်းလေး ဒီဇင်ဘာ
အေးချမ်းလို့သာယာ။
စောစောထကာ ကျန်းမာဖို့
လမ်းလျှောက်ကြပါစို့။

အရှင်ဝါယမ

# YBS ပေါ်က ဒယ်အိုးစာ

■ မောင်လှိုင်မိုရ်

ပွင့်သည်ဆိုရုံဖွင့်၍ ရုတ်ခြည်းပြန်မှိတ်သွားသည့် မျက်ဝန်းတစ်စုံ။ မသိမသာခိုးကြည့်လိုက်သည့် အကြည့်တစ်ချက်။ လျှပ်ပြက်သလိုအချိန်တွင်း၌ ယာဘက်ခုံတန်းပေါ်မှ တံတောင်ဆစ်က ကားအလှုပ်အယမ်းကို အခွင့်ကောင်းယူကာ အမျိုးသား၏ဝဲပခုံးစွန်းကို ခပ်ဆတ်ဆတ်လေးအတိုက်။ အဖြေကရှင်းသည်။ သူ ထမပေးလို၍ တစ်ဖက်လူကိုနှိုးလိုက်သည့်တံတောင်။ အပ်ကျမပ်ကျ မြင်လိုက်ရသည့် ထိုမြင်ကွင်းကြောင့် သူ့ရင်ထဲ အောင့်ခနဲခံစားလိုက်ရသည်။

ဒဂုံဈေးအဝေးပြေးဂိတ်မှ တာထွက်သည့် YBS က မီးခွက်ဈေးရောက်ရုံရှိသေး ထိုင်ခုံတို့ပြည့်နှင့်ပြီ။ ဆင်းရမည့်မှတ်တိုင်ဝေးလွန်းသည့် သူ့အဖို့က ခုံတစ်နေရာ ရ၍သာတော်တော့သည်။ နို့မဟုတ်လို့က ခုလိုကားကျပ်ပုံမျိုးနှင့် မလွယ်။ ခုံဆိုသော်လည်း ရဟန်း၊ သံဃာတော်များအတွက်သာ သတ်မှတ်ထားသည့်ခုံ။ မတတ်နိုင်၊ မလွဲသာမရှောင်သာ ထိုင်ရတော့သည်။ သံဃာတော် ကြွမလာမချင်း သက်သောင့်သက်သာ ထိုင်လိုက်သွားနိုင်မည်။ မသကာ ကြွလာမှ ထပေးလိုက်ရုံသာဟုတွေးကာ စိတ်ရှင်းရှင်းဖြင့် သူဝင်ထိုင်ဖြစ်သည်။ ယာဉ်မောင်း၏ ယာဘက်ခြမ်းမှာရှိသည့် ခုံသုံးခုံအနက် အလယ်ခုံ။ သူ့ဘယ်ဘက်ခုံမှာက အဘွားအိုတစ်ဦးရှိနေပြီး ညာဘက်၌ ခပ်ရွယ်ရွယ် အမျိုးသားတစ်ဦးက နေရာယူထားသည်။ ထိုအမျိုးသားက ဂိတ်အစမှ လိုက်ပါခဲ့ဟန်တူသည်။ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်နေပြီ။

ညောင်ပင်မှတ်တိုင်ရောက်တော့ ကားတစ်စီးလုံး ပြည့်ကျပ်ညပ်နေပြီ။ ခြေတစ်ချစာ၊ လက်တစ်ကိုင်စာ အတွက်ပင် မလွယ်ကူတော့။ ဤအခြေအနေမှာပင် ထိုအမျိုးသမီး ကားပေါ်တက်လာခြင်းဖြစ်သည်။ အသက်လေးဆယ်စွန်းစွန်းခန့်။ အနည်းငယ် ဝဖိုင့်သည့်ခန္ဓာကိုယ်။ အတန်ငယ်လေးပုံရသည့် ဆွဲခြင်းနှစ်လုံးက လက်တစ်ဖက်တစ်ချက်ဆီမှာ။ တွန်းကာ တိုက်ကာ၊ တိုးကာဝှေ့ကာနှင့် ဒယီးဒယိုင်တက်လာသည့်အဖြစ်က အတော့်ကို ကသီလင်တနိုင်လွန်းသည်။ မြင်ရသူအဖို့ လျစ်လျူရှု၍ ဘယ်လိုမှ မသင့်တော်သည့် အနေအထား။ ဒီတော့ သူ နေရာမှထကာ ကိုယ့်ထိုင်ခုံလေး ပေးထိုင်ဖြစ်သည်။

"ကျေးဇူးနော် "

လျှာဖျားမှလာသည့် သူ၏ ကျေးဇူးစကားက အသက်မပါသလိုခံစားရသည်။ အားတုံ့အားနာဟန် မတွေ့ရ။ မတတ်နိုင်။ သံဃာတော်တို့၊ သီလရှင် ဆရာကြီး ဆရာလေးတို့ ကြွလာလျှင်သာ လျော့လျော့ရှုရှု ထပေးနိုင်ပါစေကြောင်း ကျိတ်ဆုတောင်းရတော့သည်။ သံဃာတော်များအတွက်သာဟု စာတန်းကြီးပြူးပြဲကပ်ထားသော်လည်း ဆိုးရွားစွာ မမြင်ဟန်ဆောင်၍ ပေကပ်ထိုင်နေတတ်သည့် ခရီးသွား လူ့ဗာလအချို့ကို သူ ကြုံတွေ့ဖူးသည်မဟုတ်လား။

သည်အမျိုးသမီးကတော့ ဤသို့မဟုတ်တန်ကောင်းဟု သာသာထိုးထိုး ဖြေတွေးဖြစ်သည်။ တွေးပင်တွေးသော်ငြား စိတ်ကတော့တထင့်ထင့်။ ထင့်သောစိတ်နှင့်ပင် တစေ့တစောင်း အကဲခတ်မိလျက်သား.......။

ဆွဲခြင်းနှစ်လုံးကို ခုံအောက်ထိုးထည့်တာတွေ့သည်။ ခန္ဓာကိုယ်ကို ခုံတွင်အကျအန နေရာချတာ တွေ့သည်။ ဘုရင့်နောင်တံတားအဆင်းမှာ ဖူးတွေ့ရသည့် ရွှေစေတီလေးဆီ လက်အုပ်ချီအာရုံပြုတာတွေ့သည်။ နောက် လက်ကိုင်အိတ်ဖွင့်တာတွေ့သည်။ လက်တစ်ဝါးသာသာရှိ ပရိတ်ကြီး (၁၁)သုတ်စာအုပ်လေး ထုတ်တာတွေ့သည်။ ပြီးနောက် စာမျက်နှာတစ်နေရာသို့လှန်ကာ ရွတ်၊ ဖတ်၊ သရဇ္ဈာယ်ခြင်းအမှုကို ပြုတာတွေ့သည်။

သည်တော့မှ သူလည်းစိတ်နှလုံး တုံးတုံးချဖြစ်တော့သည်။ စောစောက ကြောင့်ကြပိုကာ သံသယဝင်မိသည်ကိုပင် ရှက်အားနာသလို ခံစားရသည်။ ကိုယ်ပေးထိုင်လိုက်သူက ကံကောင်းထောက်မစွာ ဘာသာရေးကိုင်းရှိုင်းသူတစ်ဦးဖြစ်နေခြင်းကြောင့် ဝမ်းမြောက်ကျေနပ်ရသည်။ ဒီနေ့အဖို့ ငွေတစ်ပြားသားမျှ မကုန်ပါဘဲ အလှူလေးတစ်ခုပြုဖြစ်ပြီဟု နှလုံးသွင်းကာ ပီတိသောမနဿတို့ ခံစားရပြန်သည်။

နောက် တိုးရင်း၊ တိုက်ရင်း၊ ရွေ့ရင်းဖြင့် သူလည်းခုံနှင့် ခပ်လှမ်းလှမ်းသို့ ရောက်သွားသည်။ ထိုအမျိုးသမီးကိုလည်း အမှုမဲ့အမှတ်မဲ့ ဖြစ်သွားတော့သည်။ YBS ကားကြီးကတော့ ဆင်းသူဆင်း တက်သူတက်ဖြင့် ကျပ်မြဲကျပ်ကာ ခရီးနှင်လျက်ပင်.......။

ဆင်မလိုက်ကျော်တော့ ထိုအမျိုးသမီးဆီ အမှတ်မထင် အကြည့်ရောက်သည်။ ဘယ်ညာလက်တန်းပေါ်သို့ လက်တစ်စုံကို ခပ်ကွေးကွေးတင်လျက်။ ရင်ဘတ်ပေါ်မှ စာအုပ်လေးကို လက်နှစ်ဖက်နှင့်ဖိလျက်။ နောက်မှီကို အားပြုကာ ပြေပြေလျှော့လျှော့ထိုင်လျက်။ မျက်စိစုံမှိတ်ကာ မလှုပ်မယှက် ငြိမ်သက်လျက်။ မဟုတ်မှလွဲရော ညာဘက်ခုံမှလူနှင့်အပြိုင် အိပ်ပျော်နေပြီထင်သည်။

မြေနီကုန်းမှတ်တိုင်၌ ခရီးသည်တော်တော်များများ ဆင်းသည်။ ကားက ချောင်စပြုပြီဆိုသော်လည်း ထိုင်ခုံလွတ်သည်ထိတော့ မချောင်သေး။ သူအပါအဝင် မိုးတိုးမတ်တတ်၊ တိုးလိုးတွဲလောင်းတွေ ရှိနေသေးသည်။ ထိုအချိန်မှာပင် ဆရာတော်တစ်ပါး ကြွလာခြင်းဖြစ်သည်။

ပထမတော့ ဆရာတော်က အိပ်နေသည့် နှစ်ဦးခုံရှေ့မှာ အတော်ကြာကြာလေးရပ်နေသေးသည်။ နောက်မှ ပခုံးမှာလွယ်ထားသည့် ဘေးလွယ်အိတ်ကို လျှောချကာ လက်မှာကိုင်လျက် အိပ်နေသူနှစ်ဦးကို လွယ်အိတ်နှင့် အသာအယာ ပွတ်တိုက်ဆွဲလိုက်သည်။ တစ်ဦးမနိုးတစ်ဦးနိုးဆိုပြီး နှိုးလိုက်ဟန်တူသည်။ တစ်ကြိမ်အိပ်လျှင် ၁၂ နှစ်ကြာမှ တစ်ခါနိုးသော ဒသဂီရိ၏ ညီလတ် ဝင်စားလေသလားထင်ရသည့် ဟိုအမျိုးသားကတော့ တုပ်တုပ်မျှ မလှုပ်။ သို့သော်.......။

အမျိုးသမီး၏ ပွင့်သည်ဆိုရုံဖွင့်၍ ရုတ်ခြည်းပြန်မှိတ်သွားသည့် မျက်ဝန်းတစ်စုံ။ မသိမသာခိုးကြည့်လိုက်သည့် အကြည့်တစ်ချက်။ လျှပ်ပြက်သလိုအချိန်အတွင်း၌ ယာဘက်ခုံတန်းပေါ်မှ တံတောင်ဆစ်က ကားအလှုပ်အယမ်းကို အခွင့်ကောင်းယူကာ အမျိုးသား၏ဝဲပခုံးစွန်းကို ခပ်ဆတ်ဆတ်လေးအတိုက်။ အဖြေကရှင်းသည်။ သူ ထမပေးလို၍ တစ်ဖက်လူကို နှိုးလိုက်သည့်တံတောင်။ အပ်ကျမပ်ကျ မြင်လိုက်ရသည်။ ထိုမြင်ကွင်းကြောင့် သူ့ရင်အောင့်ခနဲ ခံစားလိုက်ရသည်။

သူ့အဖြစ်က ဖွတ်ထွက်မှ တောင်ပို့မှန်းသိရသည့်အဖြစ်။ ကျောချမှ ဓားပြမှန်းသိရသည့်အဖြစ်။ အချိန်လွန်မှ အထင်နှင့် အမြင်ပါစင်အောင်လွဲပြီမှန်းသိရသည့် အဖြစ်။ ခုတော့ သွေးတောင့်လုမတတ်ရပ်ကာ ပြုခဲ့ရသည့်ကောင်းမှုကုသိုလ်လေးလည်း သဲထဲရေသွန်ဖြစ်ရပြီ။ ကိုယ့်ကာယိက ဒုက္ခကိုပင်မေ့ကာ ကြည်နူးမိသည့်ပီတိတွေလည်း ဘယ်ဝယ် ဘယ်ဆီရောက်ပြီမသိ၊ ကြက်ပျောက်ငှက်ပျောက် ပျောက်ပြီ။ ဗဟိဒ္ဓသွင်ပြင်ကို ကြည့်ကာ ဘာသာရေးကိုင်းရှိုင်းသူတစ်ယောက်ဟု အထင်ကြီး ကောက်ချက်ချခဲ့မိတာလည်း အမှားကြီးမှားမှန်း သိလိုက်ရတော့သည်။


ကိုယ်ကိုးကွယ်ရာ ဘာသာတရား၏ အထွတ်အမြတ်ထားရာ ရဟန်း၊ သံဃာကိုသော်မှ နေရာလေးတစ်နေရာပေးလှူဖို့ သဒ္ဓါတရားချို့တဲ့ရှာလေသည့် ထိုအမျိုးသမီးက.....။

ဖြစ်ရပ်မှန်လေးတစ်ခု။ ဘာသာရေးကိုခုတုံးလုပ်ကာ စီးပွားရှာနေကြသည့် အတုအယောင် အလှူခံလူလိမ်များ အကြောင်း။ ထိုထိုသော ပုဂ္ဂိုလ်များအား ယမမင်း၏ ဒယ်အိုး၌ ဒယ်အိုးစာမိကြမည့်သူများအဖြစ် ပုံဖော်ကာ ဝတ္ထုလေးတစ်ပုဒ် သူရေးခဲ့ဖူးသည်။

"ဒယ်အိုးစာ"ဟူသည့်ဝတ္ထု။

ခု....သူတွေ့နေရသည့် အမျိုးသမီးကရောတဲ့..။ ။

ဝတ္ထုတို



## နေဇင်–MDY

(၁)

“အော် အီး အီး အွတ်”

လင်းကြက်များပင်တွန်လေပြီ။ ညီသု တစ်ယောက်တစ်ညလုံး မအိပ်ရသေးပေ။ ပတ်ဝန်းကျင်ရဲ့ထိုးနှက်ချက်များ ပြင်းထန်စွာ ခံစားနေရသော လူငယ်လေးတစ်ယောက်အတွက် ယုံကြည်မှုဆိုသည်မှာ ဘာလဲမေးယူရမလိုဖြစ်နေသည်။

အခုဆို ဦးသော်ကောင်း ဆုံးသည်မှာလည်း တစ်နှစ်ပြည့်ပြီ။ ထိုအထူ ညီသုလည်း ပညာရေး တစ်ပိုင်းတစ်စနဲ့ ကျောင်းထွက်ခဲ့တာလည်း တစ်နှစ်ပြည့်လေပြီ။

အိမ်ကမိသားစုအားလုံး၏ စားဝတ်နေရေး မှစပြီး ကျန်းမာရေး၊ လူမှုရေးအားလုံးတို့မှာ ဦးသော်ကောင်းမရှိစဉ်ကစပြီး အစ်ကိုကြီး အဖအရာ ဆိုသည်ကြောင့် ညီသုဆီ တာဝန်အားလုံး ကျရောက်လာတော့သည်။ ညီသုအမေ ဒေါ်မြသက်မှာလည်း အိမ်အလုပ်များဖြစ်သော ထမင်းချက်၊ အဝတ်လျှော် စသည့်အပြင် ရပ်ကွက်ထဲတွင် အဝတ်လျှော်သည့်အလုပ်ပါ လုပ်ရတော့သည်။ ညီသုမှာ ညီတစ်ယောက်၊ ညီမတစ်ယောက်ရှိသည်။ ညီသု၏အောက်က သူ့ညီ လင်းထွဋ်ဖြစ်ပါသည်။ လင်းထွဋ်သည် အသက်ရှစ်နှစ်မပြည့်သေးသော နှစ်တန်းကျောင်းသားကလေးဖြစ်သည်။ လင်းထွဋ်က စာတော်သည်။

သူတို့၏ဖခင် ဦးသော်ကောင်းရှိစဉ်က ညီသုနှင့် လင်းထွဋ်နှစ်ယောက်စလုံး တစ်နှစ်တစ်ခါ ဆုတက်ယူနိုင်ကြသည်။ ဒီနှစ်တော့ ညီသုကျောင်းကထွက်ရသည်။ လင်းထွဋ်လည်း ဆုရသည့်တိုင် တက်မယူနိုင်ပေ။ အငယ်ဆုံးလေးဖြစ်သော မြသော်တာလေးမှာလည်း သုံးနှစ်သမီးလေးသာရှိသေးသည်။ မြသော်တာ၏ ညာဘက်လက်မောင်းတွင် ဘယ်သူနဲ့မှမတူသော အမည်းကွက် မြွေရေခွံပုံစံကြီးရှိသည်။ မွေးရာပါ အမှတ်အသားဖြစ်၍ မြသော်တာလေးကို လူအများက မြွေဝင်စားမလေးဟူ၍ပင်ပြောကြသည်။ ဤကား မြသော်တာလေး၏ ထူးခြားချက်ဖြစ်ပေသည်။

ညီသုတစ်ယောက် ကြုံရာကျပန်းအလုပ်များကိုလုပ်၏။ သူလုပ်သမျှအလုပ်တို့မှာလည်း မြဲသည်မရှိ။ အပေါင်းအသင်းဖျက်၍ အရက်၊ ဆေးလိပ်၊ ဘီယာ၊ ကွမ်းနှင့် ခေတ်ပေါ်မူးယစ်ဆေးဝါးမှန်သမျှ ညီသုနှင့်လွတ်သည်မရှိပေ။ တစ်စတစ်စနှင့် အပျက်ဘက်သို့ ရောက်လာခဲ့တာကလည်း မိခင်ဒေါ်မြသက်ပင် ထိန်းမရဖြစ်လာခဲ့သည်။

(၂)

“ညီသု မတွေ့တာကြာပြီနော်”

ကိုကျော်ညွန့်ဆိုသောသူမှ နှုတ်ဆက်လိုက်သည်။

“ညီသု မင်းငါတို့နဲ့ အလုပ်လိုက်လုပ်ပါလား။ မင်းကြည့်ရတာ ပင်ပန်းလွန်းတာကွာ။ ငါနဲ့ အလုပ်လိုက်လုပ်မယ်ဆိုရင် အခုလိုလည်း မပင်ပန်းဘူး။ မင်းအိမ်ကအကြွေးတွေလည်း အမြန်ကျေမယ်ကွာ။ မင်းအိမ်ကိုလည်း ထောက်ပံ့ပေးနိုင်မယ်။ မင်းလုပ်မယ်ဆိုရင် ငါ့သူဌေးကိုပြောပေးမယ်။”

ရပ်ကွက်ထဲတွင် သုံးနိုင်၊ ဖြုန်းနိုင်ပြီး ဘာအလုပ်ရယ်လို့ မယ်မယ်ရရ မသိရတဲ့ ကိုကျော်ညွန့်၏ စကားကြောင့် ညီသုတစ်ယောက်တွေဝေလျက် ဘာအလုပ်လဲဗျ ကိုကျော်ညွန့်ရ၊ ကျွန်တော်စဉ်းစားပါဦးမယ်ဗျာ။“

“အေးပါ စဉ်းစားပါ။ မင်းလုပ်ချင်တဲ့အခါ ကျရင်တော့ပြောပေါ့ကွာ။ အလုပ်ကတော့ မင်းလုပ်တဲ့အချိန်သိရမှာပေါ့။”

“ဟုတ်ကဲ့ အခုတော့ အိမ်ပြန်လိုက်အုံးမယ်ဗျာ။ နောက်ကျတွေ့တာပေါ့။”

စကားကိုအဆုံးသတ်လိုက်ကာ ညီသုတစ်ယောက် အိမ်သို့တန်းတန်းမတ်မတ်မပြန်ဘဲ အရက်ဆိုင်သို့ဝင်ပြီးမှ ပြန်လာခဲ့သည်။

အိမ်ရောက်သောအခါ မိခင်ဒေါ်မြသက်မှ ဆူပါတော့သည်။

“နင်ဟာလေ အမြဲမူးလာပြီးမှ အိမ်ပြန်လာတာပဲ။ အိမ်အတွက်လည်း ဘာမှအားမကိုးရ။ ဒီခွေးမသောက်တဲ့အရည်တွေလည်း နေ့တိုင်းသောက်တယ်။ ငါ စိတ်ညစ်လွန်းပါတယ် ညီသုရယ်။”

စိတ်အားညှိုးငယ်စွာဖြင့် ဒေါ်မြသက် ပါးစပ်မှတတွတ်တွတ် ပြောရင်းငိုနေလေသည်။ ဒေါ်မြသက်ပြောသောစကားများကိုအမူးလွန်နေသော ညီသုဘာမျှမသိဘဲ အိပ်ပျော်သွားသည်။

ညီသုအမေဒေါ်မြသက်သည် မနက်မိုးလင်းသည်နှင့်တစ်ပြိုင်တည်း အဝတ်လျှော်ဖို့ ခေါ်ထားသည့် အိမ်များရှိလျှင် ထမင်းဟင်းချက်ပြီး သမီးငယ်လေး မြသော်တာကို လက်ဆွဲပြီး သွားရရှာသည်။ အဝတ်လျှော်ရန် ခေါ်ထားတဲ့သူမရှိရင်တော့ အိမ်ကအဝတ်တွေလျှော်၊ သန့်ရှင်းရေးလုပ်သည်။ ကျောင်းသားဖြစ်တဲ့ လင်းထွဋ်ကတော့ ကျောင်းပိတ်ရက်ရောက်မှ မိခင်ဒေါ်မြသက်ကို ကူရှာပါသည်။

နောက်ပိုင်းတွင် သမီးလေးမြသော်တာလေးကို နယ်စပ်မြို့လေးတစ်မြို့က အသိသီလရှင်ကျောင်းကိုပို့လိုက်ရသည်။ အဲဒီကျောင်းမှာက စားဝတ်နေရေးအဆင်မပြေသူများ ခိုလှုံရာအတွက် ပရဟိတကျောင်းလေးတစ်ခုရှိသည်။ လူကြီးလူငယ်၊ အရွယ်မရွေး ဒုက္ခရောက်နေသူအားလုံးကို အနယ်နယ်အရပ်အရပ်က အလှူရှင်များ၏မေတ္တာဖြင့် ကျွေးမွေးစောင့်ရှောက်ထားသည်။ အတန်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာများကိုလည်း သင်ကြားပေးသည်။

ညီသုသည် နေ့ခင်းကြောင်တောင်ကြီး အိမ်ပြန်လာသောအခါ မိခင်ဒေါ်မြသက်က ဆီး၍ “ညီသု နင်အလုပ်ပြုတ်လာပြန်ပြီးမဟုတ်လား။”ဟု အကြောင်းသိသော ဒေါ်မြသက်က ညီသုအား ဆူလိုက်သည်။ ညီသုကလည်း ညီသုပေပဲ၊ အလုပ်မမြဲ။ အများနှင့်သင့်အောင် မနေတတ်ပေ။

ညီသု အမေဒေါ်မြသက်၏ မနားတမ်းသော ဆူပူကြိမ်းမောင်းသံတို့အား နားမခံသာသောကြောင့် အိမ်ကနေ လမ်းထိပ်ကအရက်ဆိုင်သို့ ထွက်လာခဲ့တော့သည်။

(၃)

“အမေ ကျွန်တော်ကိုကျော်ညွန့်နဲ့အလုပ် လိုက်ချင်တယ်။”

“ဘာအလုပ်မှန်း ရေရေရာရာမသိရတဲ့ လူတစ်ယောက်နဲ့ မလိုက်ပါနဲ့ ညီသုရယ်”

“သားကတော့ဆုံးဖြတ်ပြီးပြီး။ ဒီကိစ္စ သိကြားမင်းကြီးတားလို့တောင် ရမှာမဟုတ်လို့ အမေလည်း သားကိုမတားပါနဲ့။”

“ညီသု မင်းအိမ်မှာမရှိတော့ ငါက ကလေးနှစ်ယောက်နဲ့ ဘယ်လိုနေရမှာလဲ”ဟု မျက်ရည်ကလေး စမ်းတမ်းတမ်းနဲ့ ငိုသံပါသောအသံဖျော့လေးနဲ့ ပြောရှာသည်။ မြသော်တာလေးကို သီလရှင်ကျောင်း ပို့ထားသည်ဆိုသော်လည်း အမေတစ်ယောက်ဖြစ်၍ လူအားဖြင့် မပူသော်လည်း စိတ်အားဖြင့် ပူရသေးသည်။ လစဉ်လည်း တတ်နိုင်သလောက်အလှူငွေ ထည့်ဝင်သောကြောင့် လင်းထွဋ်တစ်ယောက်နဲ့ ဒေါ်မြသက်နှစ်ယောက်တည်းကျန်သည့်တိုင် ကလေးနှစ်ယောက်လုံးစာ ပူပင်ရသောကြောင့် ပြောခြင်းဖြစ်သည်။

“ဟာ အမေတို့ကလည်း။ ကိုကျော်ညွန့်နဲ့ အလုပ်လိုက်လုပ်ရင် သားတို့အကြွေးတွေသူက ဆပ်ပေးမှာတဲ့ အမေရ။ အမေသားကိုတားဖို့ မကြိုးစားပါနဲ့။ သားကတော့ လိုက်သွားမှာပဲ။”

ဒေါ်မြသက် မျက်ရည်ကျရုံကလွဲ၍ ဘာမှ မတတ်နိုင်တော့ပေ။

ကိုကျော်ညွန့်သည် ညီသုတို့အိမ်ရှေ့ထိ ကားနဲ့လာခေါ်သည်။ ညီသုလည်း အမေနှင့် လင်းထွဋ်ကိုနှုတ်ဆက်ကာ ထွက်ခဲ့တော့သည်။ ဒေါ်မြသက်မှာတော့ ရင်မောစွာ ရပ်ကြည့်နေရုံမှတစ်ပါး ဘာမျှမတတ်နိုင်တော့ပေ။ ညီသုသည် ပထမအစပိုင်းတွင် အိမ်ကို တစ်လတစ်ခါ၊ နှစ်လတစ်ခါ ငါးသိန်းခြောက်သိန်းပို့လေသည်။ အိမ်ကိုတော့ ပြန်မလာပေ။ လူကြုံနှင့်သာစာပို့သည်။ အလုပ်လုပ်ရတာ အဆင်ပြေကြောင်း၊ တရုတ်ပြည်နှင့်ယိုးဒယားဘက်သို့ ခရီးထွက်ရကြောင်း စာ၌ရေးထားသော်လည်း ဘာအလုပ်လုပ်သည်ကိုတော့ အတိအကျပြောမပြထားပေ။ အရောင်းအဝယ်လုပ်ရသည်ဟုသာ သိရသည်။ နောက်ပိုင်း ညီသုသည် စာလည်းမလာ၊ လူလည်းမရောက်၊ ငွေလည်းမပို့ဖြစ်ကာ အိမ်နှင့်လုံးဝအဆက်အသွယ်ပြတ်သွားလေတော့သည်။

ထိုအချိန်မှစ၍ ဒေါ်မြသက်သည် ညီသုကို စိတ်နာကာ အငယ်ဆုံးလေးဖြစ်သော မြသော်တာလေးကို ညီသုအကြောင်းလည်း ပါးစပ်မဟာခဲ့ပေ။ လင်းထွဋ်ကိုလည်း မင်းအစ်ကို ညီသု ရန်ဖြစ်ရာက ဓားထိုးခံရပြီး သေပြီလို့သာ ပြောပြထားလိုက်လေတော့သည်။

(၄)

ညီသု၏ညီ လင်းထွဋ်သည် ဆယ်တန်းကို ဂုဏ်ထူးသုံးဘာသာဖြင့်အောင်၍ ရဲဗိုလ်သင်တန်း၊ စုံထောက်သင်တန်း အက်စ်ပီလ်ကိုတတ်ကာ လူကုန်ကူးမှုတိုက်ဖျက်ရေး အထူးပြုသင်တန်းတွင် တက်ရောက်ခဲ့သည်။

ညီသုနှင့် လင်းထွဋ်တို့၏ တစ်ဦးတည်းသော ညီမလေးမြသော်တာကိုတော့ ဒေါ်မြသက်သည် စီပွားရေးပြေလည်သည့်တိုင် ပြန်မခေါ်သေးပေ။ အဘယ်ကြောင့်ဆိုသော် ခေတ်၏ဆုတ်ယုတ်မှုသည် အမျိုးသမီးများအတွက် အန္တရာယ်တစ်ကောင်လို ဖြစ်နေခြင်းကြောင့် ဖြစ်ပေသည်။

ယဉ်ကျေးမှုကို အဓိကထားသည်က တစ်ကြောင်း၊ စည်းကမ်းကြီးသည့် သီလရှင်ကျောင်းဖြစ်သည်ကတစ်ကြောင်း။ ထိုသို့အကြောင်း အမျိုးမျိုးကြောင့် ပြန်မခေါ်ဖြစ်တာဖြစ်သည်။ တစ်လတစ်ခါတော့ အလှူငွေကတော့မပြတ်လှူမြဲဖြစ်ပါသည်။

မြသော်တာလေးသည် အပျိုပေါက်အရွယ်ပင် ရောက်လာခဲ့ပါပြီ။ သူ့အစ်ကို လင်းထွဋ်သည်လည်း လူကုန်ကူးမှုတိုက်ဖျက်ရေးအရာရှိတစ်ယောက်ဖြစ်ခဲ့ပါပြီ။ မြသော်တာသည် မောင်ဝေလွှင်ဆိုသော လူရွယ်တစ်ယောက်နှင့် ချစ်ကြိုက်မိလေသည်။

“မြ ကိုယ့်ကိုချစ်ရင်လေ ကိုနဲ့တစ်ခါတည်း လိုက်ခဲ့ပါတော့နော်။ ကိုလေ…မြကို မခွဲနိုင်တော့ဘူး။ မြ ကိုယ့်ကိုချစ်ရင် လိုက်ရမယ်ကွာ။ ကိုယ့်အတွက် ဒါလေးတောင်မစွန့်စားရဲဘူးလား”

“ကိုရယ် အထင်မလွဲပါနဲ့။ မြမှာ ကိုတစ်ယောက်ကိုပဲ တစ်မျက်နှာ တစ်ကမ္ဘာထင်သူပါ။ ဒါပေမယ့်။”

“မြမလိုက်ရဲဘူးပြောမှာမလား မြ… ကိုနဲ့ မလိုက်ရင် နောက်ကိုယ်တို့ထပ်တွေ့ရဖို့ မသေချာဘူးနော်”

အချစ်နှင့် အချစ်ရဲ့စွမ်းပကားတို့သည် မည်သည့်အရာကမှ တားဆီးမရနိုင်သော အရာများဖြစ်သည့်အတိုင်း နောက်ဆုံးတွင် မြသော်တာသည် မောင်ဝေလွှင်နှင့် ခိုးရာလိုက်ခဲ့ပါတော့သည်။

(၅)

မြသော်တာ သူ့ချစ်သူ ဝေလွှင်နဲ့ ခိုးရာလိုက်သွားတော့ မိခင်ဒေါ်မြသက်သည် သမီး၏ စိတ်နဲ့ပဲ အိပ်ရာထဲလဲလေတော့သည်။ ထိုစိတ်နဲ့ပင် မအိပ်နိုင်၊ မစားနိုင်ဖြစ်ကာ ကွယ်လွန်ရှာလေတော့သည်။ မြသော်တာသည် လင်းထွဋ်အပြင် နောက်ထပ်အစ်ကိုရင်းတစ်ယောက် ဤလောကကြီးမှာ ရှိသည်ကိုတော့ မသိခဲ့ရတော့ပေ။ တစ်ခုသောညတွင် ဝေလွှင်သည် ရေးကြီးသုတ်ပျာစွာ ခြေလှမ်းတို့ဖြင့်လာလျက် “မိန်းမ။ မြ…ရေ။ မြ…လေးရေ”ဟု အိမ်ပေါက်ဝက အော်သံကြောင့် မြသော်တာသည် “ကိုရယ် မြရှိပါတယ်။ ဘာဖြစ်လို့ ရေးကြီးသုတ်ပျာ ဖြစ်ရသလဲ။ အိမ်ထဲရောက်မှ အေးအေးဆေးဆေး ပြောလည်းရတယ်ဟာ”

“မဟုတ်ဘူး…မြရဲ့။ အရေးကြီးတယ်။ ကိုတို့ဒီနေ့ညပဲ ခရီးထွက်ရမယ်။ ကိုယ့်ဆရာ ကိုမြတ်မင်းက အရေးတကြီးလှမ်းခေါ်နေလို့ မြ ပါလိုက်ခဲ့ရမယ်”

(၆)

မြသော်တာတို့သည် မနေ့ညက ထွက်ခဲ့သောကြောင့် မနက်ရှစ်နာရီအချိန်တွင် တစ်ဖက်နိုင်ငံသို့ ရောက်ခဲ့လေသည်။

“ဆရာ….ဒါ ကျွန်တော့မိန်းမပါ”

“အချောလေးပါလား…။ ဒါမျိုးဆို ပေါက်ဖော်ကြီးတို့က တော်တော်သဘောကျမှာကွ”

“ကျွန်တော်ပြောထားတဲ့ ဈေးအတိုင်းပဲနော် “

“ရ,ရစေပေ့ါမယ်ကွာ။ ဒါမျိုးဆိုဈေးမဆစ်ပါဘူးဟ”

မြသော်တာ ညှော့ခန်း၌ထိုင်နေရာမှ အပြင်ဘက်ခဏထွက်နေစဉ် ဝေလွှင်နှင့် ကိုမြတ်မင်းတို့ ပြောနေခြင်းဖြစ်သည်။ ခဏအကြာတွင် ဝေလွှင်သည် မြသော်တာ၏ဘေးကို ရောက်လာကာ “မြ…ကိုမြို့ထဲခဏ အလုပ်ကိစ္စသွားစရာရှိလို့ ဒီမှာခဏနေခဲ့နော်”

“ကိုကဘယ်သွားမှာလဲ။ မြရော…လိုက်လို့မရဘူးလား။”

“မရလို့ပါ… မြကလေးရဲ့။ ခဏလေး နော်”

“အင်းပါ။ ဒါဆိုလည်း မြန်မြန်ပြန်လာနော်။ ကြာမနေနဲ့နော်”

“အင်းပါ မိန်းမရဲ့။ ဒါဆို ကိုသွားပြီနော်။”

“ဟုတ်ကဲ့ အစ်ကို”

မြသော်တာခေါင်းလေးကို အသာပုတ်ပြီး ဝေလွှင်သည် ထိုနေရာမှ ထွက်ခွာသွားလေသည်။

လင်းထွဋ်ခေါင်းဆောင်သော ရဲတပ်ဖွဲ့သည် သတင်းအရ ကိုမြတ်မင်းတို့အိမ်ကို စုံစမ်းပြီး ဝင်ရောက်ဖမ်းဆီးရန် ပြင်ဆင်နေလေသည်။ မြသော်တာသည် ဝေလွှင်၏ဆရာ ကိုမြတ်မင်း စီစဉ်ပေးသောအခန်းတွင် ရေမိုးချိုး၊ အဝတ်အစားလဲကာ ခရီးပင်ပန်း၍ လှဲတော့မည်အပြုတွင် ကိုမြတ်မင်းသည် အခန်းအတွင်းသို့ ရေးကြီးသုတ်ပျာ ဝင်လာခဲ့လေသည်။

“ဆရာ …ဘာကိစ္စရှိလို့လဲ” ဟု ထိတ်လန့်ပျာယာပြီး ထရန်အပြင် ကိုမြတ်မင်းသည် မြသော်တာအား အိပ်ရာပေါ် စောင့်တွန်းလိုက်လေသည်။ မြသော်တာ အိပ်ရာပေါ်သို့ လဲကျသွားခဲ့လေသည်။ ထိုနောက်တွင် ကိုမြတ်မင်းသည် တဏှာရမ္မက် အခိုးငွေ့ပြည့်နှက်နေသည့် မျက်လုံးများဖြင့် မြသော်တာအား ကြည့်နေသည်။

ထိုနောက် ရုန်းရင်းဆန်ခတ်ဖြစ်သည်။

တစ်ခါတွင် မြသော်တာ၏ ညာဘက်လက်မောင်းက အင်္ကျီစအားဆွဲမိရာမှ “ဟာ ညီမလေး….ညီမလေး”ဟူ၍လည်း စိတ်က အကြိမ်ကြိမ်မြည်တမ်းနေတော့သည်။ စိတ်မှာ တင်မကပါ ထက်သန်လှသော စိတ်တို့သည် ပေါက်ကွဲ၍ ပါးစပ်မှပင် “ညီမလေး”ဟု ထွက်လာလေတော့သည်။ မြသော်တာပင် အချိန်တိုတိုအတွင်း အဖြစ်ပျက်များကို အံ့ဩနေလေတော့သည်။ ခုနကပဲ မိမိ အားကြံစည်ဖို့လုပ်နေသော လူတစ်ယောက်သည် လက်မောင်းက အမှတ်အသားကို မြင်ရတဲ့အချိန်မှာ ပြောင်းလဲသွားသည်ကို အံ့ဩမဆုံးရှိနေလေသည်။ ထိုအခိုက်တွင် ကျယ်လောင်စူးရှသော အသံကြီးပေါ်လာလေသည်။

“ဒိုင်း”

သေနတ်ပစ်သံနှင့်အတူ ဩဇာရှိလှသော အသံသည်လည်း ကပ်၍ပါလာလေသည်။

“ဦးမြတ်မင်း.. လက်နက်ချပြီးအဖမ်းခံပါ။ ခင်ဗျားအိမ်ကို ကျွန်တော်တို့ပြည်သူ့ရဲတပ်ဖွဲ့တွေဝိုင်းထားပြီးပါပြီ။ ပြေးဖို့လည်း မကြိုးစားပါနဲ့။”

အမိန့်ပေးနေသော လင်းထွဋ်၏အသံသည် ထွက်ပေါ်လာခဲ့ပါသည်။ ဦးမြတ်မင်းအား အချိန်မီ ဖမ်းဆီးနိုင်ခဲ့သည်။

မြသော်တာကိုလည်း အချိန်မီ ကယ်တင်နိုင်ခဲ့သည်။

လင်းထွဋ်နှင့် မြသော်တာတို့သည် ဦးမြတ်မင်းကို စက်ဆုပ်ရွံရှာနေသော အကြည့်ဖြင့် ကြည့်နေကြသည်။ လင်းထွဋ်သည် သူတို့အစ်ကိုကြီး ညီသုကို မျက်ဝါးထင်ထင် မြင်ရသည့်တိုင် မမှတ်မိပေ။ မိခင်ဒေါ်မြသက်ကလည်း ညီသုသေပြီလို့ ပြောထားသည် မဟုတ်လား။ ညီသုကတော့ သူ့ညီလေးနှင့် ညီမလေးနှစ်ယောက်စလုံးကို မျက်ဝါးထင်ထင် အရှင်လတ်လတ် သိနေ မြင်နေရသော်လည်း “ညီးလေးနဲ့ ညီမလေးရေ။ မင်းတို့ရဲ့အရှေ့က ဒီလူယုတ်မာကြီး မြတ်မင်းဟာ မင်းတို့ရဲ့ အစ်ကိုကြီး ညီသုပါ”လို့ စိတ်ထဲမှ အကြိမ်ကြိမ် ပြောနေရင်း …..

**အေးချမ်းကြပါစေ။**

ဆောင်းပါး

■ မှော်ဝန်းသီဟ

# နားထောင်တတ်သူဖြစ်ရန်လိုသည်

နားထောင်ခြင်းဟူသည် အသံနှင့်ပတ်သက်သည့် အကြောင်းအရာဖြစ်သည်။ နားနှင့်ပတ်သက်သော လုပ်ငန်းလည်း ဖြစ်သည်။ အကြားအာရုံကိုအသုံးပြု၍ ကြားရသည့် အသံကိုနားထောင်ကာ နာယူမှတ်သားတတ်ခြင်း၊ နားလည်ခြင်းတို့သည် နားထောင်ခြင်းစွမ်းရည်ဖြစ်သည်။ ထို့ကြောင့် နားထောင်ခြင်းသည် ခံယူမှုစွမ်းရည်ပင် ဖြစ်သည်။

"ဘဝဆိုတဲ့ တက္ကသိုလ်ကျောင်းတော်ကြီးမှာ လူသားတွေဟာ ထာဝရကျောင်းတော်သားတွေ၊ ကျောင်းတော်သူတွေချည်းပဲ"ဟု အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့ဖူးသည်။

ထိုဘဝတက္ကသိုလ်ကျောင်းတော်ကြီးတွင် ပညာရှာမှီးရာ၌ "ပညာရှာရာ ဘာမခက်၊ ကျင့်ပါ ဤရှစ်ချက်" ဆိုသည့်အတိုင်း "သုနေယျ- ကြားနာရာ၏၊ စိန္တေယျ- ကြံစည်ရာ၏၊ ပုစ္ဆေယျ- မေးမြန်းရာ၏၊ ဘာသေယျ- ပြောဆိုရာ၏၊ ဝိစာရေယျ- စူးစမ်းရာ၏၊ လိခေယျ- ရေးသားရာ၏၊ သိက္ခေယျ- လေ့ကျင့်ရာ၏၊ ဓာရေယျ- အာဂုံဆောင်ရာ၏" တို့ကို နေ့စဉ်လက်ကိုင်ထား ကျင့်သုံးသင့်သည်။ ထို့ကြောင့်လည်း အင်းဝခေတ် ရဟန်းစာဆိုတော်ကြီး ရှင်မဟာရဋ္ဌသာရက "သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင် နေ့တိုင်းဆင်လော့"ဟု ရေးစပ်သတိပေးထားခဲ့ခြင်းဖြစ်သည်။

ထိုအချက်ရှစ်ချက်အနက် သုနေယျကို ဦးစွာပထမ ဖော်ပြထားသဖြင့် ပညာရကြောင်း နည်းလမ်းများတွင် နားထောင်ခြင်းသည် အခြေခံအကျဆုံးနှင့် အရေးအပါဆုံးဖြစ်သည်။

လူသားတို့သည် လူ့ဘဝတစ်လျှောက်၌ စကားတို့ကို အများအပြား ပြောဖြစ်ကြသကဲ့သို့ အများအပြားလည်း နားထောင်နေကြရသည်။ သို့ရာတွင် လူအများစုသည် မိမိကသာပြောဆိုလိုကြပြီး သူတစ်ပါးစကားကို နားထောင်ရန် ဝန်လေးတတ်ကြသည်။ လူသားတို့ကို ပိုမိုနားထောင်တတ်စေရန် သဘာဝတရားကြီးက လူသားတို့၌ ပါးစပ်တစ်ပေါက်နှင့် နားနှစ်ဖက်ပါရှိစေခြင်းကို မေ့လျော့နေတတ်ကြသည်။

နားထောင်ခြင်းသည် "ကြားရအောင် အားထုတ်သည်"ဟုဆိုရာတွင် ကြားရရုံနှင့်မပြီးပေ။ ထိုကြားထားသော အကြောင်းအရာကို စွဲမှတ်ထင်ကျန်လျက် အလိုရှိတိုင်း အသုံးချနိုင်ရန်လည်း တစ်ပြိုင်နက် အာရုံစူးစိုက်ကာ မှတ်သားကြရမည်ဖြစ်သည်။ ထို့ပြင် ကြားနာမှတ်သားထားသော ထိုအကြောင်းအရာတို့မှ လိုက်နာကျင့်သုံးဖွယ်တို့ကိုလည်း လိုက်နာဆောင်ရွက်မှသာလျှင် နားထောင်ရကျိုး၊ မှတ်သားရကျိုး နပ်ပေလိမ့်မည်။

နားထောင်ရာတွင်လည်း မိမိအား ပြောပြနေသူကို အာရုံစိုက်ကြည့်ရှုပြီး ထိုသူပြောသမျှ စကားလုံးများကို အမိအရဖမ်းကာ နားထောင်နိုင်လျှင် ပြောသမျှစကားလုံး အားလုံးနီးပါးသည် မိမိဦးနှောက်ထဲသို့ လွယ်လင့်တကူရောက်ရှိနိုင်သည်။ စိတ်ဝင်တစားနှင့် အာရုံစူးစိုက်နားထောင်သည့်အတွက် အချက်အလက်အစီအစဉ်များနှင့်တကွ အသေးစိတ်အချက်အလက်များကိုပါ မှတ်မိနိုင်ပေသည်။

ထို့ပြင် နားထောင်ပေးခြင်းသည် လူနှစ်ဦးကြား ယုံကြည်မှုကိုလည်း တည်ဆောက်နိုင်ပါသည်။ ယုံကြည်မှုဆိုသည်မှာ ဆက်ဆံရေးကောင်းမွန်စေခြင်း၏ အဓိကသော့ချက်ဖြစ်သည်။ ဆက်ဆံရေးကောင်းမွန်ခြင်းကလည်း အောင်မြင်မှု၏ သော့ချက်ပင်ဖြစ်သည်။

> **နားထောင်ခြင်းသည် လူမှုဆက်ဆံရေးနယ်ပယ်အတွက် အကျိုးရှိသကဲ့သို့ ကောင်းသောစကားကို ပြောသူတို့၏ ဖြတ်သန်းလာခဲ့ရသည့် ဘဝအတွေ့အကြုံများကိုလည်း နားထောင်ခြင်းဖြင့်ပင် အပြည့်အဝ သင်ယူရရှိစေနိုင်သည်။ အသိပညာ၊ ဗဟုသုတများ၊ ပြဿနာဖြေရှင်းနည်းများကိုလည်း နားထောင်ခြင်းမှ ရရှိစေနိုင်**

လူတစ်ယောက်၏ ပြောစကားကို အသေအချာ နားထောင်ပေးခြင်းသည် ထိုသူအပေါ် လေးစားကြောင်း၊ ယုံကြည်ကြောင်း စသည့်အချက်များကို နှုတ်မှဖွင့်မပြောဘဲ သိသာစေပါသည်။

နားထောင်ခြင်းသည် မိမိလိုချင်သော သတင်းအချက်အလက်များကို ရနိုင်ရုံသာမက မိမိပြောဆိုမှုများကိုလည်း ထိုသူမှ အပြန်အလှန်အားဖြင့် နားလည်လက်ခံပေးနိုင်မည်လည်း ဖြစ်ပါသည်။

နားထောင်ခြင်းသည် လူမှုဆက်ဆံရေးနယ်ပယ်အတွက် အကျိုးရှိသကဲ့သို့ ကောင်းသောစကားကို ပြောသူတို့၏ ဖြတ်သန်းလာခဲ့ရသည့် ဘဝအတွေ့အကြုံများကိုလည်း နားထောင်ခြင်းဖြင့်ပင် အပြည့်အဝ သင်ယူရရှိစေနိုင်သည်။ အသိပညာ၊ ဗဟုသုတများ၊ ပြဿနာဖြေရှင်းနည်းများကိုလည်း နားထောင်ခြင်းမှ ရရှိစေနိုင်ပါသည်။

နားထောင်လိုသော၊ ခံယူလိုသော စိတ်အခံရှိပါသော်လည်း ပြောသူမရှိလျှင်လည်း အကျိုးမဖြစ်ထွန်းနိုင်ပါ။ ပုံပြင်ရာဇဝင်ထဲမှ မောင်ပေါက်ကျိုင်းကဲ့သို့ပင် "မေးပါများ စကားရ" ဆိုသည့်အတိုင်း မိမိသိချင်သော အကြောင်းအရာ၊ အချက်အလက်များကို ပြောပြနိုင်သူများအား မေးမြန်းပါ။ သိလိုသည်များကို ပြောပြနေသူ၏ စကားများကို နားထောင်ပါ၊ နာယူပါ၊ မှတ်သားထားကြရမည် ဖြစ်သည်။ ထို့နောက် လိုအပ်သည့်အချိန်တွင် ပြန်လည်အသုံးချကြရမည်ဖြစ်သည်။

နားထောင်ခြင်းအလေ့အထ ရင့်သန်လာပါက တစ်ဖက်သား၏ စကားသည် သဘာဝကျ၊ မကျ၊ ကျိုးကြောင်းညီညွတ်မှု ရှိ၊ မရှိ ခွဲခြမ်းဝေဖန်နိုင်သော အစွမ်းကိုလည်း ရရှိစေနိုင်သည်။

လူမှုဘဝ၌ နေ့စဉ်နှင့်အမျှ နားထောင်နေရသော ဗုဒ္ဓစကား၊ ဓမ္မစကား၊ ပညာရှိစကား၊ စာပေစကား၊ ရုပ်သံရွာသံစကား၊ လူထုကြားကစကား၊ မီဒီယာစကားသံများ စသည့် စကားအများအပြားမှ လိုရာရွေးနုတ် သည်းခြေထုတ်ကာ အကျိုးရှိအောင် အသုံးချကြရမည် ဖြစ်သည်။

သာမန်အားဖြင့် အရေးမကြီးပါဟု ထင်ရသည့် နားထောင်ခြင်း အလေ့အကျင့်ကောင်းသည် နေ့စဉ်လုပ်ငန်းများ၊ ဘဝရပ်တည် အောင်မြင်ရေးလုပ်ငန်းများကို တိုးတက်စေနိုင်သည့်အတွက် နားထောင်တတ်သူများဖြစ်အောင် ကြိုးပမ်းနေထိုင်ကြပါဟု တိုက်တွန်းရေးသားအပ်ပါသည်။

# အကြောက်တရားနှင့် ယုံကြည်ချက်

■ ပန်းရင့်နွယ်

ပြီးခဲ့သည့်လတွင် အခြေခံပညာကျောင်းများ၌ မြန်မာစာ၊ အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲများ ကျင်းပကြသည့် လဖြစ်သည်။ ကျောင်းများမှ ပါဝင်ယှဉ်ပြိုင်ရန် အတန်းတစ်တန်းလျှင် ယောကျ်ားလေးတစ်ယောက်၊ မိန်းကလေးတစ်ယောက် ရွေးပေးရသည်။ ကျွန်မသည် အင်္ဂလိပ်စာဘာသာပြတစ်ယောက်ဖြစ်သည့်အတွက် ယှဉ်ပြိုင်မည့်သူကို ရွေးရသည်။ ဆရာတိုင်းသည် မိမိတပည့်တစ်ယောက်ချင်းစီတိုင်း၏ အရည်အချင်းကို သိထားကြသည့်အတိုင်း ပြိုင်ပွဲနှင့်သင့်တော်မည့်သူ၊ စင်မကြောက်သူ၊ ပြောရဲဆိုရဲရှိသူကို အသေအချာ အကဲဖြတ်ရွေးရလေသည်။ ကျွန်မရွေးလိုက်သော တပည့်နှစ်ယောက်ကိုလည်း ထိုအချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ သိစေရန် မေးရသည်။ ကျွန်မကလည်း ပြိုင်ပွဲ၏ လုပ်ထုံးလုပ်နည်းများ၊ ထုံးစံများကို ပြောပြသည်။ ရေးဖြေအောင်၍ စင်ပေါ်တွင် ကျပန်းပြောရမည့်အခါ လိုအပ်သည့် ကိုယ်ဟန်အနေအထား၊ လေယူလေသိမ်း၊ မျက်နှာအမူအရာတို့ကို ပြောပြသည်။ ပြောပြ၍အပြီးတွင် မိန်းကလေးဖြစ်သူက မျက်နှာအပျက်ပျက်နှင့် ပြောသည်။ စာလုံးရေ မည်မျှပင်များသော်လည်း ကျက်နိုင်ကြောင်း၊ ရေးဖြေအောင်၍ စင်ပေါ်တက်၍ ကျပန်းပြောရန်ကိုမူ ကြောက်သည်ဟု ဆိုသည်။ ထိုအလုပ်ကို သူလုပ်နိုင်မည်မဟုတ်ဟုလည်း ဆိုသည်။ အမျိုးမျိုး အားပေးဖျောင်းဖျ ပြောဆိုသော်လည်း တွင်တွင်ငြင်းလေသည်။ မျက်ရည်များပင် ကျလာတော့သည်။ ပြိုင်ပွဲရှိကြောင်း သိရသည့်အချိန်နှင့် ကျင်းပမည့်ရက်သည် တစ်ပတ်သာကွာသောကြောင့် နောက်ဆုံးတွင် စစ်မရောက်ခင် မြားကုန်နေသော တပည့်မလေးကို ကျွန်မ လက်လွှတ်လိုက်ရတော့သည်။

မိမိကိုယ်ကို ယုံကြည်မှုရှိခြင်းသည် မည်သည့်အလုပ်ပင်ဖြစ်စေ ငါးဆယ်ရာခိုင်နှုန်း အောင်မြင်ပြီးသား ဖြစ်သည်။ ယုံကြည်မှုလိုအပ်သည်ထက် ပို၍ရှိနေခြင်းမျိုးကလည်း မဖြစ်သင့်ပေ။ ယုံကြည်မှုလွန်ကဲခြင်းသည် ကျရှုံးခြင်း၏ လမ်းစဖြစ်ပေသည်။

ကျွန်မတို့ ပတ်ဝန်းကျင်၌ ယုံကြည်ချက်မရှိ၍ အောင်မြင်သင့်သလောက် မအောင်မြင်သူများ၊ ယုံကြည်ချက်ခိုင်မာ၍ တိုးတက်နေကြသူများ အများအပြား ရှိပါသည်။ ကျွန်မတို့ လူမှုပတ်ဝန်းကျင်တွင် အများဆုံးမြင်နေရသော ဖြစ်ရပ်တစ်ခုရှိသည်။ မိမိ၏ရင်သွေးများကို စိတ်တိုင်းမကျသောအခါ တခြားသူများကို အသုံးပြု၍ ခြိမ်းခြောက်ခြင်းမျိုးဖြစ်သည်။ ထမင်းမစားပါက ဗိုက်ကိုဖောက်၍ အူထုတ်မည်ဟုစခြင်း၊ မိုးချုန်း၍ လျှပ်စီးလက်သည့်အဖြစ်နှင့် ခြောက်ခြင်း၊ အမှောင်ထဲတွင် ကြောက်စရာအကောင်ပလောင်များရှိသည်ဟု လိုအပ်သည်ထက် ပို၍ ပြောဆိုခြင်းတို့ပင်ဖြစ်သည်။ ဘာကောင်မှန်းပင် အတိအကျမသိရသည့် ဒေဝေါကြီးက ပါသေးသည်။ ထိုအရာများက ကလေးငယ်စဉ်တွင် ထိန်းချုပ်၍ လွယ်ခဲ့သော်လည်း ကြီးလာသောအခါ အရာရာကို ကြောက်နေတတ်သည်။ ၎င်းတို့ ကြောက်ရွံ့သည်ကို သဘောကျ၍ ရယ်ခြင်း၊ ကြောက်လန့်စေမည့် အရာဖြင့် ခြိမ်းခြောက်ခြင်းကြောင့် ကြီးပြင်းလာသောအခါ ရှက်ရွံ့၍ လူတောတိုးရန် ဝန်လေးနေတတ်ပါသည်။ မိမိ၏ စိတ်ခံစားချက်ကိုလည်း ယုံကြည်ချက်ရှိရှိ ထုတ်ဖော်မပြဘဲ ဖြစ်တတ်သည်။ ကလေးများသည် အားလပ်ချိန်၌ ဝါသနာပါရာ တစ်ခုခုလုပ်နေတတ်ချိန် ကျောင်းစာကိုသာလုပ်ရန် ဖိအားပေးခြင်းသည် ယုံကြည်ချက်ကို ပျောက်ဆုံးစေနိုင်သည်။ ကိုယ်ပိုင်အရည်အချင်းကို ထုတ်ဖော်ပြမည့် အခွင့်အရေးလည်း ဆုံးရှုံးသွားနိုင်သည်။ သိမ်ငယ်သွားနိုင်သည်။ ၎င်းတို့သည် မိမိအာသီသများ ထုတ်ဖော်ခွင့်ရရန်အတွက် ကိုယ်တိုင်နှစ်သက်သော အလုပ်ကို လုပ်လိုကြသည်။

တစ်ရက် ကျွန်မ အင်တာနက်သုံးနေချိန် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ပုံလေးတစ်ခုတက်လာသည်။ ပုဂံတွင် ကလေးငယ်လေးတစ်ယောက် ပန်းချီကားချပ်ရောင်းနေသော ပုံလေးဖြစ်သည်။ ကလေးတစ်ယောက် ဝမ်းရေးအတွက် ပန်းချီကားချပ်ရောင်းနေခြင်းသည် မထူးဆန်းဟု ပြောမည်ဆိုက ပြောနိုင်သော်လည်း ထိုကလေးငယ်ရောင်းချနေသော ပန်းချီကားသည် ဆေးရောင်စုံ ထုံမွမ်းနေသော ပြည့်စုံသည့် ပန်းချီကားချပ်မဟုတ်ခဲ့။ မူလတန်းအဆင့် ကလေးတစ်ယောက် စာရွက်အလွတ်ပေါ် စိတ်ကူးတည့်ရာဆွဲကာ ဈေးသင့်တင့်ပေးရသော ရောင်စုံခဲတံကို အသုံးပြု၍ ခြယ်သထားသော ပုံလေး များဖြစ်သည်။ ထိုပုံလေးကို ရောင်းနေသည့်ကလေးငယ်တွင် သူ့ပုံအပေါ်ထားသည့် ယုံကြည်ချက်ကို တွေ့ရသည်။ တချို့ကလေးငယ်များ ၎င်းတို့ ရေးဆွဲထားသည့် ပုံကို လူတကာမြင်ရန် ကြောက်နေသည့်အချိန် ယခုကလေးငယ်က သူ့ပုံလေး များကို ဈေးကွက်ဝင်ရန် ကြိုးစားနေသည်။ အချို့ကလေး ယုံကြည်မှုပျောက်နေချိန် ယခုကလေးက ယုံကြည်မှုကို အရောင်တင်နေသည်။ ထိုအကြောင်းကို ကျွန်မ ကလေးများကိုလည်း မျှဝေပေးဖြစ်ခဲ့သည်။

ဆရာများ၏ အကဲဖြတ်ချက်များ၊ မိဘများ၏ သတ်မှတ်ချက်များသည် ကလေးများ၏ယူဆချက် သဘောထားအမြင်ကို ပြောင်းလဲစေနိုင်သည်။ အသုံးမကျသူများ၊ ညံ့ဖျင်းသူများဟု မသတ်မှတ်ဘဲ ကြိုးစားအားထုတ်ပါက အောင်မြင်နိုင်ကြောင်းသိစေ၍ ယုံကြည်မှုရှိလာအောင် ပြုစုပျိုးထောင်ပေးသင့်ပါသည်။ ကလေးများသည် အောင်မြင်မှုရရှိလာသောအခါ မိမိကိုယ်ကို ယုံကြည်စိတ်ရှိ၍ နောက်ထပ်ဆောင်ရွက်ရန် ကိုယ်စိတ်စွမ်းအား တက်ကြွနေပါလိမ့်မည်။ ထို့ကြောင့် မိဘများသာမက ဆရာများကပါ ကလေးများ မိမိကိုယ်ကို ယုံကြည်မှုရှိ၍ အောင်မြင်မှုများရရှိအောင် လမ်းညွှန်ပြသပေးနိုင်ပါသည်။ ယုံကြည်မှုခိုင်မာသော ကလေးငယ်များ ပေါ်ထွက်လာပါစေဟု ဆုတောင်းမိပါသည်။

## တူစုံနွဲ့ပျော် လနတ်တော်

လစန္ဒာ ရောင်ဝါလင်း
ချစ်ခြင်းတွေဝေ၊
ကြယ်စင်တွေ ဝန်းရံခ
လှပစိုပြည်။
ကမ္ဘာမြေ
သာယာစေ ငြိမ်းငြိမ်းချမ်း၊
ပန်းပေါင်းစုံ ပွင့်ကာဖူး
ကြည်နူးရွှင်လန်း။
အမြင်ဆန်း
ရွှင်လန်းပွဲ့လနတ်တော်၊
ဆောင်းဟေမန် အလည်ရောက်
နှင်းပေါက်တို့ပျော်။
စာဆိုတော်
တူဆုံနော် ပျော်သည့်ပွဲ
လောကကို အကျိုးဆက်
ပေါင်းဖက်ဆင်နွှဲ။

ထွေးထွေး(ယွန်းစလင်းမြေ)